www.burmeseclassic.com


# NYAY

## Butterfly effect



www.burmeseclassic.com

www.burmeseclassic.com




## အိပ်မက်အသစ်မှဆက်လက်ထွက်ရှိမည့်စာအုပ်များ

- ✹ ကျောင်းပေါင်း — သည်ခေတ်နေ
- ✹ ကမ္ဘာမကြေနိုင်ငံမှာလာဝင်စားတဲ့မိန်းမ — သည်ခေတ်နေ
- ✹ ငါ့တမ်းရိုးတန်းတို လာနမ်းတဲ့ မုန်တိုင်း — ညေး
- ✹ ဘာလဲဆိုတာမေးမြန်းခြင်းသည်းခံပါ — စစ်

www.burmeseclassic.com

www.burmeseclassic.com

Eainmakathit presents

Eainmakathit
38, 3rd Fl., 153rd Lane,
Tamwe Tsp., Ygn.
Ph : 551403,09 730 53 703

# NYAY

## Butterfly effect

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

- A -

“ပြောပါဦး…နောက်တော့ ခင်ဗျားဘာတွေ ဆက်ဖြစ်လဲ…”

သူ အင်တာဗျူးနေတဲ့လူက သူ မေးသမျှကို စိတ်ဝင်တစား ဖြေဆိုလိုဟန်ရှိပေမယ့် လေအလျှော့ခံထားရတဲ့ ပူဖောင်းတစ်လုံးလို ပျော့ဖတ်ဖတ်နဲ့ နုံးခွေနေတယ်…။

“အရမ်းကို ထူးဆန်းတယ်။ ကျွန်တော်အနံ့တဲ့အထဲမှာ သံတိုသံစတွေ၊ သံချောင်းတွေ ပါလာခဲ့တယ်…”

“ဖြစ်ဖြစ်ချင်း ဆေးရုံမပြေးကြဘူးလား…”

“ကျွန်တော် အုံ့အားသင့်ပြီး တုန်လှုပ်နေခဲ့တယ်။ ဟုတ်တယ်…။ ကျွန်တော်တို့ ဆေးရုံဆိုတာကို မေ့နေခဲ့ကြတယ်။ ဆေးရုံဆိုတာ ကျွန်တော်တို့လို လူဆင်းရဲတွေအတွက် ရုပ်ရှင်ရုံတစ်ရုံလိုပါပဲဗျာ…။ ငွေကြေးမပါပဲ အထဲကို ဝင်လို့မရတဲ့နေရာတစ်ခုပေါ့…”

သူ အသာအယာပြုံးလိုက်မိတယ်။

တယ်လာတဲ့ သူပဲ…။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"မောနေရင် ဖြည်းဖြည်းချင်းပြောပါ…။ နောက်တော့ရော…"

အဒီလူက ဆက်ကို မပြောနိုင်တော့ဘူး…။ အသက်ကို ခပ်မှျင်းမှျင်းကလေး ရှိုက်ရှူနေဆဲမို့ မိခင်ဖြစ်ဟန်တူတဲ့ အမျိုးသမီးကြီးက….

"သူ လုံးဝ မအိပ်ရဲတော့ဘူး…အိပ်ပျော်သွားတာနဲ့ သူ့ဆီကို မကောင်းဆိုးဝါးတစ်ကောင်ကောင် ရောက်လာတော့မယ်လို့ သူ သိနေခဲ့တယ်။ တကယ်လည်း အဲဒီအတိုင်းပဲ…။ သူ အိပ်မောကျပြီး သိပ်မကြာဘူး…။ ဂယောင်ချောက်ခြားနဲ့ ချွေးစီးတွေပြန်ပြီး လန့်နိုး…။ ဂူးဂူးဝါးဝါးတွေ အော်ဟစ်နဲ့။ နောက်တော့ သူ ဝမ်းသွားတဲ့အထဲမှာပါ သံချောင်းတွေပါလာတယ်…"

"ဒီတော့မှ ဆေးရုံပြေးကြတာပေါ့…ဟုတ်လား…"

လေလျှော့နေတဲ့ ပူဖောင်းကြီးကတော့ သူ့စကားကို ခေါင်းညိတ်ရုံသာထောက်ခံနေပြီး မိခင်ဖြစ်ဟန်တူသူက….

"ဟုတ်တယ်…။ သူ့ အဖြစ်ကို ဘယ်သူကမှ မယုံကြည်နိုင်ကြဘူး…။ အထွေထွေကုသဆောင်ကနေ စိတ်ကျန်းမာရေးအဆောင်ကို လွှဲပေးခဲ့ကြတယ်။ စိတ်ရောဂါကုဆရာဝန်ကြီးတွေ သံသယဖြစ်နေတာက သူ့ဟာသူ သံချောင်းတွေမျိုချလို့ သံချောင်းတွေ အန်၊ သံချောင်းတွေ ဝမ်းထဲကနေ ပြန်ထွက်လာတယ် ထင်နေတာ။ ပေးတဲ့ဆေးတွေကလည်း အရူးတစ်ယောက်ကို ပေးတဲ့ဆေးတွေအတိုင်းပဲ…။ သောက်ပြီး သားက



တောက်လျှောက်ကို အိပ်တာ…"

"ဟုတ်ပြီ…ဆက်ပါဦး…အဒေါ်…"

"သားကို အထူးကြပ်မတ်ဆောင်က သီးသန့်အခန်းအလွတ်တစ်ခုမှာ ထားပြီး ဆေးကုရင်းလေ့လာကြတယ်။ ဗိုက်ကိုလည်း ဓာတ်မှန်ရိုက်ကြည့်ကြတယ်။ အခြေအနေက မသက်သာဘူး။ သံချောင်းတွေ အန်မြဲ၊ ဝမ်းထဲမှာ ပါမြဲပဲ…။ ဒီသံချောင်းတွေ ဘယ်လိုဖြစ်လို့ လူ့နာဗိုက်ထဲ အမြဲလိုလိုရောက်လာကြတာလဲ…။ နောက်တော့ မှတ်ချက်တစ်စုံတစ်ရာ မပေးနိုင်ဘဲ ပြည်သူ့ဆေးရုံကြီးကို လွှဲပေးလိုက်တယ်"

"ဟုတ်ကဲ့…"

"အဲဒီလို လွှဲပေးတော့ အဒေါ်တို့ မသွားကြတော့ဘူးလေ…ဘယ် ဆရာဝန်မှ မကယ်နိုင်တော့ဘူးဆိုတာ အဒေါ်တို့ သဘောပေါက်သွားပြီ…။ ဒါနဲ့ပဲ အိမ်ပြန်ခေါ်လာခဲ့ကြတယ်"

"နေပါဦး…ဒီလို မဖြစ်ခင်တုန်းက သူ တစ်ယောက်ယောက်နဲ့ အဆင်မပြေတာမျိုး ရန်ညှိုးရန်စရှိတာမျိုး ရှိလား…"

"ရှိတယ်…သူလည်း နောက်မှ ပြန်တွေးမိပြီး အမှတ်ရသွားတာ။ အဲလိုမဖြစ်ခင် တစ်ပတ်လောက်က ဘတ်(စ်)ကားမှတ်တိုင်မှာ မိန်းမတစ်ယောက်နဲ့ ပြဿနာတက်ခဲ့တယ်တဲ့…ဖြစ်ခဲ့တာက သေးသေးမွှားမွှားလေးပါ…။ သူ့ ထမီမှာ သားကြောင့် မတော်တဆရွှံ့ဗွက်စင်သွားရင်းကနေ စ,တာ…။ ဒါဘာမှတ်နေလဲ…ငါ့အကြောင်း ကောင်းကောင်းသိစေရမယ်လို့ ပြောသွားတယ်…တဲ့"

www.burmeseclassic.com

www.burmeseclassic.com



“သြော်…”

သူ ခေါင်းတဆတ်ဆတ် ညိတ်ရင်းသာ အဒေါ်ကြီး ပြောသမျှကို နားထောင်နေမိသည်။

“ဒါ… မတရားတဲ့ ကိစ္စတစ်ခုပဲကွယ်…။ ဘုရားက လက်ပိုက်ကြည့်မနေပါဘူး။ သားအကြောင်းကို လူတွေတော်တော်များများသိသွားပြီး အဒေါ်တို့အိမ်ကို ဘုန်းတော်ကြီးတစ်ပါး ကြွလာခဲ့တယ်…။ ဖန်ခွက်ထဲကို ရေသန့်သန့်ထည့်ခိုင်းပြီး ပရိတ်ရွတ်ပြီး သားကိုသောက်ခိုင်းတယ်…။ အဲဒီကစပြီး သားအခုလို ပြန်ကျန်းမာလာခဲ့တာ…”

“ခင်ဗျာ…။ ရေ…”

◆ ◆ ◆

- B -

သူ့နာမည်က အံ့မခန်းပါ…

လူငယ် ဘတ်(စ်)ဆဲလား စာရေးဆရာလေး ဆိုပါတော့…။

တစ်ခါတရံ ပေါက်တတ်ကရ လုပ်တတ်တာလေးတွေ ဘာလွဲရင် သူ့လုပ်ရပ်တိုင်းဟာ နာမည်နဲ့လိုက်အောင် အံ့မခန်းပါပဲ…။

“ငတ်လို့ စာအုပ်လိုင်းထဲဝင်လာတာ မဟုတ်ဘူး…။ ပျော်လို့ ဝင်လာတာ…”

ကဲ…အဲဒီ စကားကိုသာ ကြည့်…။

တကယ်လည်း သူက လူရည်သန့် ခေတ်ပညာတတ် သူဌေးသား…။ တက္ကသိုလ်ရိပ်သာလမ်းထဲမှာ ခြံနဲ့ဝန်းနဲ့နေပြီး…။ ဘာ ဟိတ်ဟန်၊ ဘာစတိုင်မှ မထွားဘဲ (ဆိုက္ကားဆရာတစ်ယောက် သူ့ဆိုက္ကားကို အေးအေးလူလူနင်းနေသလိုမျိုး) Mark X တို့ Crown Majaster တို့ကို ဆိုက္ကားလောက် သဘောထားပြီး စီးနေတဲ့သူ…။

www.burmeseclassic.com

www.burmeseclassic.com



စာအုပ်လိုင်းထဲမှာ သူ့ကို မျက်မှန်းကျိုးနေတဲ့ သူတွေလည်း ရှိချင်ရှိပေမပေါ့။ ဒါပေမဲ့ သူကတော့ အားလုံးကို မျက်မှန်းကောင်းလျက်ပါပဲ...။

သူရေးတဲ့ လိုင်းက အပျော်ဖတ်လိုင်းတော့ မဟုတ်ဘူး..။

တစ်ခါတရံလည်း မော်ဆန်ဆန်၊ ဂန္ထာရီဆန်ဆန် ရင်ဖိုလှိုက်ဖွက်ဆန်းကြယ်...။ တစ်ခါတရံလည်း သင်္ချာကိန်းဂဏန်း၊ ရူပဗေဒသဘောတရားများနဲ့ သရော်လှောင်ပြောင်စာတွေ...။

သူရေးခဲ့တဲ့ ဝတ္ထုတွေ ကောင်းသည်။ ညံ့သည် ရှိကောင်း ရှိနိုင်ပေမယ့် ဝတ္ထုတစ်အုပ်အပေါ်မှာ သူဘယ်လောက်အားစိုက်ရေးသလဲဆိုတာ ပရိသတ်က သိသည်။ ဒါ့ကြောင့်လည်း အချိန်တိုတိုလေးအတွင်းမှာ နာမည်တစ်လုံး ရခဲ့သည်။

စောစောက ပြောတဲ့ ပေါက်တတ်ကရ လုပ်တတ်တာလေးတွေက လွှဲရင်ဆိုတာကလည်း ဒီလိုပါ...။

စာရေးဆရာတော်တော်များများက ပြည်တွင်းဈေးကွက်ကို ချိန်ရွယ်ပြီး ဝတ္ထုတွေရေးနေချိန်မှာ...သူက ဟောလိဝုဒ်ကို ချိန်ရွယ်ပြီး ဝတ္ထုတွေရေးသည်။ အုပ်တိုင်းတော့ မဟုတ်...။ တစ်အုပ်စ...နှစ်အုပ်စ...။

နောက်...သူ့ဘာသာ ငွေကြေးစိုက်ထုတ်ပြီး ဘာသာပြန်ဆရာနှင့် တစ်အုပ်လုံး အင်္ဂလိပ်လိုပြန်ဆိုကာ၊ ဇာတ်လမ်းကို ချုံ့ပြီး အီးမေးကနေတစ်ဆင့် ဟောလိဝုဒ်ရုပ်ရှင်ကုမ္ပဏီကြီးများသို့ ပြကြည့်နေသည်။



ဒီအကြောင်းကို သူ ဘယ်သူ့ကိုမှ အသိမပေးသေး..။ ကြိတ်လှုပ်ရှားနေသည် ဆိုပါတော့...။

အခုအချိန်အထိတော့ အဆိုပါ ရုပ်ရှင်ကုမ္ပဏီကြီးများဆီမှ...

"လူကြီးမင်းရဲ့ ကြိုးစားမှုကို ဂုဏ်ယူအသိအမှတ်ပြုပါတယ်။ ထပ်ပြီး ကြိုးစားစေချင်ပါသေးတယ်.." ဆိုတဲ့ မှတ်ချက်တွေပဲ သူ ရနေသေးသည်။

အံမခန်းဆိုတဲ့ကောင်က ဘာကိုမှ ဂရုစိုက်တာမဟုတ်။

ပြောပြီးပြီပဲ...။ တော်လို့ ဝင်လာတာ မဟုတ်ဘူး..။ ပျော်လို့ ဝင်လာတာပါဆိုမှ...။

မနေ့က ကိစ္စပဲကြည့်...။

ထုတ်ဝေသူလည်းဟုတ် သူငယ်ချင်းလည်းဟုတ်တဲ့ အတာမောင်မောင်က မြို့စွန်ရပ်ကွက်တစ်ခုမှာ အရမ်းထူးဆန်းတဲ့ကိစ္စတစ်ခု ဖြစ်နေကြောင်း သူ့ကို ပြောသည်။

ဒါနဲ့ သူရောက်သွားခဲ့ရခြင်း ဖြစ်၏။

ဟိုရောက်တော့ သူ ထင်ထားတဲ့အတိုင်း တောရွာတွေမှာသာ ဖြစ်လေ့ဖြစ်ထရှိပြီး မြို့ကြီးပြကြီးမှာ ဖြစ်ခဲလှသည့် ကိစ္စတစ်ခုကို သူ စစ်စစ်မြစ်မြစ် ခြေရာခံနိုင်ခဲ့လေသည်။

ဘာမဟုတ်တဲ့ ရန်ငြိုးရန်စ ပြဿနာလေးက အစပြုပြီး လူတစ်ယောက် အပင်းသွင်းခံလိုက်ရသည်။

သူ စာရေးဖို့ ကုန်ကြမ်းတွေ ရလာပြီ...။

ဒီကိစ္စမှာ အဓိကကျသွားတဲ့ သူက ဘယ်သူလဲ...။

www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်ကြီးတွေလား··။ ဘုန်းတော်ကြီးလား···။

"ရေ"···ပါ။

ဘုန်းတော်ကြီး ပရိတ်ရွတ်ပြီး မန်းမှုတ်ပေးလိုက်တဲ့···ရေ···။ တစ်နည်း···Water···။

သူ ခေါင်းကို တဆတ်ဆတ်ညိတ်ရင်း စာအုပ်စင်မှ စာအုပ်တစ်အုပ်ကို ဆွဲထုတ်လိုက်သည်။

ဒေါက်တာ မာဆာရူအီမိုတို(Mr. Masaru Emoto)ရေးတဲ့ ရေမှသတင်းစကား(The message fram water) စာအုပ်··။

* * *

- C -

"အစ်ကိုလေး···အောက်ထပ်မှာ ဧည့်သည်ရောက်နေတယ်···"

"ဘယ်သူတုံး··"

"ဟို···အစ်ကိုလေးတို့ ခေါ်···ခေါ်နေတဲ့ အမိတာဘဂျမ်းဆိုတဲ့ လူ···"

"သြော်···အေး··အေး··"

အတာမောင်မောင် သူ့ဆီရောက်လာတာကိုး···။ စာဖတ်ကောင်းနေပါပြီဆိုမှ သင်းက တမျောက်···။

ဒီကောင်က အံ့မခန်းဆိုတဲ့ သူ့ကို လူရှေ့သူရှေ့ရောက်ရင် ရှရွှတ်ခန်းတို့ စလေမန်ခန်တို့ ကုလားမင်းသားနာမည်တွေပေးပြီး စ တတ်၊ နောက်တတ်သည်။

"ဒီကောင်က ကိုယ့်စာအုပ်တိုက်က ထွက်နေတဲ့ ဘတ်(စ်)ဆဲလား စာရေးဆရာရှရွှတ်ခန်း···အဲ···အဲလေ··အံ့မခန်းလေ···။ ရုပ်ကလည်း ရှရွှတ်ခန်းလို ခပ်ဖြောင့်ဖြောင့် ဘော်ဒီကလည်း စလေမန်ခန်းလို ခပ်တောင့်တောင့်၊ သူ့စာအုပ်တွေက

www.burmeseclassic.com

www.burmeseclassic.com



လည်း လျှို့ဝှက်ဆန်းကြယ်၊ အကြမ်း၊ အရမ်းတွေနဲ့ အရမ်းကောင်းတာ…အဟဲ…အဟဲ…”

သူ နှာဘူးထနေတဲ့ ကောင်မလေးတွေရှေ့ရောက်ရင် လူကို ပေါတောတောဇာတ်သွင်းပြီး သူ့ကိုသူ မင်းသားနေရာ ဝင်ဝင်လုတတ်သေးသည်။

သေချင်းဆိုး ကာလနာ မြွေပွေးကိုက်က ကိုယ့်ကို ဒေးဗစ်ဘက်ခမ်းလို့တော့ ယောင်လို့မှ မခေါ်…။

ဒါနဲ့ ကိုယ်လည်း ဒင်းကို သောက်မြင်ကပ်သွားပြီး ဒင်းနှာမည် အတာရဲ့ကြားမှာ မီတစ်လုံးကပ်ထည့်လိုက်ပြီး နောက်က မောင်မောင်ကို ဖြုတ်ချကာ ဘဂျမ်းနှင့်လဲလှယ်၍ အမီတာဘဂျမ်းဟု ပြောင်းလဲခေါ်ဆို လိုက်လေတော့သည်။

နှာမည်ကြီးထုတ်ဝေသူနဲ့ နှာမည်ကြီး စာရေးဆရာ‥။

အတာမောင်မောင်နဲ့ အုံ့မခန်း…။

အင်း…အမီတာဘဂျမ်းနဲ့ ရှုရွတ်ခန်း…။

နှစ်ယောက်စလုံးက လူချမ်းသာ၊ လူငယ်လေးများ ဖြစ်နေကြသည်မို့ ကိုယ်ထင်ရာ ကိုယ်စွတ်လုပ်ကြရင်း အောင်မြင်မှုနယ်ပယ်အသီးသီးသို့ ရောက်နေကြပြီ…။

စိန်ခေါ်မှုနဲ့ ဖိအားတွေကတော့ ရှိနေဆဲ…။

“ဟိတ်ကောင်ကြီး…ငြိမ်လှချည်လား…အခန်းအောင်းပြီး ဘာတွေလုပ်နေတာလဲ”

“ဘာလုပ်ရမှာလဲ…စာဖတ်နေတာပေါ့ကွ…”

“အင်း…စာရေးဆရာ…။ နှာမည်လေးသာ လှတာ



‥။ လွယ်တော့ မလွယ်ဘူး…။ ဖင်မှိုတက်တဲ့ အလုပ်တွေ…”

“ဖောက်လာပြီ…။ ငါ တီးထည့်လိုက်ရ…။ အေး‥ ဟုတ်တယ်ယော။ ငါတို့က ဖင်မှိုတက်တာ။ မင်းတို့ကျတော့ သူများဖင်တက်တဲ့မှိုကို ခွာရောင်းပြီး စီးပွားရှာနေကြတာ‥။ ထပ်ပြောလိုက်ရင် မင်းတော့ပိုနာတော့မယ်”

သူ့စကားကြောင့် အမီတာဘဂျမ်းက အူလှိုက်အသည်းလှိုက် ရယ်မောသည်။

နှစ်ယောက်သားပေါင်းပြီး ပန်းခင်းကြီးထဲတော့ ပြေးမကဖြစ်ကြ… နောက်တော့မှ…။

“စာရေးဆရာတွေများ…စကားကို နိုင်အောင်လုပြောလို့ကို မရဘူး‥။ ဒီလို ငခန်းရေ…မင်းဆီငါလာတာ သတင်းကောင်းပြောဖို့ လာတာ။ မင်းစကားအတိုင်းပြောရမယ်ဆိုရင် မင်းဖင်မှာကပ်နေတဲ့ မှိုကို ဒုတိယအကြိမ်ခွာမလို့…။ အဟေး‥”

“ဟော…”

သူ ပြောလိုက်တော့မှပဲ…ကိုယ့်မှာ ထိုင်ရာကနေထပြီး ပုဆိုးတင်းတင်းဝတ်ရတော့မယ်ပုံ…။ ပြောလို့ရတာ မဟုတ်ဘူး…။ ကိုယ့်သူငယ်ချင်းအကြောင်း၊ ကိုယ်သာအသိဆုံး…။ ပိုက်ဆံများရမယ်ဆိုလို့ကတော့ အမီတာဘဂျမ်းက သူငယ်ချင်းပုဆိုး အတင်းဆွဲချွတ်ဆိုရင်တောင် ပြေးချွတ်မယ့်ကောင်…။

“ဒီလို…ဒီလို‥ငခန်းရ…။ အခု ငါတို့လေးလော

www.burmeseclassic.com

www.burmeseclassic.com



လတ်လတ်ဖြန့်နေတဲ့ မင်းရေးတဲ့စာအုပ်က အရမ်းရောင်းရတယ်။ တစ်ပတ်တည်းနဲ့ စောင်ရေကုန်သွားပြီ··။ အဲဒါ နောက်ထပ် စောင်ရေ တစ်ထောင်ထပ်ရိုက်ပြီး ဖြန့်မလို့ မင်းကိုလာပြောတာ···"

ဒီလိုကျတော့လည်း ကိုယ် တယုတယစိုက်ပျိုးထားတဲ့ အပင်လေးက အသီးအပွင့်တွေ ဝေဝေဆာဆာထွက်လာတယ်ဆိုတော့ ကြည်နူးရပြန်သည်။

ထုတ်ဝေသူနဲ့ စာရေးဆရာ ဒီလိုပဲ စကားတွေပြောလာကြရင်း၊ အမိတာဘဂျမ်းက သူ သတင်းပေးခဲ့တဲ့ မြို့စွန်ရပ်ကွက်က လူတစ်ယောက်အကြောင်း မေးလာသည်။

သူလည်း သူ သိခဲ့ရသလောက် ပြန်ပြောပြရင်း··။

"ဒီနေရာမှာ စကားကြုံသွားလို့ပါ···။ မင်းကို ငါ "ရေ"အကြောင်း ပြောပြမယ်"

"ဟင်···ရေ···"

"အေး···လေ··"

"ရေ ဆိုတာ Water လား···"

"ဟုတ်ပါတယ်ဟ···"

"Water ဆိုတာ ငါတို့အရက်ထဲ ရောရောသောက်နေတဲ့ ဟိုက်ဒရိုဂျင်နှစ်ဆ၊ အောက်ဆီဂျင် တစ်ဆ ဒြပ်ပေါင်းကို ပြောတာနော်···"

"ငါ့နှယ်နော်···မင်း ရုပ်တည်ကြီးနဲ့ ချ,လာခဲ့တာလား"



"ချမလာခဲ့ပါဘူး···ရေအကြောင်း ပြောပြမယ်ဆိုလို့ပါ···။ ရေများ ဘာထူးဆန်းတာမှတ်လို့"

"အိုကေ···။ ငါတို့ စကားပြောလို့ကောင်းသွားပြီ··။ ရေအကြောင်းမပြောခင်၊ ဝတ္ထုတစ်အုပ်မရေးခင် ငါ ဘယ်လို ဓာတ်လမ်း၊ ဓာတ်ကွက်တွေ စပြီး ပြင်ဆင်သလဲဆို တာ မင်းကို အရင်ပြောပြမယ်···"

"ဒါမျိုးတော့ လာထား···။ နားထောင်တယ်···။ မင်း နယ်မြို့တွေသွားပြီး စာရေးတဲ့အချိန်၊ ငါ့ကို သတင်းထောက်တွေက မင်းအကြောင်း လာ အင်တာဗျူးကြရင် ငါ ဘာပြန်ဖြေလို့ ဖြေရမှန်းမသိဘူး···။ ဒီတစ်ခေါက်တော့ ငါ recording ပြန်ဖွင့်ပြလိုက်မယ်။ အိုကေ···ပြောတော့၊ ဟိတ်ကောင်··"

အမိတာဘဂျမ်းက သူပြောမယ့်စကားကို ဟမ်းဖုန်းမှ ရီကောဒင်း ခလုတ်နှိပ်၍ မှတ်တမ်းတင်နေလေတော့သည်။

ဒီလိုကျတော့လည်း ဗရွတ်ရွတ်နောက်ကနေ အတည်ပေါက်ကြီးတွေ ပြန်ဖြစ်သွားကြသား···။

"ဝတ္ထုရေးနည်း မျိုးစုံရှိတယ်ကွ··။ အချစ်ဝတ္ထု၊ ဘဝသရုပ်ဖော် ဝတ္ထု၊ ဟာသဝတ္ထု···အစုံပေါ့ကွာ···။ သိပ်ကျယ်ပြန့်တယ်··။ အများကြီး လျှောက်ပြောနေရင် မင်းလည်း နားအူသွားလိမ့်မယ်။ ငါလည်း အမြုပ်ထွက်လာလိမ့်မယ်···"

"အမြုပ်က···ဒီကပြန်မှ···ငါတို့ တစ်နေရာမှာ သွားထွက်ကြမယ်လေကွာ···"

"ဘယ်သွား ထွက်မှာလဲ···"

www.burmeseclassic.com

www.burmeseclassic.com



“ဘီယာဆိုင်…အပီး…”

“အရေးထဲ လင်းတက ခွေးသေပုပ်ကောင် တွေ့နေသေးတယ်..”

“တော်ပါတော့ စာရေးဆရာရယ်…။ ရှစ်ကြီးခိုးပါရဲ့…။ ပြောမှာဆက်ပြောတော်မူပါ”

“တခြား စာရေးဆရာတွေကို ငါ မပြောလိုဘူး…။ ငါရေးတာကျတော့ method နဲ့ရေးတာ..။ နည်းလမ်းတကျ ရေးတာ…။ မင်းလည်း ငါ့ဝတ္ထုတွေ ဖတ်နေတာပဲ…။ သတိထားမိပါလိမ့်မယ်…။ နံပါတ်တစ်က…show the problem…။ ပုစ္ဆာတစ်ပုဒ် (ပြဿနာတစ်ခု)ကို လှလှပပ တင်ပြတယ်…။ နှစ်က Finding the solution တွက်ချက်ပုံအဆင့်ဆင့်ကို ပရိသတ် စိတ်ကျေနပ်လောက်အောင် ရှာဖွေပြတယ်။ သုံးက clue…။ သဲလွန်စတွေ။ နိမိတ်ပုံတွေ ညှပ်ညှပ်ထည့်တယ်။ လေးက Answer:။ ဝတ္ထုပြီးခါနီးမှာ အဖြေထုတ်ပေးလိုက်တယ်…။ ငါးကတော့ အရမ်းအရေးကြီးတယ်။ key လို့ ခေါ်မှာပေါ့…။ သော့ချက်ဆိုပါတော့…။ Answer ထွက်လာအောင် ဘယ် key နဲ့ ဖွင့်လိုက်တယ် စသဖြင့်ပေါ့…”

“နားထောင်လို့တော့ အကောင်းသား…။ ဒါ့ကြောင့်လည်း မင်း ဘတ်(စ်)ဆဲလား ဖြစ်နေတာကိုး…”

“အဲဒီ ငါးခုက ကျိုးကြောင်းဆီလျော်မှ ဝတ္ထုတစ်အုပ် အဖြစ် ချရေးလို့ရတာ။ ဒါပေမဲ့ အဲဒီငါးခုဟာ ဘယ်တော့မှ အစဉ်လိုက် မရတတ်ဘူး။ တစ်ခါတလေ သုံးကနေအရင်စရ



တယ်။ တစ်ခါတလေ နှစ်၊ တစ်ခါတလေ လေးဆိုပါတော့ ကွာ…”

“အင်း…ဆက်ပါဦး…”

“မင်း ကျေးဇူးကြောင့် ငါ အဲဒီနေရာကို ရောက်သွားတော့ ဝတ္ထုရေးဖို့ ကုန်ကြမ်းရလာခဲ့တယ်…။ ဒီတစ်ခါရလာတာက နံပါတ် ငါး…”

“key ကို ရလာခဲ့တာပေါ့…ဟုတ်လား…”

“ဟုတ်တယ်…key ကို စ,ရလာခဲ့တယ်…။ ဒီ key နဲ့ လိုက်ဖက်မယ့် တစ်၊ နှစ်၊ သုံး၊ လေးတွေကို ငါပြောင်းပြန်ပြန်ပြီး စဉ်းစားရလိမ့်မယ်…”

“ကောင်းပြီ သူငယ်ချင်း…လုံးဝကြိုက်သွားပြီ…။ ရေးသာရေး…။ ဒီတစ်ခါလည်း မင်းရေးတဲ့ ဝတ္ထုက ပေါက်ဦးမှာပဲ…။ ဒါနဲ့ မင်းအခု ရလာခဲ့တဲ့ key ကို ငါသိလို့ရမလား…။ ဟိတ်ကောင်…ဒီ ထုတ်ဝေသူနဲ့ ဒီစာရေးဆရာ…။ တစ်ယောက်နဲ့တစ်ယောက် မယုံကြည်စရာ မရှိဘူးနော်…။ ခေန်း… ငါ နှုတ်လုံတာ မင်းအသိ…”

“မလိုဘူး…ဟိတ်ကောင်…။ ဒီခေတ်က နည်းပညာတွေ ရောင်းစားတဲ့ခေတ်။ အရင်လိုနည်းပညာကို လျှို့ထားတဲ့ခေတ် မဟုတ်ဘူး..။ ငါ စာအုပ်လိုင်းကို ဝင်လာတာ အမြုထည် သန့်သန့်နဲ့ ဝင်လာတာ…။ ဘာမြှုပ်ကွက်မှ မရှိဘူး။ လိုအပ်ရင် နည်းပညာတွေ အလကားဖြန့်ပေးဦးမှာ…။ အခုလည်း online ကနေ ဝတ္ထုဘယ်လိုရေးရမလဲ မေးလာတဲ့

www.burmeseclassic.com

www.burmeseclassic.com



ရှက်ပုန်းသီးတွေကို ငါ သိသလောက် ပြန်ဖြေပေးနေကြ…။ ပင်လယ်ရေဆိုတာ ဘယ်သူသောက်သောက်ကွ။ ပေးတတ်ရင် စေတနာဟာ ကံအဖြစ်နဲ့ ကိုယ့်ဆီပြန်လာတတ်တယ်"

"လက်လန်ပါတယ် စာရေးဆရာရယ်…။ လက်လန်ပါတယ်…။ မင်းစိတ်ဓာတ်ကိုလည်း ချီးကျူးတယ်…။ ကဲ ‥ပြောစမ်းပါဦး…။ အခု ရေးမယ့်ဝတ္ထုအတွက် မင်းရလာတဲ့ key ကိစ္စ…"


"water…မင်းစောစောက ပြောတဲ့ အရက်နဲ့ရောတဲ့ …ရေ"

"လင်းစမ်းပါဦးကွာ…"


သူက ဒေါက်တာ မာဆာရုအီမိုတို ရေးတဲ့ The message from water စာအုပ်ထဲက ပုံတချို့ကို ထုတ်ပြလိုက် သည်။

အမိတာဘဂျမ်း မျက်လုံးပြူးသွားလေတော့၏။

ခံစားတုန့်ပြန်နိုင်စွမ်းရှိသော ရေ ပုံဆောင်ခဲများ




ရေ ရဲ့ မူလပုံဆောင်ခဲ



တေးသံများနားထောင်ပြီး
ပြောင်းလဲသွားတဲ့ ရေရဲ့ ပုံဆောင်ခဲ






မင်းငါ့ကို နာကျင်စေအောင် လုပ်တယ်..မင်းကိုငါသတ်မယ်



ဟစ်တလာ



မာသာ ထရီဇာ

www.burmeseclassic.com

www.burmeseclassic.com



- D -

"မင်းအခုကြည့်နေတဲ့ ပုံကလေးတွေက ရေရဲ့အသေးငယ်ဆုံး အစိတ်အပိုင်း၊ ရေပုံဆောင်ခဲလေးတွေပါ…။ လက်တွေ့ စမ်းသပ်ကြည့်လို့ရတယ်။ ဒါပေမဲ့ မင်းမှာ အနုကြည့်မှန်ပြောင်းတော့ ရှိဖို့ လိုတာပေါ့…"

"မင်း ပြောတာနဲ့တင် လုံလောက်ပါတယ်….ဆက်ပြောပါဦး…"

"ဒီလိုကွ…။ ရေဟာ လူတွေလိုပဲ ခံစား၊ တုန့်ပြန်နိုင်စွမ်းရှိတဲ့ မျက်နှာပြင်ရှိတယ်။ ဆိုပါစို့..။ ပေါင်းခံရေရဲ့ ပုံဆောင်ခဲတစ်ခုကို မှတ်တမ်းတင်ထားလိုက်…။ ပြီးရင် အဲဒီရေရှေ့မှာ သီချင်းတစ်ပုဒ် ဒါမှမဟုတ်လည်း သာယာနာပျော်ဖွယ်ကောင်းတဲ့ တေးသွားတစ်ပုဒ်ကို ဖွင့်ပြီးပုံဆောင်ခဲတစ်ခုကို မှတ်တမ်းတင်လိုက်…။ အဒီပုံဆောင်ခဲနှစ်ခုဟာ မတူတော့ဘူး။ သီချင်းသံကြားပြီးတဲ့ ရေရဲ့ပုံဆောင်ခဲဟာ နဂိုမူလပုံဆောင်ခဲထက် ပိုလှလာတယ်"။



"ဟင်…"

"ဟော…ဒီမှာကြည့်…"

အံ့မခန်းက သီချင်းနားမထောင်ခင်နှင့် နားထောင်အပြီး ရေပုံဆောင်ခဲများ ပြောင်းလဲသွားသော ဓာတ်ပုံကို ပြသလိုက်ရာ…

"ဟာ…"

အံ့မခန်း ပြတဲ့ပုံနှစ်ပုံကို ကြည့်ပြီး အမီတာဘဂျမ်းတို့ လုံးဝကျွတ်ထွက်သွားရချေပြီ..။

"ဒီလိုပဲ…ငါမင်းကို ချစ်တယ်..တို့၊ အချစ်ကို တန်ဖိုးထားပါတယ်တို့၊ ကျေးဇူးတင်ပါတယ်…တို့ စကားတွေကြားပြီးတဲ့ရေရဲ့ ပုံဆောင်ခဲဟာ အရမ်းကိုလှသွားတယ်။ ဟောဒီမှာကြည့်…ဟိတ်ကောင်…"

အံ့မခန်းပြသော ပုံဆောင်ခဲဓာတ်ပုံများကို ကြည့်ပြီး အမီတာဘဂျမ်းက…

"အေး…ဟုတ်တယ်ဟ…။ မင်းကွာ…ပေါက်တီးပေါက်ရှာ…"

"ခပ်ကြမ်းကြမ်းစကားတွေ ကြားပြီးတဲ့ ရေရဲ့ပုံဆောင်ခဲဟာလည်း စောစောကပုံဆောင်ခဲတွေလို ချစ်စရာမကောင်းဘဲ ကြမ်းကြုတ်တဲ့အသွင်ကို ဆောင်တယ်။ ဟောဒီမှာ..

အမီတာဘဂျမ်း ခေါင်းတဆတ်ဆတ်ညိတ်ရုံမှ တပါးအခြားမရှိတော့။

"ကုန်ကုန် ပြောမယ်ကွာ…။ အဒေါ့(ဖ်)ဟစ်တလာ

www.burmeseclassic.com

www.burmeseclassic.com



လို့ အပြောခံရတဲ့ရေနဲ့ မာသာထရီဇာလို့ အပြောခံရတဲ့ရေရဲ့ပုံဆောင်ခဲ နှစ်ခဲဟာလည်း ကြောက်မက်ဖွယ်ရာနဲ့ ချစ်စရာအသွင်အပြင် နှစ်မျိုးကွဲကွာသွားတယ်...။ ဟောဒီမှာ...''

''ဘုရား...ဘုရား...''

ဘဂျမ်း..ရေလည်း ကျွတ်နေသည်။

''ပရိသတ်လည်း ဗဟုသုတရအောင်...။ ငါ့ရဲ့ ရေးဟန်လေးလည်း အသွင်ဆန်းသွားအောင် အခုရေးမယ့်ဝတ္ထုကျရင် လူသတ်ကောင်တွေ၊ တစ္ဆေသရဲတွေ၊ မှော်ပညာတွေထည့်ရေးမယ်ကွာ...။ ပြဿနာရဲ့ အဖြေကို ရေ( Water )နဲ့ အဖြေရှာမယ့် စာအုပ်ပေါ့။ ကဲ...စကားပြောရတာ ငြီးငွေ့ပြီ...ဘယ်လစ်ရရင် ကောင်းမလဲ ဟိတ်ကောင်..''

''မင်းပြောတဲ့ ရေပုံဆောင်ခဲလေးတွေ ဗိုက်ထဲထည့်လို့ရမယ့်နေရာ...''

''ဟား...ဟား...ဟား..အိုကေ..အိုကေ...''

ဒီလိုနဲ့ သကောင့်သားနှစ်ယောက် စကားကြီးစကားကျယ်တွေ ပြောအပြီးမှာတော့ အတိုင်အဖောက်ညီညီပင် ဘီယာဆိုင်သို့ ချီတက်သွားကြလေတော့သည်။

ဗိုက်ထဲသို့ အရည်ရဲ့ ပုံဆောင်ခဲများသာမက အကင်ပုံဆောင်ခဲတွေ၊ အာလူးကြော်၊ ကန်စွန်းရွက်ကြော်၊ သီဟိုဠ်စေ့ပုံဆောင်ခဲတွေပါ ပျော်ပျော်ကြီး ထည့်ပစ်လိုက်ကြလေတော့၏။

* * *

- E -

ဇာတ်လမ်းက အခုမှ စပါသည်။

တိတိကျကျ ပြောရပါမည်ဆိုပါလျှင် အမီတာဘဂျမ်းနဲ့ ဘီယာဆိုင်သွားပြီး ပြန်အလာ ညဦးသန်းခေါင်လောက်ကျမှ လူမှုကွန်ယက်တစ်ခုကို အသုံးပြုရင်းကနေ စတင်ခဲ့ပါသည်။

''အံ့မခန်း...မင်းစာအုပ်တွေက မင်းရဲ့ပညာအကုန်ပဲလား...။ သူများကို ညာလို့ရပေမယ့် ငါ့ကိုတော့ ညာလို့မရဘူး...ရွှေဥခေါင်းတို့ ဒဂုန်ရွှေမျှားတို့ ဘာသာပြန်စာအုပ်တွေကို ဟိုဟာနည်းနည်း၊ ဒီဟာနည်းနည်းခိုးချပြီး ရေးထားတာလား ဒီပုံစံအတိုင်းသွားရင် မင်းကလောင်ပျောက်သွားလိမ့်မယ်...။ ကြိုးစားပါကွ...။ မင်းကို စောင့်ကြည့်နေတယ်။ လက်ခုပ်တီးဖို့ လက်နှစ်ဖက် မြှောက်ပေးထားတယ်။ ဒါပေမဲ့ မတီးဖြစ်သေးဘူး...''

ဘာလဲဟ...။

စော်စော်ကားကားကြီး...။

ကိုယ်ကျင့်သိက္ခာကို စော်ကားပြီး ကိုယ့်ရဲ့ Wall မှာ

www.burmeseclassic.com

www.burmeseclassic.com



လာရေးသွားတဲ့ comment တစ်ခု…။

Notification ကို သေသေချာချာကြည့်လိုက်တော့ ထူးခြားချက်တစ်ခုကို တွေ့လိုက်ရသည်။

အဲဒါကတော့ ကိုယ့်ရဲ့ profile မှာရော၊ fan page နဲ့ လောလောလတ်လတ် ထွက်ထားတဲ့ ဝတ္ထုစာအုပ်ရဲ့ cover post မှာပါ ဒီ comment ကို သုံးခါတိတိ လာရေးသွားသည်။

အကောင့်ပိုင်ရှင်ရဲ့ နာမည်က Gentle Z…တဲ့။

သူစွပ်စွဲထားသလို ဟုတ်နေခဲ့ရင်တော့ တစ်မျိုးပေါ့… အခုဟာက ဟုတ်မှမဟုတ်ဘဲ…။

ဒါနဲ့ သူလည်း Gentle Z ရဲ့ comment (မှတ်ချက်) အောက်မှာပဲ စာပြန်ပေးလိုက်သည်။

"ခိုးချထားတယ်လို့ မင်းစွပ်စွဲချင်ရင် ဘယ်စာမျက်နှာ၊ ဘယ်စာပိုဒ်၊ ဘယ်အဖွဲ့အနွဲ့စသဖြင့် တိတိကျကျ မင်းပြောပြနိုင်ရမယ်…။ သာမန်ရေးရိုးရေးစဉ်ကနေ ဖောက်ထွက်လာခဲ့တာနဲ့ပဲ အစဉ်အလာကြီးတဲ့ စာရေးဆရာကြီးတွေရဲ့ ဝတ္ထုကို ခိုးချတယ်လို့တော့ မစွပ်စွဲပါနဲ့…။ မင်းပြောသလို ဟုတ်နေခဲ့ရင်တော့ တစ်မျိုးပေါ့ကွာ…။ ကလောင်ပျောက်ခြင်း၊ မပျောက်ခြင်းက ငါနဲ့ပဲဆိုင်တာပါ…။ အောင်မြင်ခြင်းပဲလာလာ၊ ရှုံးနိမ့်ခြင်းပဲလာလာ ဘယ်အရာကိုမှ အံ့မခန်း မတုန်လှုပ်ဘူး…။ စာဖတ်ပရိသတ် တစ်ကယ်စစ်တယ်ဆိုရင် ဝေဖန်မှုဟာ ရိုးသားရတယ်..။ လက်ခုပ်မတီးဖြစ်ဘဲ မြှောက်ထားရတဲ့မင်းရဲ့လက်နှစ်ဖက်ကို အောက်သာချလိုက်ပါ…။ ညောင်းနေလိမ့်မယ်.."

စာရေးဆရာတစ်ယောက်အနေနဲ့ ပရိသတ်ရဲ့ တုန့်ပြန်မှု



အမျိုးမျိုးကို ရင်ဆိုင်ခဲ့ရဖူးသည်။

"အစ်ကို့ဝတ္ထုတွေက ခေါင်း စားလွန်းတယ်ဗျာ။ မကြိုက်ဘူး…"ဆိုတာမျိုး။

"ပေါ့ပေါ့ပါးပါးလေးတွေ ရေးပါဦးဗျာ…။ ဖတ်တိုင်း အရမ်းကို စဉ်းစားရလွန်းတယ်"ဆိုတာမျိုးတွေ…။ အားလုံးကို နားလည်သဘောပေါက်သည်။ လူအမျိုးမျိုး စိတ်အထွေထွေပဲလေ။

ဒါပေမဲ့ Gentle Z လိုတော့ သိက္ခာထိပါးတဲ့ comment မျိုးတွေ သူရမလာဖူး။ ဒီတော့လည်း သူရင့်…။ ကိုယ်ရင့်…ပေါ့…။

သူ Reply ပြန်ပြီးပြီးချင်းမှာပဲ Gentle Z ရဲ့ comment အသစ်တစ်ခုက ယခုလို တက်လာပြန်သည်။

"ပရိသတ်ရဲ့ ဝေဖန်မှုကို ခွန်းတုံ့မခံပြန်ပြောတဲ့ မင်းရဲ့ တုန့်ပြန်မှုက ရိုင်းစိုင်းလှချည်လား အံ့မခန်း…။ ဘဝင်မြင့်နေတာလား…။ အောင်မြင်မှုကို မတုန်လှုပ်ဘူးပြောချင်ရင် မင်းအဲဒီ အောင်မြင်မှုကို ရဖို့လိုသေးတယ်။ ရနေပြီလား…။ ငယ်ပါသေးတယ်။ စာများများ ဖတ်ပါဦး…။ စီနီယာကြီးတွေကို လေ့လာလိုက်ပါဦး…။ ဖြတ်၊ ညှပ်၊ ကပ်တွေ လုပ်နေမယ့်အစား စု၊ တု၊ ပြုတွေလုပ်လိုက်ပါဦး…။ မင်းအတွက် အချိန်မီပါသေးတယ်။ စေတနာနဲ့ အကြံပေးလိုက်တာ…။ ဟုတ်ပြီလား.."

ဟာ…။ ဘလိုင်းကြီးပါလား…။

ဒီကောင်…ဘယ့်နှယ့်ဟာတုန်း….။

www.burmeseclassic.com

www.burmeseclassic.com



သူ မျက်ခုံးတွန့်ပြီး Gentle Z ရဲ့ comment ကို တစ်ကြောင်းချင်း ဖတ်ကြည့်နေစဉ်ပင် နောက်ထပ် comment အသစ်တစ်ခုက ဝင်လာပြန်ပါသည်။

"သိပ်နာသွားသလား…။ အနာပေါ် တုတ်ကျသွားတာကိုး…။ နိုးမချပါဘူး ပါးစပ်ကအော်နေပြီး မင်းရေးလိုက်ရင် စိန်ယာကြီးတွေရဲ့ Flow တွေချည်းပဲ…။ အေး…မင်းပြောသလို မြှောက်ထားရတဲ့ ငါ့လက်တွေ အောက်မချရသေးခင် မင်းအတွက် သင်္ကေတတစ်ခု လုပ်ပြလိုက်မယ်…။ လက်ခလယ်ထောင်ပြသွားတယ်ဟေ့…။ ရှင်းလား…"

အဲဒီ comment လည်း ဝင်ပြီးရော။ ကိုယ်တောင်ဘာမှ reply မဖြစ်လိုက်ရတော့…။ ကိုယ့်ပရိသတ်တွေ wall ထဲ ဝင်လာပြီး Gentle Z ကို ဖိုက်ကြပါရော…။

**ခေတ်ကြီးကိုက သူ့ကိုယ်မမြင်ဖူး။ ကိုယ့်သူမမြင်ဖူးနဲ့ Online ပေါ်ကနေ ဓားရေး၊ လှံရေးပြနေကြတဲ့ခေတ်…**

**"မိုက်လား…။ ထွက်ခဲ့ဟေ့။ သတ်ကွင်းမှာ သူတင်ကိုယ်တင် ရှင်းမယ်" ဆိုရင်တော့ ဘယ်အကောင်မှ ပေါ်လာမယ် မထင်…။**

ထားလိုက်တော့…။ လောလောဆယ် Gentle Z လည်း စိတ်မဝင်စားနိုင်၊ ကိုယ့်ဘက်ကနေ စစ်ကူဝင်တိုက်ပေးနေတဲ့ နှုတ်ခမ်းနီမလေးတွေကိုလည်း "ချ…ချ…။ ကောင်းတယ်"ဆိုပြီး ကောင်းချီးမပေးနိုင်…။

သူ မှုးနေပြီ…အိပ်မှ ဖြစ်တော့မည်။

❖ ❖ ❖

- F -

"ဒါဆို Gentle Z ဟာ account အတုရော မဖြစ်နိုင်ဘူးလား…"

ထုတ်ဝေသူကြီးမေးလာတော့ သူပြုံးသွားရပြီး…

"မင်းကို ငါ ရယ်စရာ ပြောရဦးမယ်…။ တို့နိုင်ငံမှာ အင်တာနက်သုံးတဲ့သူ လေးသန်းရှိပြီး facebook သုံးသူက ခုနစ်သိန်းရှိတယ်တဲ့…။ အဲဒီအထဲကမှ ဝေရာခိုင်နှုန်းဟာ အကောင့်အတုတွေချည်းပဲ…တဲ့…။

"ကောင်းရောကွာ…"

"ဟား…ဟား…ဟား…ထားလိုက်ပါတော့။ Gentle Z ဟာ ငါ့အတွက် အရေးမပါလှပါဘူး။ ဒါပေမယ့် ရိုးသားစွာ ခံခံရမယ်ဆိုရင် သူ့ကို တည်ကြက်လို သဘောထားပြီး ငါ လတ်လမ်းရှာချင်သွားတာတော့ သေချာတယ်…"

"ဟေ…အဆန်းပါလား…မင်းတို့ စာရေးဆရာတွေ ထုန်ကြမ်းရှာတယ် ပြောလိုက်ရင် ရည်းစားရှုပ်ကြတာတွေ၊ ဘီယာဆိုင်မှာ မူးပြီးရမ်းကြတာတွေချည်းပဲ…။ မင်းမို့ အထီး၊

www.burmeseclassic.com

www.burmeseclassic.com



အထီးချင်း ကိုယ့်ကို ရန်ရှာတဲ့သူကိုများ ဓာတ်လမ်းပြန်ရှာရတယ် လို့...''

သူငယ်ချင်းစကားကြောင့် သူ Gentle Z ရဲ့ wall ကို မြင်ယောင်သွားကာ တစ်ချက်ရယ်မောလိုက်ပြီး...

''ရယ်ချင်လို့ပါကွာ...တင်ထားတဲ့ ဓာတ်ပုံက ကိုရီးယားမင်းသား ရုပ်ဖြောင့်ဖြောင့်နဲ့ပုံ...''

''အင်း...''

''နေရပ်လိပ်စာကလည်း ဩစတြေးလျနိုင်ငံ...ဆစ္စနီမြို့ဆိုပဲ...''

''ဟား...ဟား...''

''ကျောင်းပြီးထားတာကလည်း နန်ရန်းတက္ကသိုလ်တဲ့...''

''လုပ်ဟ...''

''သူက အသစ်ထွက်တဲ့ငါ့စာအုပ်ကိုလည်း ဖတ်ပြီးစိတ်ပျက်သွားတယ်ဆိုပဲ...။ သူ အဲဒီ comment ကိုလာရေးသွားတာ စာအုပ်ထွက်ပြီး တစ်ပတ်အကြာမှာကွ...။ ငါ့စာအုပ်က တစ်ပတ်အတွင်းကို ဩစတြေးလျ ရောက်သွားသလားတယ်ရင်း...ဒါမှမဟုတ် ebook ထွက်တာပဲ သိပ်မြန်သွားတာလား''

''လေယာဉ်စီးလုံးငှားပြီး လာဝယ်သွားတယ်နဲ့တူတယ်...''

ပြောပြီး သူငယ်ချင်းနှစ်ယောက် ရယ်ဖြစ်ကြပြန်သည်။



''နောက်ကျောကို ဓားနဲ့ထိုးတယ်ဆိုတာ တည့်တည့်ထိုးမီမှ ပွဲက ကြည့်ကောင်းတာကွ...။ အနောက်ကနေ တောင်ထိုး၊ မြောက်ထိုး ထိုးနေရင် ရယ်ချင်စရာကြီး...။ ဒီကောင့်ကို ငါ ban လည်း ပစ်လိုက်တယ်။ အာရုံနောက်လို့ပါ...။ နောက်ပြီး ငါ့ wall မှာ လူဖျောက်သောက် comment လာရေးလို့ မရအောင် setting လည်းပြင်လိုက်တယ်။ အဲဒီကတည်းက သူ့ time line မှာ ဘာ activity မှ မတွေ့ရတော့ဘူး...''

''ရှင်းနေတာပဲ...မင်းကို ရည်ရွယ်ချက်ရှိရှိနဲ့ သိက္ခာချဖို့ Gentle Z အကောင့်ဖွင့်လိုက်တာနေမှာပေါ့...။ အခုမင်းရဲ့ wall မှာ သူထင်သလို ဝင်နှောက်ယှက်လို့ မရတော့ဘူးဆိုတော့ အဲဒီ account မသုံးဖြစ်တော့ဘဲ ချောင်ထိုးထားလိုက်တာ နေမှာပေါ့...''

သူ လေးလေးနက်နက် ပြုံးလိုက်မိတယ်ဆိုရင်ပဲ သူငယ်ချင်းဖြစ်သူက...

''မင်းကို စောင့်ကြည့်နေတဲ့ လူတစ်ယောက်တော့ ရှိနေပြီ သူငယ်ချင်း...''

''ငါသိတယ်...။ အဲဒီလို ဖြစ်သွားတာကိုလည်း ငါ ကြိုက်တယ်...''

နောက်တော့ သူကဆက်ပြီး...

''အဲဒီလူဟာ ငါနဲ့ အဝေးကြီးကလူတော့ မဖြစ်နိုင်ဘူး---ဘယ်လိုလဲ သူငယ်ချင်း... မင်းပျင်းနေလား...''

''ဘာကို ဆိုလိုတာလဲ ခေန်း...''

www.burmeseclassic.com

www.burmeseclassic.com



"Gentle Z ကို ငါ့ရှေ့တည့်တည့် ရောက်လာအောင် ငါလုပ်ပြရမလား…။ game တစ်ခု ကစားတဲ့ပုံစံပေါ့…အဖျင်း ပြေပေါ့ကွာ…"

"ချကွာ…။ လုပ်…ဘယ်ကောင်လဲဆိုတာ သိရတာပေါ့…"

❖ ❖ ❖

Butterfly Effect ဆိုတာကို သင်ကြားဖူးပါရဲ့လား…။

ဘရာဇီးမှာ လိပ်ပြာတစ်ကောင် အတောင်ပံတစ်ချက် ခတ်လိုက်တဲ့အတွက် တက္ကဆက်ပြည်နယ်ကြီး မုန်တိုင်းကျသွား ရတယ်ဆိုတဲ့ သိပ္ပံအယူအဆတစ်ရပ်ကို သင်ကြားဖူးပါရဲ့ လား…။

စိန့်ခေါ်မှု တော်တော်များများဟာ အသေးအဖွဲလေးတွေ နဲ့ စတင်တတ်ကြပြီး ကြီးမားတဲ့ အဆုံးသတ်ကို ရောက်မှ တစ်ခန်းရပ်လေ့ ရှိကြတယ်…

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

\- G -

အမီတာဘဂျမ်းကို ကြီးကြီးကျယ်ကျယ်တွေ လျှောက်ပြောခဲ့ပေမယ့်လည်း Gentle Z ကို သူဘာ action မှ မယူဖြစ်ခဲ့ပါ…။

ပုံမှန် သုံးလေ့မရှိကြောင်းကို ပြသနေတဲ့ သူ့ wall ကို ရက်အတော်ကြာမှ တစ်ခေါက်လောက် ဝင်ကြည့်ဖြစ်ခဲ့ပြီး၊ တစ်ရက်ကမှ သူ့ရဲ့ photos (အခန်း) ကိုဝင်ကြည့်ဖြစ်ခဲ့၏။

photo ကို နှိပ်တော့ 21 လို့သာပြထားသည်။ ဓာတ်ပုံနှစ်ဆယ့်တစ်ပုံပဲ တင်ထားတယ်ဆိုတဲ့သဘောပေါ့…တစ်ပုံချင်း ကလစ်ခေါက်ပြီး ကြည့်လိုက်တော့လည်း ဘာမှ ထူးထူးခြားခြား မတွေ့ရ။

ရှုခင်းပုံတွေ၊ အသည်းပုံတွေ၊ အဆိုအမိန့်တွေကို သိပ်မထူးခြားသလို တစ်ပုံချင်း သူကြည့်လာစဉ်…

"ဟင်…"

ဓာတ်ပုံတစ်ပုံအရောက်မှာတော့ ကွန်ပြူတာ မောက်(စ်)ကနေ down arrow ကိုအဆက်မပြတ်နှိပ်လာတဲ့ သူ့ ညာဘက်



လက်ညှိုးကလေး ရပ်တန့်သွားချေရပြီ…။

ဓာတ်ပုံက အိမ်ကြီးတစ်အိမ်ကို အဝေးကနေ ရိုက်ထားတဲ့ ဓာတ်ပုံ…။

တိတိကျကျ ပြောရမည်ဆိုပါမူ ခေါင်မိုးအခုံးတွေ၊ အချွန်တွေ ထိုးထိုးထောင်ထောင်ထွက်နေပြီး၊ မီးခိုးခေါင်းတိုင်နှစ်ခုကို အလယ်မှာ ထုတ်ထားတဲ့ ကိုလိုနီစစ်ကျန် နှစ်ဆောင်ပြိုင် 'အိမ်နီကြီး…။

Antique တွေကို မြတ်နိုးတန်ဖိုးထားတတ်တဲ့ သူ့ရဲ့ အကျင့်အတိုင်း အဲဒီအိမ်နီကြီးကနေ အကြည့်ကို မခွာချင်တော့…။

ဟိုးဝေးဝေး ရှုထောင့်ကနေ ရိုက်ထားတာတောင် အိမ်ကြီးရဲ့ အကျယ်အဝန်းက ကြီးမားလှလေသည်။ ရဲတိုက်လိုလို ဘာလိုလို…။

ဓာတ်ပုံအရဆိုပါမူ ထိုအိမ်ကြီးမှာ ယူကလစ်နဲ့ထင်းရှူးတောစပ်နားလောက်မှာ တည်ရှိပြီး တောင်ကုန်းမို့မို့လေးမှာ နားတင် ဆောက်ထားသလို ဖြစ်နေသည်။

Gentle Z တင်ထားတဲ့ ရဲတိုက်လိုလို ထိုအိမ်ကြီးကို အုံ့ခန်း အတော်လေး သဘောကျသွားရပြီ…။

ဒါနဲ့ Zoom ဆွဲပြီး အသေးစိပ် ချဲ့ကြည့်လိုက်တော့ အိမ်ကြီးက အတော်ကလေး အိုဟောင်းနေသည့် အိမ်အိုကြီးတစ်လုံး လေသာဆောင်ထုတ်ထားတဲ့ ကျွန်းကနုတ်ပွတ်လုံး တချို့တစ်ဝက်လည်း ကျိုးကြေလျက်…အဆိုက်တွေ အခုံးတွေများ

www.burmeseclassic.com

www.burmeseclassic.com



လှတဲ့ တချို့ ခေါင်မိုးနေရာတွေမှာ တာလပတ်စများပင် ဖုံးအုပ်ထားလျက်ရှိနေသည်။

ပြတင်းတံခါးမှန်တွေလည်း ကွဲတဲ့ဟာကွဲ၊ ပြတင်းပေါက်တစ်ချို့လည်း ပွင့်တဲ့ဟာပွင့်နဲ့…

"ဟင်…"

Zoom ဆွဲပြီး ကြည့်နေစဉ် အုံ့မခန်း ဆတ်ခနဲ တုန်လှုပ်သွားရလေပြီ…။

မိန်းမတစ်ယောက်…ဟုတ်တယ်…။

တစ်ခုသောအခန်းရဲ့ ပြတင်းတံခါးနောက်မှာ ရပ်နေတဲ့ မိန်းမတစ်ယောက်ကို အမှတ်မထင်တွေ့လိုက်ရ၍ အုံ့မခန်း လျှင်မြန်စွာပင် scroll bar ဆွဲကာ ထပ်အကြည့်…

"ဟာ…"

ထူးတော့ ထူးဆန်းနေလေပြီ…။

ဘာလဲ…ပုံရိပ်ယောင်တွေလား… နမိတ်ပုံတွေလား… ဒါမှမဟုတ် ကိုယ်ပဲ အကြည့်မှားသွားတာလား…။

ဖျတ်ခနဲ မျက်လုံးထောင့်ကွယ်ကနေ မြင်လိုက်ရတဲ့ မိန်းမတစ်ယောက်ရဲ့ ပုံရိပ်က လုံးဝမရှိတော့…။

ပြတင်းပေါက်သည် ပြတင်းပေါက်သာဖြစ်ပြီး မှန်ရဲ့နောက်ကွယ်က အရာတွေမှာလည်း မိန်းမတစ်ယောက်မဟုတ်ဘဲ တစ်ခြားအရာဝတ္ထုတွေသာ ဖြစ်နေသည်။

ကျောထဲ စိမ့်ခနဲ…။

Gentle Z ဆိုတာ ဘယ်သူလဲ…။



ဘာ့ကြောင့် ဒီအိမ်ပုံကြီးကို တင်ထားရတာလဲ…။

"Gentle Z"

နှုတ်မှ သူခပ်တိုးတိုးကလေး ရေရွတ်လိုက်မိပါလေတော့၏…။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

မိုင်လေးရာကျော် ဟိုင်းဝေးခရီးလမ်းကို ကိုယ်တစ်ယောက်တည်း မောင်းနှင်လာခဲ့ရတဲ့အတွက် နည်းနည်းတော့ ပင်ပန်းနေလေပြီ…။

တစ်ဖြောင့်တည်း ဖောက်ထားတဲ့ မြေပြန့်လွင့်ပြင်က (နာမည်ဆိုးနဲ့ ကျော်ကြားလှတဲ့) ဟိုင်းဝေးလမ်းကို တစ်ယောက်တည်း ပျင်းပျင်းရိရိ မောင်းနှင်အပြီးမှာတော့ ရာသီဥတုက အစ စတင်ပြောင်းလဲ လာလေပြီ…။

တောင်တက်ခရီးကို စပါပြီ…။

အန္တရာယ်ကွေ့တွေများလှတဲ့ တောင်ပေါ်မြို့လေး တစ်မြို့…။

အတက်လမ်းနဲ့ အဆင်းလမ်းခွဲထားတယ် ဆိုသဖြင့် လမ်းကြောင်းမှားမသွားစေရန် ခပ်သွက်သွက်ကလေး မောင်းနှင်နေတဲ့ ကုန်တင်ကားတစ်စီးနောက်ကနေ ထပ်ကြပ်မကွာ လိုက်လာခဲ့ရတော့၏။

စာရေးဖို့ကုန်ကြမ်းအတွက်ဆိုလျှင် စစ်မြေပြင်အထိပင်



သွားရောက်သတင်းယူတတ်သည့် ဟဲမင်းဝေးကို သူအားကျသည်။ (သို့သော် ဟဲမင်းဝေး စာတွေကိုတော့ သူနှစ်ခြိုက်လှသည်မဟုတ်…)

သူလည်း အခု ရန်ကုန်မြို့နှင့် မိုင်လေးရာအကွာမှာရှိတဲ့ (နာမည်ဆိုးနဲ့ကျော်ကြားလှတဲ့) အိမ်ကြီးတစ်အိမ်ရှိရာဆီသို့ စာရေးဖို့အတွက်တစ်ခုတည်းနဲ့ ခရီးနှင်လာခဲ့ပါပြီ။

ဒီအကြောင်းကို ပြောရမည်ဆိုလျှင် အမီတာဘာဂျမ်းကို ချန်လှပ်ထား၍ မရနိုင်ပါ။

တစ်ရက်က ဖြစ်သည်…။

စာရေးဆရာတော်တော်များများလည်း ကြုံတွေ့ဖူးပါလိမ့်မည်။

တစ်ခါတရံ စိတ်ထဲမှာ ကြီးကြီးမားမား ပျိုးထားတဲ့ ဇာတ်လမ်းတစ်ပုဒ်ကို လက်ကချရေးကြည့်တဲ့အခါမှာ ကိုယ်လိုချင်တဲ့ ပုံစံမျိုးမရဘဲ လိုနေသလို၊ ဟာနေသလို အားမလိုအားမရ ဖြစ်မိတဲ့ ကိစ္စတွေ…။

သူကလည်း အခု သူ အသစ်ရေးတော့မည့် ဝတ္ထုကို တကယ်တမ်းချရေးကြည့်တော့ ဦးနှောက်က ချပေးတဲ့စွမ်းအင်ကို လက်က အပြည့်အဝ အသုံးမချနိုင်သလို ဖြစ်နေသည်။ ဇာတ်လမ်းအစအဆုံးကို ဘယ်လိုရေးရမယ်ဆိုတာ သိထားပါရက်နဲ့ ဘာ့ကြောင့်များ အကောင်းဆုံးပုံစံဖြစ်လာအောင် မရေးနိုင်ရပါလိမ့်…။

အံ့မခန်းအကြောင်း သူငယ်ချင်းဖြစ်တဲ့ အတာမောင်

www.burmeseclassic.com

www.burmeseclassic.com



မောင် အသိဆုံးပင်..။

စိတ်ကြိုက်ပုံစံမရမချင်း လွှတ်မပေးတတ်သည့် ရှားရှားပါးပါး စာရေးဆရာတစ်ယောက် ဖြစ်နေသဖြင့် သူ့ဒုက္ခက ကိုယ့်ဒုက္ခ၊ သူ့အပူက ကိုယ့်အပူလို ဖြစ်လာသည်။

ရှင်းရှင်းပြောရရင် ငနဲက ဖင်မှာကပ်တဲ့မှိုကို ခွာပြီး ရောင်းစားချင်လှပြီ...။

"ငါ့အထင်ပြောရရင် မင်းအခုရေးမယ့် ဝတ္ထုက သည်းထိတ်ရင်ဖိုဆိုတော့ တကယ်သည်းထိတ်ရင်ဖို ဖြစ်စရာကောင်းတဲ့ ပတ်ဝန်းကျင်တစ်ခုအောက်ကို ရောက်မှ မင်းရေးရမှာ လက်'တွေ့'လာမယ်နဲ့ တူတယ်..."

အတည်ပြောနေခြင်းပါ...။ ကျပ်နေခြင်းမဟုတ်သဖြင့် သူခေါင်းညိတ် ထောက်ခံလိုက်လေတော့...

"နည်းနည်းတော့ စွန့်စားရလိမ့်မယ်နော် လုပ်ချင်မှလည်းလုပ်ပါ..။ ငါက ဘေးကနေဝင်ကူညီရုံသက်သက်ပဲ...။ မင်း ခရီးထွက်ပြီး စာမရေးချင်ဘူးလား...။ အဲဒီနေရာက မင်းအခု ရေးမယ့် စာအုပ်အတွက် တော်တော်အထောက်အကူ ရလိမ့်မယ် လို့ ငါထင်တယ်"

"မင်း အိုဒီယာမဆိုးဘူး...။ ငါနည်းနည်း stress များနေတယ်။ ရန်ကုန်မြို့ရဲ့ မွန်းကျပ်တဲ့ လူမှုဘဝပုံစံတွေအောက်ကနေ ရုန်းထွက်လို့ရနိုင်မယ့် နေရာတစ်နေရာကို ငါ သွားချင်နေတယ်..."

"...မြို့ကို သွားမလား ခေန်း..."



သူပြောတာက တောင်ပေါ်အပန်းဖြေ စခန်းမြို့ကလေးပါ...။ တစ်နှစ်ပတ်လုံး ပန်းရောင်စုံ ပွင့်ဖူးနေတတ်ပြီး လတ်ဆတ်တဲ့ လေတွေတိုက်ခတ်နေတတ်တဲ့ မြို့ကလေးတစ်မြို့ပေါ့..

"မကြာခဏရောက်နေတဲ့ မြို့ပဲကွာ...။ ငါ့ကို ဖမ်းစားနိုင်လိမ့်မယ် မထင်ပါဘူး..."

"ငါ မျှော်လင့်ထားတာထက် ပိုပြီးမင်းကို ဖမ်းစားနိုင်ပါလိမ့်မယ်..။ မင်းသွားရမှာက အဲဒီမြို့ရဲ့ နေရာတစ်နေရာဆီကိုပါ..."

သူလည်း အဓိပ္ပါယ်ဘာဂျမ်းစကားကြောင့် အနည်းငယ်ခုံးတွန့် ပြုံးမိရင်း...

"ဘာလဲ..ရေတံခွန်တို့ လိုဏ်ဂူတို့ရှိရာဆီကိုလား...အချစ်ဝတ္ထုရေးမှာ မဟုတ်ဘူးကွ...။ အံ့မခန်းက အဲလောက်နဲ့ မတိုးဘူး..."

"မဟုတ်ဘူး...အဲဒီမြို့ရဲ့ အထွက်နားလောက်က တောစပ်မှာ သီးသီးသန့်သန့်ဆောက်ထားတဲ့ အိမ်ကြီးတစ်အိမ်ကိုပါ..."

နည်းနည်းတော့ စိတ်ဝင်စားသွားပြီ။ အတာမောင်မောင်က ဆက်ပြီးပြော၏။

"မင်းလည်းသိပါတယ်..အဲဒီမြို့က ဘုရင်ခံချုပ်ရုံးစိုက်တဲ့မြို့ဖြစ်ခဲ့ဖူးတော့ ကိုလိုနီခေတ်က အိမ်တွေများတယ်...။ အခု ငါပြောတဲ့ အိမ်ကလည်း အရမ်းခမ်းနားတယ်ဆိုပေမယ့် အခုတော့ တော်တော်ယိုယွင်းပျက်စီးနေပြီ..။ အဲဒီအိမ်မှာ ခဏ

www.burmeseclassic.com

www.burmeseclassic.com



လောက်နေပြီး မင်းစာရေးမလား…။ မင်းလိုချင်တဲ့ ခြောက်ခြောက်ခြားခြား ခံစားမှုတွေတော့ ရလာမှာ အသေအချာပဲ…"

"နေပါဦး…အဲဒီအိမ်မှာ အခု ဘယ်သူတွေနေနေလဲ"

"ငါ့အထင်ပြောရရင်တော့ ဘယ်သူမှ မနေကြဘူး ဒီအတိုင်း သော့ခတ်ထားကြတယ်…"

"မင်းကရော..အဲဒီအိမ်နဲ့ ဘယ်လိုများ ပတ်သက်နေလို့လဲ…ငတာရဲ့"

"ဒီလိုကွ..ပြောရမှာတော့ နည်းနည်းရှည်တယ်။ အိမ်ဈေး၊ မြေဈေးတွေ သိပ်မတက်ခင်တုန်းက ငါ့မိဘတွေရဲ့ မိတ်ဆွေတွေက အဲဒီအိမ်ကြီးကို ဈေးပေါပေါနဲ့ဝယ်ခဲ့ကြတယ်။ ဈေးပေါပေါဆိုတာ သိန်း နှစ်ထောင်ဝန်းကျင်နော် ဟိတ်ကောင်…ဟား…ဟား.."

"အားပါး…ဆက်ပါဦး…"

"ဝယ်ပြီးတော့မှ အဲဒီအိမ်ရဲ့ နောင်ခံသမိုင်းကို သိခဲ့ရတယ် ဆိုပါတော့ကွာ…။ သမိုင်းတော့ သိပ်မကောင်းဘူး..။ မျက်နှာဖြူအရာရှိကတော်က အိမ်ထောင်ရေးပြဿနာတစ်ခုနဲ့ အဲဒီအိမ်မှာပဲ ဆွဲကြိုးချသေသွားခဲ့တာ…"

"ဪ…"

"ဒါပေမယ့်လည်း ငါ့မိဘမိတ်ဆွေတွေ ပြောပြချက်အရကတော့ သူတို့နေလာတာ ဘာမှပြဿနာမရှိသလို၊ အန္တရာယ်လည်း မပေးပါဘူးတဲ့…။ နေလို့ အဆင်ပြေတယ်ပေါ့ကွာ…။ သူတို့က အရမ်းချမ်းသာတဲ့ လူချမ်းသာတွေပါ..။



အခု ဒီမှာလည်း မရှိကြပါဘူး။ အမေရိကားမှာ…။ တစ်ချိန်မှာ အဲဒီအိမ်ကြီးကို ဟိုတယ်ဆောက်ဖို့။ အထူးသဖြင့် နိုင်ငံခြားသားတွေအတွက် ရည်ရွယ်ပြီး ဝယ်ခဲ့ကြတာ…"

"အင်း…ဆက်ပါဦး…"

"ဒီအထိ မင်းအတွက် မထူးခြားသေးပါဘူး…။ ထူးခြားတာက အခုမှလာမှာ…။ အဟား…"

"လုပ်ဟ…"

"အဲဒီမြို့မှာ လွန်ခဲ့တဲ့ ဆယ်နှစ်လောက်က မိန်းကလေးတစ်ယောက် ထူးထူးဆန်းဆန်းပျောက်သွားတယ်ကွ…။ တချို့ကလည်း သေသွားတယ်လို့ ယူဆကြတယ်။ သူ့ကို နောက်ဆုံးတွေ့ခဲ့တဲ့သူတွေကလည်း အဲဒီအိမ်နားမှာ တွေ့ခဲ့ကြတယ်လို့ ပြောကြတယ်..။ အခုအချိန်ထိ အဲဒီမိန်းကလေးရဲ့ အမှုကအဲဒီမြို့အတွက် ပဟေဠိတစ်ခုလို ဖြစ်နေတုန်းပဲ..။ အဲဒီအိမ်ကြီးနဲ့ အဲဒီမိန်းကလေး ဘယ်လိုများ ဆက်စပ်နေမလဲဆိုတာ သက်ဆိုင်ရာကနေ စစ်ဆေးအဖြေရှာနေတာ အခုအထိ သဲလွန်စ မရသေးဘူးတဲ့…ငခန်းရ"

"အင်း…စိတ်တော့ စိတ်ဝင်စားဖို့ အကောင်းသား"

"ဒါကြောင့်ပြောတာလေ…။ အဲဒီအိမ်မှာ မင်းသွားနေပြီး စာရေးမလား…လို့…။ မင်းလိုချင်တဲ့ ခြောက်ခြောက်ခြားခြားခံစားမှုတွေတော့ ရလာမှာသေချာတယ်။ မင်းရေးမယ့် စာအုပ်သစ်အတွက်လည်း အရမ်းကြီးကို အထောက်အကူရလိမ့်မယ် ငါထင်တယ်။ ဒါပေမဲ့ စွန့်တော့စွန့်စားရလိမ့်မယ်နော်..။

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် အတင်းကြီးတော့ မတိုက်တွန်းဘူး…”

သူလည်း တော့စကားကို အချက်အလက်တစ်ခု လောက်အဖြစ်သာ ခေါင်းထဲမှတ်သားထားစဉ် အတာမောင်မောင်က ဟမ်းဖုန်းထဲမှာ သိမ်းဆည်းထားတဲ့ ဓာတ်ပုံ Folder တစ်ခုကို ဖွင့်ရှာနေလေတော့၏။

“အိမ်ကြီးတွေ့ရင် မင်းအရမ်းခိုက်သွားမှာကွ…။ ငါ သိမ်းထားတာတော့ ကြာပြီ။ ဖျက်မပစ်မိလောက်ဘူး ထင်ရတာပဲ…”

ဒီအထိလည်း ထိုအိမ်ကြီးဆီအရောက်သွားဖို့ ရူးရူးမိုက်မိုက် စိတ်ကူးမရခဲ့သေး…။

“ဟာ…ရှိသေးတယ် ခေန်းရ…။ ဒီမှာ..ဒီမှာ.. ဒီအိမ်..”

တောက သူ့ရှေ့ ဟမ်းဖုန်းထိုးပေးလာသဖြင့် သူ ယူကြည့်လိုက်သည်။

“ဟင်…”

မျက်လုံးတွေ ပြာရီမှောင်မိုက်သွားရချေပြီ…။

ဟုတ်တယ်…။ သူ့အထင် မမှားပါဘူး…။

ဟိုအိမ်ကြီး…။ Gentle Z တင်ထားတဲ့ အိမ်ကြီး။ တိတိကျကျပြောရမည်ဆိုပါမူ ဓာတ်ပုံထဲကနေ မိန်းမတစ်ယောက် ပြတင်းတံခါးနောက်ကွယ်မှာ ရပ်နေတာကို ဖျတ်ကနဲ တွေ့လိုက်ရတဲ့ အိမ်ကြီး…။

❖ ❖ ❖

## အခန်း (၂)

ကိုယ့်ကားရှေ့ကနေ ခပ်သွက်သွက်ကလေး မောင်းနှင်နေတဲ့ ကုန်တင်ကားရဲ့ တောင်တက်အယူအဆတွေအတိုင်း အန္တရာယ်ကိုးထပ်ကွေ့ကို တက်အပြီးမှာတော့ ထိုကားနောက်ကနေ ထပ်ကြပ်မကွာ သူဆက်မလိုက်ဖြစ်တော့ဘဲ ကားကို အရှိန်လျှော့လိုက်ရင်း ပေါ့ပေါ့ပါးပါးကလေးသာ မောင်းနှင်လာခဲ့သည်။

ဒီမြို့ကလေးဆီ ခဏခဏ ရောက်ဖူးခဲ့ပေမယ့် ကားကိုယ်တိုင်မောင်းပြီးတော့ ရောက်မလာခဲ့ဖူး။ ဒါ့ကြောင့် တောင်အကွေ့တွေရဲ့ ထောင့်တွေ၊ ဒီဂရီတွေ တိမ်းစောင်းမှုနဲ့ သဘာဝ လှန်မာယာတွေကို အထာမနပ်သဖြင့် ရှေ့က ကုန်တင်ကားကို အရှာတင်လာခဲ့ခြင်း ဖြစ်လေသည်။

ဒီအကွေ့တွေကို ကျော်လွန်လာခဲ့ပြီးလျှင် ပြေပြစ်တဲ့ တောင်တက်ခရီးတွေသာ ရှိတော့သည်။

မကြာမီ မြို့ကလေးကို ရောက်တော့မည်။

“ဘယ်မှ ရှည်ရှည်ဝေးဝေးရှာနေစရာ မလိုဘူး…။

www.burmeseclassic.com

www.burmeseclassic.com



မင်းက ရန်ကုန်က မောင်းလာတာဆိုတော့ မြို့ရဲ့အနောက်ဘက် အဝင်ဝကို အရင်ရောက်လိမ့်မယ်…။ ကားကို တည့်တည့်ကြီးသာ ဆက်မောင်းသွား မြို့ဆုံးသွားရင် မြို့ရဲ့အထွက် (အရှေ့ဘက်အဝင်)ကို ရောက်လိမ့်မယ်…။ လိမ္မော်စိုက်ခင်းတွေကို မင်းတွေ့လိမ့်မယ်။ သုံးမိုင်လောက်မောင်းပြီးတာနဲ့ အဲဒီအိမ်ကြီးကို တောင်ကုန်းမို့မို့ပေါ်မှာ ထင်ထင်ရှားရှားကြီး တွေ့ရလိမ့်မယ်…။ အိမ်ကြီးနာမည်က ယူကလစ်မြိုင်တဲ့…"

တော့စကားကို သူ ကြားယောင်ရင်း ပြုံးလိုက်မိသည်။

တောက လမ်းညွှန်ပေးလိုက်ရုံသာမက အချိတ်အဆက် တော်တော်များများကိုလည်း လုပ်ပေးလိုက်သေးသည်။

"မင်း…ဟို စာရေးဆရာကို ကြားဖူးတယ် မဟုတ်လား…။ ညိုလွင်မှိုင်းလေ"

"သြော်…သိတယ်…။ ဆက်ပြော…"

ညိုလွင်မှိုင်းဆိုတာ လုံးချင်းလိုင်းထဲက လူငယ်စာရေးဆရာတော့မဟုတ်။ သုတစာပေလိုင်းထဲက လူကြီးပိုင်းစာရေးဆရာတစ်ဦးပင်…။

"အေး…သူက အဲဒီမြို့ခံပဲ…။ မင်းအဲဒီမှာ နေချင်တယ်ဆိုရင် အမေရိကားက မိတ်ဆွေကို အင်တာနက်ကနေ ငါ ဆက်သွယ်ပေးပြီး၊ ဦးညိုကိုမင်းအဲဒီမရောက်ခင် အိမ်ကြီးကို ရှင်းထားပေးဖို့နဲ့ မင်းလိုအပ်တာတွေ ကူညီပေးဖို့ ငါ request လုပ်ပေးမယ်…"

တောတို့က အဲဒီလို စေ့စပ်သေချာလုပ်တဲ့သူ…။



သူလည်းယူကလစ်မြိုင်အိမ်ကြီးကို အံ့မခန်းနှင့်မခြား စိတ်ဝင်စားလျက်ရှိသူ…။

အကြောင်းမှာ သူ့ဟမ်းဖုန်းထဲက ဓာတ်ပုံကို အံ့မခန်းအား ပြပြီးသည်နှင့် တုန့်လှုပ်အံ့အားသင့်သွားသည့် အံ့မခန်းအမူအယာကြောင့် ဖြစ်၏။

"ဘယ်လိုဖြစ်တာလဲ…ယူကလစ်မြိုင်ကို မင်းသိနေလို့လား ခန်း…"

"Gentle Z တင်ထားတဲ့ ဓာတ်ပုံနှစ်ဆယ့်တစ်ပုံထဲမှာ ဒီအိမ်ကြီးဓာတ်ပုံလည်း ပါတယ်…ဟိတ်ကောင်…"

"ဟေ…"

"မဟေနဲ့…ဒါက အံ့သြစရာ မကောင်းသေးဘူး…ဒီ့ထက်ပို အံ့သြစရာရှိသေးတယ် တော…ဒီလို…"

သူက ထိုအိမ်ကြီးကို သဘောကျပြီး ကွန်ပျူတာကနေ Zoom ဆွဲကြည့်နေစဉ် ပြတင်းတံခါးနောက်ကွယ်ကနေ မိန်းမရိပ်တစ်ခု ဖျတ်ကနဲတွေ့လိုက်ရကြောင်း ပြောတော့ သူ့ရဲ့ ဆောင်းစာပေရဲ့ ထုတ်ဝေသူ ကြောက်ကြီးမှာ ကြက်သီးတွေ ဖြန်းတနဲထသွားပြီး လက်မောင်းအမွေးအမျှင်များပင် ထောင်ထတ်သွားရလေသည်။ (နောက် ဘယ်အမွေးတွေပါ ဆက်ထောင်သေးသလဲတော့ သူမသိ) ပေးထားတဲ့ စာအုပ်တိုက်နာမည်ခု အားမနာ…။ ကျလည်း ကျလောက်တဲ့အကောင်…။

"မင်း..မင်း…အမြင်များ မှားတာလား ခန်းရာ.."

"ငါ မျက်လုံးက ကျိုးကန်းတစ်ကောင်နီးနီး လျင်မြန်

www.burmeseclassic.com

www.burmeseclassic.com



တာ မင်းသိပါတယ်။ ငါရေးခဲ့တဲ့တချို့ဇာတ်လမ်းဇာတ်ကွက်တွေဆို သာမန်လူတွေ သတိမထားမိလိုက်ကြတဲ့ ရှုထောင့်တွေကို မြင်ပြီး ယောဒီမျက်လုံးက ပေးလို့ရေးခဲ့တာတွေချည်းပဲ…”

“ဟုတ်တယ်…မင်း မျက်စိသိပ်လျှင်တယ်…။ ဒါတော့ လုံးဝကို ဟုတ်တယ်။ နို့…ဒါဆို…ငါစော့စောက အားတက်သရောပေးထားတဲ့ အကြံဉာဏ်တွေအားလုံး ဖျက်လိုက်ပြီ ခေန်းရာ…။ မင်း မသွားပါနဲ့တော့…ကြောက်စရာကြီး…”

“ငါ စကားကြီးစကားကျယ်ပြောတာတော့ မဟုတ်ဘူးနော်တော…။ အရင်တုန်းက အင်္ဂလိပ်မျက်နှာဖြူတွေကို အံတုပြခဲ့ကြတဲ့ မီးပုံးပျံဦးကျော်ရင်တို့ ရေကြောင်းခရီးသွားလုပ်ငန်းပိုင်ရှင်ဦးနာအောက်တို့ဆိုတာ ရှိခဲ့ဖူးတယ်။ ကိုယ်အလုပ်အပေါ် တာဝန်ယူလိုစိတ်အပြည့်နဲ့ မီးကုန်ယမ်းကုန်လုပ်ပြသွားကြတာ…။ အခုခေတ်မှာ အဲလိုလူတွေ သိပ်မရှိကြတော့ဘူး ကိုယ်တတ်ကျွမ်းတဲ့ အသက်မွေးဝမ်းကျောင်းပညာနဲ့ ကမ္ဘာကို တုန်လှုပ်စေရမယ်ဆိုတဲ့ လူတွေ သိပ်မရှိကြတော့ဘူး။ ရှိရင်တောင် နည်းတယ်ကွာ…။ ဟုတ်လား…။ ဒီ CHANGING (အပြောင်းအလဲကြီး)ကို ဘယ်သူက စပြောင်းမှာလဲ…။ မင်းတို့ ငါတို့က စပြီး ပြောင်းကြရလိမ့်မယ်…။ အထူးသဖြင့် ငါတို့ရဲ့စိတ်ဓာတ်တွေပေါ့…”

“အင်း…”

“ငါ အခု ဝတ္ထုရေးတယ်။ လမ်းကြောင်းတစ်ခုပေါ်လည်း ရောက်နေပြီ။ ဆူလွယ်နပ်လွယ်လေးတွေ ရေးသွားလည်းရတာပေါ့။ လူငယ်တွေက အချစ်အကြောင်းများများဖတ်ချင်ကြတယ်။ သူတို့ကြိုက်တာတွေရေး အချိန်တန်တော့ ပိုက်ဆံရ။ ရည်စားတွေဘာတွေရှုပ် စင်တင်တွေဘာတွေသွား…အဲလိုလုပ်နေလို့လဲ ရတာပဲ…။ မင်း သိပါတယ်။ ငါ့စာအုပ်တွေဟာ ဆေးခါးကြီး သိပ်ဆန်တယ်။ လူငယ်တွေ တွေးတတ်ခေါ်တတ်ဖို့ ဝတ္ထုနဲ့သုပ်သုပ်ပြီး ငါ အမြဲဆွဲခေါ်လေ့ရှိတယ်။ ဒါ့ကြောင့်လည်း စာအုပ်လိုင်းက လူတချို့ငါ့ကို အမြင်စိမ်းနဲ့ကြည့်ကြတယ်။ ငါက ကြီးကျယ်တယ်ပေါ့ကွာ…”

“သိပါတယ် သူငယ်ချင်းရာ…လေးလည်း လေးစားပါတယ်”

“လူသားအရင်းအမြစ်ကောင်းမှ တိုင်းပြည်တိုးတက်မှာကွ။ မင်းလည်း မင်းတာဝန်ယူထားတဲ့အပိုင်းကို မင်းရသလောက် တိုးချဲ့နေသင့်တယ်။ ပြည်တွင်းဈေးကွက်နဲ့ ကျေနပ်မနေဘဲ အာရှဈေးကွက်အထိ ဝင်ဆန့်အောင်ဖြန့်မယ်…။ ဘာညာပေါ့ကွာ…။ လူတိုင်းမှာ အမြင့်မားဆုံး ရည်မှန်းချက်တွေရှိသင့်တယ်ကွ…ကိုယ့်အတွက်ကိုယ် အတ္တတကြီးလုပ် နေခဲ့ဦးတော့… တိုင်းပြည်သိက္ခာတော့ တက်လာတာပဲ…”

“အား…ပါး…ပါး…ပါး…ကြွေပါတယ် ကိုကိုရယ်”

တောက မိန်းမလျာတစ်ယောက်လို အမူအယာနှင့် သူ့ကို သိုင်းဖက်လိုက်ကာ ရင်အုပ်ကို လက်သီးနှင့်တဒုန်းဒုန်းထုနေတာမို့ သူလည်း ရယ်ချင်ချင်ဖြစ်သွားပြီး…



www.burmeseclassic.com

www.burmeseclassic.com



“ခွေးကောင်…ဖယ်စမ်း…ရှုံစရာကြီး..”

“အဟား…ဟား…ဟား..ဆက်ပြော…ကိုကို..”

“ဆက်ပြောဆိုရင်တော့ ကိုကို ယူကလစ်မြိုင်ကို ဒိုးရလိမ့်မယ်ချစ်ရေ…”

“ဒိုး…ကိုရေ…ဒိုး…”

တောနဲ့ ပြောခဲ့ဆိုခဲ့ကြတာတွေ ပြန်လည်ကြားယောင်ရင်း သူရယ်ချင်ချင်ဖြစ်လာစဉ်…

ဟမ်းဖုန်းခေါ်သံ မြည်လာသည်။ ကြည့်လိုက်တော့ နံပါတ်က သူမသိကျွမ်းသည့် အစိမ်း…

“ဟဲလို…”

“စာရေးဆရာလား…”

“ဟုတ်ပါတယ်…”

“ကျွန်တော် ညီလွင်မှိုင်းပါ…”

“သြော်…ဟုတ်ကဲ့…အန်ကယ်..ပြောပါခင်ဗျ”

လူချင်းမရင်းနှီးသော်လည်း သူ့စာတွေနှင့်ရင်းနှီးနေပြီးကိုယ့်ထက် အသက်အရွယ်ရော ဝါပါကြီးသူမို့ သူ အန်ကယ်ဟု သုံးနှုန်းလိုက်ရသည်။ တစ်ဖက်က အန်ကယ်ခေါ်တာ ကြိုက်သလား။ အစ်ကိုကြီးခေါ်တာ ကြိုက်သလားတော့ မသိ။

“အဲ…ဘယ်ရောက်နေလဲ စာရေးဆရာ…။ ကျွန်တော်စိတ်ပူနေလို့ပါ…”

“ကျွန်တော်မြို့ကို ဝင်နေပါပြီ…”

“ဟုတ်ပြီဗျာ…။ ပြည်ထောင်စုလမ်းမကြီးအတိုင်းသာ



ဖြောင့်ဖြောင့်ကြီး မောင်းခဲ့ပါ…။ မြို့အထွက်ရောက်တာနဲ့ ညာဘက်တောင်ကုန်းပေါ်မှာ ယူကလစ်မြိုင်ကို တွေ့ရပါလိမ့်မယ်။ ကျွန်တော် အဲဒီရှေ့ကပဲ စောင့်နေပါတယ်…”

“ကျေးဇူး အန်ကယ်…ကျွန်တော်ရောက်တော့မှာပါ..”

“မလိုပါဘူးဗျာ…ဒီလောကသားအချင်းချင်း ကူညီရှာပေါ့…။ လူချင်းမရင်းနှီးပေမယ့် စာတွေနဲ့တော့ ရင်းနှီးနေပြီးသားပါ…။ ကျုပ်တို့လည်း လူအိုစာရေးဆရာကြီးတွေဆိုပေမယ့် လူငယ်ခြေတက်ကလေးတွေရေးတဲ့ စာအုပ်တွေတော့ ဖတ်ဖြစ်တယ်ဗျ”

“Thank You ပါ အန်ကယ်..။ ကျွန်တော်လည်း ဆရာ့စာတွေ ဖတ်ဖြစ်ပါတယ်”

“ကားကို ဂရုစိုက်ပြီးသာ မောင်းပါဗျာ…”

လူချင်း မတွေ့ဖူးပေမယ့် တစ်ယောက်နဲ့တစ်ယောက် နွေးနွေးထွေးထွေးတော့ ရှိကြသား…။

သြော်…တော…။ မင်းဟာ တချို့တချို့ကတော့လည်း အသင်ကြီးစရာတော့ အကောင်းသားလား…။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

အရှေ့ဘက် ရှမ်းရိုးမဆီမှ ဒေါမာန်အပြည့်နဲ့ ရှာဖို့ဟန်ပြင်နေကြတဲ့ တိမ်လိပ်အုပ်အမည်းကြီးတွေ မြေပြင်ဆီထိုလုမတတ် ပြိုဆင်းလာချိန်ရောက်တော့မှ ယူကလစ်မြိုင်သို့ သူရောက်လာခဲ့ရလေတော့သည်…။

“ဂျိန်း…ဒိန်း…ဒလိမ်း…ဒလိမ်း…ဒိုင်း…”

အားပါးပါး…။

ဒီအိမ်ကြီး၊ ဒီရှခင်းနဲ့ ဒီလိုမိုးလေဝသ အသံဗလံတွေ…။ ခြောက်ခြားစရာဝတ္ထုရေးဖို့ မောင်းတင်လာတဲ့ စာရေးဆရာနဲ့တော့ တွေ့လေပြီ…။

သစ်ရွက်ခြောက်အကြွေတွေပေါ် မောင်းနှင်လာတဲ့ သူ့ရဲ့ ခရီးကြမ်းစီး toyota double cup ကားကြီး ယူကလစ်မြိုင်အိမ်ကြီးရှေ့ ရပ်လိုက်ချိန်မှာပဲ။ ဖယ်မလီယာကားအစုတ်ကလေးနဲ့ ရပ်စောင့်နေတဲ့ ခပ်ပိန်ပိန်ပါးပါးလူတစ်ယောက်က ဆီးကြိုနှုတ်ဆက်လေတော့၏။

“ကျွန်တော် ညိုလွင်မှိုင်းပါ…”



“အဲ့မခန်းပါ…ဆရာ…”

“အတာ ဖုန်းဆက်ပြီး အကူအညီတောင်းလာတော့ ကျွန်တော် နည်းနည်းတော့အံ့ဩသွားတယ်။ ဝတ္ထုတစ်အုပ်အတွက်နဲ့ လူငယ်တွေ ဒီလောက်အားထည့်လာတာကိုလည်း ချီးကျူးမိပါတယ်။ အတာ့ကိုတော့ ရသလောက်ပြောကြည့်တာပဲ ဖြစ်နိုင်ရင် အဲဒီ ဘတ်(စ်)ဆဲလား စာရေးဆရာကို တားပေးပါလို့…။ ဟိုကလည်း ပြောတယ်…။ မရဘူး…တဲ့…အဟားဟား…”

ဆရာကြီးနှင့်သူ စကားအထိုက်အလျောက်ပြောရင်း ယူကလစ်မြိုင်ကို တစ်ချက်ခြုံငုံကြည့်လိုက်မိတော့…

ထူးခြားသိမ်မွေ့နက်နဲမှု တစ်စုံတစ်ရာ ကိန်းအောင်းနေတဲ့ အိမ်ကြီး…။ ဓာတ်ပုံထဲကထက်တောင် အပြင်မှာ မြင်တွေ့လိုက်ရတာက ပိုခြောက်ခြားစရာကောင်းနေသေးတော့သည်။ သူ့အတွေး မဆုံးခင်ပင် ဆရာညိုလွင်မှိုင်းက…

“ဒီအိမ်အကြောင်း နည်းနည်းတော့ ကြိုပြောထားချင်တယ်။ လူတွေပြောနေကြတဲ့ ကောလဟလကိစ္စတွေ၊ ဖြစ်ရပ်ဆန်းကြယ်ကိစ္စတွေက တစ်ပိုင်းပေါ့လေ…။ မြင်တဲ့အတိုင်း ခြံစည်းရိုးက မရှိတော့ဘူး…။ အရင်က ကာထားတဲ့ forget me not ပန်းခြုံတွေလည်း ပျက်တဲ့နေရာက ပျက်နေပြီ…။ အထဲက အခန်းတွေကလည်း အများကြီးပဲဗျာ…။ မောင်ရင့်ရဲ့ ထိုခြုံရေးအတွက် အထူးဂရုစိုက်ဖို့ ကျွန်တော်အဓိကထားပြောချင်တယ်”

www.burmeseclassic.com

www.burmeseclassic.com



ဆရာ ညိုလွင်မှိုင်းက ယူကလစ်မြိုင်ရဲ့ သော့တွဲတွေကို သူ့အား ကမ်းပေးရင်း ပြောလေသည်။

“မောင်ရင့်အတွက် အကောင်းဆုံးအခန်းတစ်ခန်းကို ကျုန်တော်ရှင်းပေးထားတယ်။ အပေါ်ထပ်လေသာဆောင်နဲ့ ကပ်ရက်ကအခန်း…။ အခန်းက လုံးဝ Master bed room ပါ။ ရေချိုးခန်း၊ အိမ်သာတွဲရက်ပါလို့ ကျုန်တော်မောင်ရင့်တည်းဖို့ ရွေးချယ်လိုက်တာ။ ပြတင်းပေါက်တွေရော…တံခါးတွေပါ ကြံ့ခိုင်မှုရှိတယ်။ ကျုန်တဲ့အခန်းတော်တော်များများကတော့ ပိုးစားခြတက်နေပြီ…။ လေှကားလက်ရန်းတွေကအစ သတိထားပါ။ အားပြုပြီး မသုံးပါနဲ့..”

“ကျေးဇူးတင်တယ် ဆရာ…။ အထဲဝင်ပါဦးလား..”

“မဝင်တော့ဘူးဗျာ…။ လိုတာရှိရင် ဖုန်းဆက်လိုက်ပါ…။ သန်းခေါင်သန်းလွဲလည်း အားမနာနဲ့…။ လိုတာပြော..။ နောက်မှ အေးအေးဆေးဆေးတွေ့ကြတာပေါ့..။ မောင်ရင့်ကို စောင့်နေတာ အရမ်းကို ကြာသွားပြီ…။ ကျုပ်ပြန်လိုက်ဦးမယ်..”

“အားနာလိုက်တာ ဆရာရယ်…”

“မလိုဘူး…မောင်ရင်…ကျုပ်တို့က မောင်ရင်တို့လို လူငယ်ဖတ် လုံးချင်းလိုင်းတွေတော့ မဟုတ်ဘူး…။ ဒါပေမဲ့ ကူညီခွင့်ရတာကို ဝမ်းသာလှပြီ…”

သူ နှုတ်ဆက်စကားဆိုပြီး ယူကလစ်မြိုင်အိမ်ကြီးရဲ့ ခြံတံခါးရှေ့ …



ချက်ရောက်သွားစဉ်…

“ဟင်…”

ဒုတိယအကြိမ် ထပ်မံ မျက်လုံးပြူးသွားရပြန်ပြီ…

မိန်းမတစ်ယောက်…။ သူ့ကို စိုက်ကြည့်နေတဲ့ မိန်းမတစ်ယောက်…။ ဟုတ်တယ်…ဒီမိန်းမပုံရိပ်နဲ့ ညှို့ယူဖမ်းစားမှုကြောင့် မိုင်လေးရာအကွာကနေ ဒီအိမ်ကြီးကို သူရောက်လာခဲ့တာ…။ အခုလည်း တွေ့ပြန်ပြီ။

“အန်ကယ်…ခဏနေဦး…ဟိုမှာ…”

မျက်မြင်သက်သေတစ်ဦးကို လိုချင်သဖြင့် ဦးညိုလွင်မှိုင်းကို သူ ထိုပြတင်းတံခါးရှိရာ လက်ညှိုးထိုးပြလိုက်သော့…ဟိုခမျာလည်း အထိတ်ထိတ်အလန့်လန့်နှင့်…

“ဘာ…ဘာဖြစ်လို့လဲဟင်…မောင်ရင်…ဘယ်မှာလဲ”

ဟာ….။

လုပ်ပြန်ပြီ…။ မရှိတော့…။ လုံးဝမှကို မရှိတော့…။ အိမ်ရဲ့နောက်ကွယ်က မိန်းမတစ်ယောက်ရဲ့ ပုံရိပ်က ဘယ်ရောက်သွားရပြန်ပြီလဲ…။

“တောက်! …”

သူ တက်တစ်ချက်ခေါက်တော့ ဦးညိုလွင်မှိုင်း အနည်းငယ်လန့်သွားရပြီး…

“ဘာဖြစ်လို့လဲ..မောင်ရင်…ဘာမကျေနပ်စရာ တွေ့လို့လဲ…”

“မိန်းမတစ်ယောက်ကို ဟောဟိုပြတင်းပေါက်နားမှာ

www.burmeseclassic.com

www.burmeseclassic.com



တွေ့လိုက်လို့ ဆရာ··။ အခုကြည့်တော့ မရှိတော့ဘူး···”

“ဂျိန်း···ဒလိမ်း···”

ကောင်းကင်ယံမှာလည်း သိကြားနဲ့အသူရာက အကြီးအကျယ် စစ်ခင်းလျက်ရှိချေပြီ။ မကြာခင် မိုးရွာလာတော့မည်။

“မဖြစ်နိုင်ဘူးနဲ့တူတယ်··။ ကျုပ် စောစောလေးကတင် အိမ်ကြီးထဲ တစ်ခေါက်ရောက်ပြီးပြီ··။ ဘယ်သူမှ မရှိပါဘူး···”

ဆက်ငြင်းနေလည်း အပိုပဲမို့ သူ လက်လျှော့လိုက်ရပြီး··။

“ထားလိုက်ပါတော့ ဆရာ···။ ကျွန်တော် အကြည့်မှားသွားတယ်လို့ပဲ သတ်မှတ်လိုက်ပါတော့”

ထိုစဉ် သစ်ရွက်ခြောက်အကြွေတွေပေါ် နင်းလျှောက်သွားတဲ့ အသံတစ်သံကြောင့် သူရော ဆရာညိုပါ အိမ်ကြီးရဲ့ ညာဘက်ခြမ်း ခပ်သွက်သွက်ကလေး လိုက်သွားကြရာ··

“ဟာ···ဒီအဘွားကြီး လုပ်ပြန်ပြီ···”

နှစ်ပေမီးချောင်း နှစ်ချောင်းကို လက်မှာပိုက်လျက် သူတို့ကို ကျောပေးထွက်ခွာနေတဲ့ အဘွားအိုကိုတွေ့လိုက်၍ ဆရာညိုက လှမ်းဟန့်လိုက်သည်။

“နေဦး···အဘွားကြီး···နေဦး···”

ဒီတော့မှ သူ အဘွားကြီးကို ကြည့်လိုက်မိသည်။

“စောစောက ပြတင်းပေါက်နောက်မှာ မြင်လိုက်တယ်ဆိုတာ ဒီအမျိုးသမီးကြီးလား မောင်ရင်”



ဟုတ်ပါသည်။

အဲဒီ အဘွားကြီးမှ အဲဒီအဘွားကြီးစစ်စစ်။

တော်သေးတယ်။ ချက်ချင်းမိသွားပေလို့··။ နို့မို့ဆို လူစင်စစ်ကို သရဲထင်ပြီး ညအိပ်မပျော်မှ ဒုက္ခ···။ လူကလည်း ခရီးပန်းလာသည်မို့ အနားယူချင်နေပြီ··။

သူ ခေါင်းညိတ်ပြလိုက်တော့ ဦးညိုက စုတ်တစ်ချက်သပ်လိုက်ပြီး···

“ခင်ဗျားတို့တတွေ အသက်တွေလည်း ကြီးလှပြီနော်။ ကျုပ် သတိပေးပေါင်းလည်း များလှပြီ။ နေစရာ၊ စားစရာမရှိကြဘူးဆိုရင် လူကြီးဂေဟာတွေကို သွားအကူအညီတောင်းလို့ရတယ်။ အခုလို လူမနေတဲ့အိမ်ပေါ် အပေါက်ဂျို့ အပေါက်ကြားက တက်လာပြီး ဘယ်သူ့ကိုမှ ဂရုမစိုက်ဘူးပုံစံနဲ့ ဟိုပစ္စည်းခိုး ဒီပစ္စည်းခိုး မလုပ်နဲ့···နောက်တစ်ခေါက် ကျုပ် ရဲလက်အပ်တော့မှာ ခင်ဗျားကို”

အဘွားကြီးခမျာ ယူကလစ်မြိုင်အိမ်ကြီးထဲက ခိုးလာတဲ့ နှစ်ပေတိုမီးချောင်းနှစ်ချောင်း ရင်မှာပိုက်ပြီး တစ်ကိုယ်လုံးအဆတ်ဆတ်တုန်ယင်ကာ ခေါင်းကိုသာ တွင်တွင်ညိတ်ပြလျက်ရှိတာမို့ အံ့မခန်းလည်း စိတ်မကောင်းဖြစ်သွားရပြီး···။

“ကဲ···ကဲ··အဘွား···သွားတော့ နောက်ကို သူများပစ္စည်းအဲလို မခိုးနဲ့ ဟုတ်ပြီလား···”

သွားတော့ဆိုတာနဲ့ တချိုးတည်း တန်းပြေးသွားလေသောလောက်လေးမလောက်စား ချာတိတ်လေးရဲ့ ဆုံးမစကားကိုပင်

www.burmeseclassic.com

www.burmeseclassic.com



အဘွားကြီး ကြားသွားလိုက်ရသလား မသိပါ…။

"ကဲ··မောင်ရင်ရေ…။ အဲဒါသာကြည့်တော့။ ဒီအိမ်ကြီးမှာ သရဲရှိတယ်ဆိုပြီး တစ်မြို့လုံးက ယုံကြည်နေကြတယ်။ ကျုပ်တွေ့လိုက်ရင် ဒီအိမ်ကြီးပေါ်မှာ အဲဒီလို သူခိုးတွေချည်းပဲဗျာ…အဟားဟား…"

သူလည်း ဆရာညိုစကားကို သဘောကျစွာ ရယ်မောလိုက်စဉ် ဟိုး ဝေးဝေးဆီက သူတို့ဆီ ဦးတည်ပြေးလာသယောင်ရှိတဲ့ အသံနက်ကြီးတစ်သံကို ကြားလိုက်ရပြန်သည်။

"ဝေါ…ဝေါ…ဝေါ…ဝေါ…"

"ဘာသံလဲဗျ…ဆရာညို…"

"ဟိုဘက် တောင်ကြောကနေ မိုးစ,ရွာလာတဲ့အသံဗျ။ အတော်သည်းလာတဲ့မိုးပဲ…။ ဒီရောက်လာလိမ့်မယ်။ ကားပေါ်က ပစ္စည်းတွေ သယ်ပြီး ယူကလစ်မြိုင်ထဲ ဝင်တော့မောင်ရင်ရေ…။ ကျုပ်လည်း ပြန်တော့မယ်"

"အိုကေ…ဆရာ thank you"

ဆရာညို ပြောသလိုပင်…။

အသံနက်ကြီးမှာ ဟိုးအဝေးဆီကနေ ဝေါဝေါ··ဝေါဝေါနှင့် ကိုယ့်ဝန်းကျင်သို့ မကြာခင်ရောက်လာပြီး မိုးတွေ သည်းကြီးမည်းကြီး ရွာချပါလေတော့သည်။

ဘာလိုလိုနဲ့ ယူကလစ်မြိုင်ရှိရာဆီသို့ သူတန်းတန်းမတ်မတ်ကို ရောက်ခဲ့ရလေတော့၏။

သူလိုချင်တဲ့ ခြောက်ခြားစရာ ရသတွေကတော့ ၈



ရောက်ကတည်းကပင် မျှော်လင့်ထားတာထက် ပိုနေသည်။

အင်း…ဒီပုံစံအတိုင်းသာဆို မနက်ဖြန်လောက်မှာ လုံးချင်းဝတ္ထုသစ် စရေးဖြစ်တော့မယ် ထင်ပါရဲ့…။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

စတိုးဆိုင်တစ်ဆိုင်ထဲ ဝင်လိုက်သည်နှင့် ကောင်တာနောက်မှာ ရပ်နေတဲ့ မိန်းကလေးတစ်ယောက်ရဲ့အလှကို ထင်းကနဲတွေ့လိုက်ရသည်။

ကိုယ်ဘာဝယ်ရမယ်ဆိုတာပင် မေ့လျော့သွားရပြီး အဲဒီမိန်းကလေးရှိရာဆီသို့သာ တန်းတန်းမတ်မတ်ကြီး လျှောက်သွားမိပါတော့၏…။

"အံ့…မ…ခန်း…"

ကိုယ့်ကို မြင်တော့ ကောင်မလေးမျက်နှာမှာ အံ့အားသင့်သွားသလိုနဲ့ ကလောင်နာမည်ကို တီးတိုးရွတ်ဆိုလိုက်တာကြောင့် ကိုယ့်စာအုပ်တွေနဲ့ မစိမ်းလှတဲ့ စာဖတ်ပရိသတ်တစ်ယောက် ဖြစ်နိုင်မှန်း သူခန့်မှန်းလိုက်မိပါသည်။

သူမရပ်နေတဲ့ ကောင်တာကပစ္စည်းတွေကို ကြည့်လိုက်တော့ အပေါ်တစ်ထပ်က မုတ်ဆိတ်ရိတ်ဓားတွေ…။ ပြဿနာမရှိ…။ ကြည့်ကျက်ရွေးတတ်သည်။ ဒင်းလေးနဲ့ စကားပြောချင်ဆိုချင်စိတ်ဖြစ်လာတာမို့ မုတ်ဆိတ်ရိတ်ဓားဝယ်ရန် ဆုံးဖြတ်



လိုက်သည်။

"ပြပါဦး…"

"ရှင်…"

စ,ပြောကတည်းက အဲဒီလိုတစ်ဖက်သားကို ရင်ဖိုစေနိုင်တဲ့အနှောင့်အသွားမလွတ် စကားနဲ့ စလိုက်တာမို့ ကောင်မလေးလည်း "ရှင်"သွားရသည်။ သူကတော့ 'ဗျာ'လို့ ပြန်မထူးဖြစ်…။ အဲဒီဗျူဟာတွေက ရိုးလွန်းသည်။

နည်းနည်းပါးပါး ရစ်ပတ်နွယ်ခွေပြီး ယိုးဒယားပတ်ပျိုးကြီး စတင်တီးခတ်ဖို့ သူမောင်းတင်လိုက်လေပြီ…။ 'စတင်ရစ်ပါတော့မယ် ခင်ဗျား' လို့တော့ မပြောလိုက်ဖြစ်။

"ဪ…ဒီ မုတ်ဆိတ်ရိတ်ဓားပြပါလို့…"

ကောင်မလေး လက်ချောင်းများက မသိမသာ တုန်ယင်နေသည်။ သူ့ကိုမြင်ပြီး ရင်ခုန်နေမှန်းလည်း သူသိသည်။

"နာမည် ဘယ်လိုခေါ်လဲဟင် ညီမ…"

"ရှင်…"

ဒုတိယပွဲ ထပ်ရှင်သွားရပြန်သည်။

ဟုတ်တယ်လေ…။ သူက ဓားဝယ်မှာလား…။ ကောင်မလေး ဝယ်မှာလား…။ လက်ကသာ ဓားကိုင်ထားတာ…။ မျက်လုံးက ကောင်မလေးကို ခပ်နက်နက်စိုက်ကြည့်သို့…။

"ဒီ ဓားနာမည်မေးတာလေ… ဘယ်လိုခေါ်သလဲလို့"

မျက်စောင်းတစ်ချက် အထိုးခံလိုက်ရပြီး…

www.burmeseclassic.com

www.burmeseclassic.com



“ရေးထားတာ ဖတ်ကြည့်ပေါ့…”

“အဲ…ဟုတ်သား…။ ဂလန်…တဲ့။ အဲ…မဟုတ်ပါဘူး…ဂျလက်..”

သိသိကြီးနဲ့ အကြောင်ကွက်တွေ လျှောက်နင်းနေတာပါ။ ဗျူဟာကလည်း အောင်မြင်ပါတယ်။ ဟိုကလည်း ပါးစပ်ကလေး လက်နဲ့အုပ်ပြီးရယ်နေလိုက်တာ တစ်ကိုယ်လုံး သိမ့်သိမ့်လှုပ်လို့…။ ဒီလို မိန်းကလေးမျိုးက ကလိထိုးလည်း တအားအရယ်သန်မှာ..။ ဟုတ်မဟုတ်တောင် စမ်းကြည့်ချင်လာပြီ။ အသည်းယားတယ်ဆိုတာ ဒါမျိုးနဲ့တူပါရဲ့…။ ငါ့နှယ်နော်…ဟွန်း…။

“ဘယ်ကလာလဲဟင်…ညီမ…”

“မန္တလေးက…အဲ…ဟုတ်ပေါင်…စာဖတ်ကြည့်ပါလားလို့…made in china နဲ့ made in thiland ဒီနှစ်မျိုးပဲ ဖြစ်မှာပေါ့..”

“သြော်…အင်း…ဟုတ်သား…။ made in china တဲ့…”

ဟာ..ဟာ..။ ပေါ်ပြီ။ မန္တလေးက…တဲ့။

အုတ်အုကြောင် လုပ်နေရတာ ပျော်ဖို့တော့ ကောင်းသား။

ဒီမြို့ဟာ တော်တော်ကုန်ကြမ်းပေါတဲ့မြို့ပဲ…။

သူလည်း ဓားကို လှည့်ပတ်ကြည့်ပြီး စောစောကလို အူကြောင်ကြောင်မျက်နှာပေးနဲ့ မန္တလေးသူလေးကို တစ်ချက်စိုက်ကြည့်လိုက်ရင်း…



“ထက်ထက်မြက်မြက်တော့ ရှိမယ့်ပုံပါပဲ…”

“… … …”

“ဓားလေးကို ပြောတာပါ..”

“ဓားပဲ…ထက်မှာပေါ့…။ ဘယ်သူက အတုံးကြီးတင်မှာလဲ…”

“စိတ်မရှိပါနဲ့…ကျွန်တော်က တုံးတတ်လို့ပါ..။ လေထဲမှာအကြာကြီးနေမိရင် သံချေးလည်းတက်တတ်ပါတယ်…။ ဒါကြောင့် ညီမနဲ့လာစကားပြောတာ…”

မန္တလေးသူလေးက နှာခေါင်းထိပ်ကို လက်နဲ့တစ်ချက်ပွတ်လိုက်ရင်း ဟိုလိုလို၊ ဒီလိုလိုလုပ်နေသည်။ ‘နိုင်ငံကျော်စာရေးဆရာကြီး ငါ့လာအီနေတာကိုး’ လို့ တွေးနေပုံရ၏။

“ဟိုလေ…တုံးလက်စနဲ့ ခပ်တုံးတုံးပဲ မေးပါရစေနော့ဗျာ…။ သိပ်လည်းကပ်စေးနည်းမနေပါနဲ့တော့…။ လာဘာက မန္တလေးက…နာမည်ကျတော့ရောဟင်…”

“လှိုင်းအိဖြူ…အို…ရှင်ဘယ်လိုလူကြီးလဲ…”

ဟာ..ဟာ။ ပေါ်ပြန်ပြီ…လှိုင်းအိဖြူ…တဲ့။

သူလည်း ရယ်ချင်ချင်နဲ့ သူမကို စိုက်ကြည့်ရင်း…

“စိတ်မရှိပါနဲ့…ကျွန်တော်က ငတုံးပါ…။ လေထဲမှာ စကားမပြောဘဲ အကြာကြီးရပ်နေမိရင် သံချေးတက်တတ်လို့ပါ။ နာမည်လေးက လှိုင်းအိဖြူ..။ လှတယ်…ညီမရယ်…”

တဒိုင်းဒိုင်း ပစ်သွင်းနေတဲ့ သူ့ ဒိုင်တွေကြားမှာ လှိုင်းအိဖြူတို့ ရှက်ကိုးရှက်ကန်းနှင့် ဘာလုပ်လို့ ဘာကိုင်ရမှန်းတော့

www.burmeseclassic.com



မှာမှန်းကို မသိ…။

နောက်တော့မှ လေသံခပ်တိုးတိုးနှင့်…။

"ဆရာက ဒီမြို့မှာ ဝတ္ထုလာရေးတာလား…။ ကုန်ကြမ်းရော ရပြီလား…"

"ဆိုပါတော့ဗျာ…ဆရာလို့တော့ မခေါ်ပါနဲ့…။ အင်း ကုန်ကြမ်းကတော့ ခြေရာခံမိပြီဗျ…အခုလေးတင်ပဲ…"

"စာရေးဆရာတွေက ပတ်ဝန်းကျင်ကို အရမ်းကို အသုံးချတတ်လွန်းတယ်"

လေသံက မကျေမချမ်း…။

နောက်တော့မှ သူမစကားလွန်သွားတယ်လို့ သူမဟာ သူမ သတိမှတ်လိုက်လေသလားမသိ…ခပ်ပျော့ပျော့ လေသံလေးနှင့်…

"လိုင်းက ဆရာ့ အဲလေ… ကိုအံ့မခန်းရဲ့ ပရိသတ်ပါ…။ စာအုပ်တိုင်းမှာ အတွေးအခေါ်လေးတွေ ထည့်ထည့်ပေးသွားတာ အရမ်းကိုကြိုက်ပါတယ်။ လိုင်းကလည်း တခြားစာရေး ဆရာတွေရေးတဲ့ လိုင်းတွေနဲ့ သိပ်မတူဘူးနော်…။ အခုရေးမယ့် လိုင်းကရော…ဘယ်လိုလိုင်းလဲ…ဟင်"

"လိုင်းနည်းနည်း ပြောင်းထားတယ်ဗျ။ ပရိသတ်က ပူဆာလွန်းလို့ပါ"

"အို…ဟုတ်လား…။ ဘယ်လို လိုင်းလဲဟင်…"

"အချစ်…"

## အခန်း (၅)

စာကြည့်စားပွဲမှာ ထိုင်လိုက်ရင်း စာမျက်နှာအလွတ် တစ်ရွက်ကို လှန်လိုက်ကာ ကလောင်တံချလိုက်တယ်ဆိုရင်ပဲ …ညှဉ်တစ်ကောင်က သူ့လက်တွေကို ဆွဲရွေ့သွားသလိုမျိုးကို "…ကလစ်မြိုင်"ကြီးထဲမှာ သူ စာတွေရေးနိုင်ခဲ့ပါသည်။

လတ်ဆတ်တဲ့ လေနုအေးတွေကို ရှူရှိုက်ရင်း ဟိုးဝေး …ဘ အလှေကျပေါက်နေတဲ့ တောင်နေကြာပန်းဝါဝါတွေ ယိမ်း …သွားတာကို ငေးမောရင်း သူ့တစ်ကိုယ်လုံး မှော်ဝင်ပူးသလို … ဝ္ထုလက်ဆန့်လာခဲ့သည်။

ရန်ကုန်မှာ ဘယ်လိုရေးရေး ကောင်းမလာလို့ ခဏ …ဘ စာရွက်တွေ စုတ်ဖြဲခဲ့ရတဲ့ ဝတ္ထု…။

ဒီမြို့ကလေးရဲ့ ဒီအိမ်ကြီးမှာမှ ဘာကြောင့် လက်တွေ "…တွေ့"လာခဲ့ရပါလိမ့် မှင်တက်အံ့သြစရာ…။

ဒီပေးဆပ်စွန့်စားမှုက တစ်ချိန်မှာ သူ့အတွက်၊ တိုင်း …ပြည်အတွက် အပြောင်းအလဲတစ်ခုဖြစ်လာခဲ့ရင် ဘယ်လောက် …ကောင်းလိမ့်မလဲ…။ ဥပမာ…ဟောလိဝုဒ် ရုပ်ရှင်ကုမ္ပဏီကြီးတစ်

www.burmeseclassic.com

www.burmeseclassic.com



ခုက ရုပ်ရှင်ရိုက်ကူးဖို့ သဘောတူလိုက်တာမျိုး…။ မဖြစ်နိုင်ဘူးဆိုတာ ဘယ်အရာမှ မရှိပါ…။

ဟောလိဝုဒ်ရုပ်ရှင်ကုမ္ပဏီကြီးတစ်ခုက ဂျပန်ပြည်က စိတ်ကူးယဉ်သိပ္ပံဝတ္ထုတစ်အုပ်ကို ဝယ်ယူပြီး All you want is killed ဇာတ်ကားအမည်ပေးကာ မင်းသားတွမ်ခရုစ်နှင့်ရိုက်ကူးနေကြောင်း သတင်းဖတ်မိသည့်နေ့က သူ ခပ်ပြင်းပြင်း 'တက်' တစ်ချက်ခေါက်မိသေးသည်။

**တို့…မြန်မာတွေ ညံ့ကြလို့လား…။ တို့…စာရေးဆရာ တွေ ညံ့ကြလို့လား…တို့..အနုပညာရှင်တွေ ညံ့ကြလို့လာ…။ ပေါက်ချင်ရင် ချောင်းသာ၊ ငွေဆောင်မှာ မင်းသားခြောက်ယောက်၊ မင်းသမီးခြောက်ယောက် အခန်း အညီအမျှ ဝေပြီး ရိုက်ကြတာ သီအိုရီတစ်ခုလို ဖြစ်နေပြီလား..။ အဖြေရှာကြပါဦး…ကိုယ့်ဆရာတို့ရေ…။**

ထားတော့…။ သူ့ရဲ့ မချိတင်ကဲစိတ်တွေကို ဒါရိုက်တာ အောင်ကိုလတ်ရိုက်ကူးတဲ့ 'ကယန်းအလှ' လို ဇာတ်ကားမျိုးက အတိုင်းအတာတစ်ခုအထိတော့ နွေးထွေးကျေနပ်စေခဲ့ပါသည်။ နောက်ပြီး မိုးညအိမ်မက်မြူတို့လို ပန်းကြာဝတ်မှုန်လို ဇာတ်ကားတွေကလည်း သူ့ရဲ့စိတ်တွေကို အတိုင်းအတာတစ်ခုအထိ ကျေနပ်စေခဲ့နိုင်ပြန်သည်။

ထားတော့…။ ကြာလာလျှင် စာအုပ်လိုင်းမှာ ဆေးတိုက်သွားတဲ့ ဂဏာန်းတစ်ကောင်လို သူဖြစ်နေတော့မည်။ ထားလိုက်တော့…။



အခုတော့ လူမမြင်ကွယ်ရာ အခန်းလွတ်တစ်ခုမှာ ဦးတော့်ရင်ရဲ့ မီးပုံးပျံကြီး သူခဏငှားစီးနေလိုက်သည်။ ကိုယ့်အိန္ဒြိယ(?)စားမှုနဲ့ကိုယ်တော့ ကမ္ဘာနဲ့ချီပြီး နေရာတစ်နေရာစာရချင်သေးသည်။

စာရေးရတာ ငြီးငွေ့လာပြီ…။

အညောင်းပြေ အညာပြေ အောက်ဆင်းပြီး လမ်းလျှောက်ဦးမှ…။

တောနဲ့မိဘတွေဆီ ဖုန်းဆက်ဦးမှ…။

အောက်ထပ်ဆင်းခဲ့ပြီး တောစပ်တစ်ယောက်တည်း လမ်းလျှောက်နေစဉ် ကိုယ်က မဆက်ရသေး။ တော့ဖုန်းက ဝင်လာလေပြီ..။

"ဟိတ်ကောင်ကြီး…မင်း ငါ့ကို ဖုန်းတောင် မဆက်ဘူး"

"မနေ့ညနေကမှ ရောက်တယ်လေ။ မနက်က မြို့ထဲ sight seen ထွက်တယ်လေ။ စောစောလေးကပဲ စာရေးပြီးတယ်။ အခုပဲ မင်းနဲ့ငါ့အိမ်ဆီ ဖုန်းဆက်မလို့…တောစပ်ထွက်လာတာ.."

"အေးပါ…ဟုတ်ပါပြီ..ဘယ်လိုလဲ…မင်းစာရေးနေပြီ ဟုတ်လား…ရေးနိုင်လား…mood ဝင်လာပြီလား"

"ရေးနိုင်တယ် သူငယ်ချင်း…။ တော်တော်ကိုရေးနိုင်တယ်…။ ဝတ္ထုကို ခန့်ခန့်ပျိုးပျိုးကြီး ဆင်ထားတော့ လက်ကကြောက်ပြီး ချကိုမရေးရဲဖြစ်နေတာ။ ယူကလစ်မြိုင်ရောက်တော့

www.burmeseclassic.com



မှပဲ အဆင်ချောသွားတော့တယ်…”

“ဝမ်းသာပါတယ်ကွာ‥စောစောကပဲ ဆရာညို့ ဖုန်းဆက်တယ်။ မင်းက အရမ်းသတ္တိကောင်းတယ်…တဲ့။ ဒီလိုစာရေးဆရာမျိုး ဘတ်(စ်)ဆဲလားဖြစ်တာ ဂုဏ်ယူတယ်တဲ့”

“ဟား‥ဟား‥ဆရာညို့ကတော့ မြှောက်ပြီ…”

“ဘယ်လိုလဲ‥ထူးခြားမှုတွေရော ဘာတွေ့လဲ…”

“အင်း…အပြင်မှာ တကယ်တွေ့လိုက်ရတဲ့ အိမ်ကြီးက ဓာတ်ပုံထဲကထက်တောင် ပိုကြောက်စရာကောင်းနေသေးတယ်ကွ။ ဘာထူးခြားမှုမှတော့ မတွေ့မိသေးဘူး ပြောရမှာပဲ။ မနေ့ညကလည်း မောမောနဲ့အိပ်ပျော်သွားတာ သရဲလာကလိထိုးရင်တောင် နိုးမယ်မထင်ဘူး။ ဟား‥ဟား‥စောစောက စာရေးနေတုန်းကလည်း ဒီလိုပါပဲ…သတိထားမိတာတစ်ခုက စာအရမ်းရေးကောင်းနေတယ်ကွ‥။ မမြင်ရတဲ့ power တစ်ခုခုက ငါ့အနားရောက်နေသလိုပဲ‥”

“ဝမ်းသာပါတယ်ကွာ…နေဦး…။ ဟိုကောင်…မင်းကို သိက္ခာချတဲ့ comment လာရေးသွားတဲ့ကောင်…ဘယ်သူ”

“Gentle Z”

“အေး‥အေး‥သူ့ Wall ထဲ ငါဝင်ကြည့်ပြီးပြီ။ ဓာတ်ပုံတင်ထားတာ ပုံနှစ်ဆယ်ပဲရှိတော့တယ်ကွ။ ယူကလစ်မြိုင်အိမ်ပုံကြီးကို ဒီကောင်ဖျက်ပစ်လိုက်ပြီ”

“ဟင်…ဟုတ်လား…စဉ်းတော့ စဉ်းစားစရာပဲ‥”

“ငါလည်း အဲဒါစဉ်းစားနေတာ‥ဘာလို့ ဒီအိမ်ကြီးကို



င်ယားတင်ပြီး၊ ဖင်ယားဖျက်ပစ်လိုက်သလဲဆိုတာ။ မင်းအဲဒီကို ရောက်သွားတယ်ဆိုတာ သိများသွားလို့လား မသိဘူးနော်နေး…”

“မဖြစ်နိုင်ပါဘူး…မနေ့ညကမှ ငါဒီကိုရောက်တာ။ ဒါကို ချက်ချင်းသိဖို့ဆိုတာ ဘယ်လိုမှမဖြစ်နိုင်ဘူး…မင်း ဘယ်အချိန်က သူ့ wall ထဲဝင်ကြည့်လိုက်တာလဲ…”

“အဲ…မနေ့မနက်…မင်း ဟိုင်းဝေးထွက်သွားပြီး သိပ်ကြာခင်ပဲ”

“ပိုတောင် မဖြစ်နိုင်သေး…ဟုတ်ခဲ့ရင်တောင် Gentle Z ဟာ တခြားလူမဖြစ်နိုင်တော့ဘူး…မင်းပဲ ဖြစ်လိမ့်မယ်”

“ဟားဟား…ငါ့များ စိတ်ဖောက်ပြန်နေတဲ့ သူကျလို့သော်…ဒါ့ထက် ယူကလစ်မြိုင်အိမ်ရှင်တွေက သူတို့အိမ်မှာ ဝင်ဆာသွားရေးတယ်ဆိုလို့ အရမ်းကို ဂုဏ်ယူနေကြတယ်ကွ”

“ကြုံရင် ငါကလည်း ကျေးဇူးတင်တယ်ဆိုတာပါ ပြောလိုက်စမ်းပါ။ ဟိတ်ကောင်နေဦးကွ…Gentle Z ဟာ ဒီ မြို့ကများ ဖြစ်နေလေမလား။ ဒါမှမဟုတ် ဒီမြို့နဲ့သူ့ အတိတ်ကာ တော်သက်ခဲ့ဖူးလေမလား။ ဒါမှမဟုတ် ယူကလစ်မြိုင်နဲ့ ဘယ်လိုများ ပတ်သက်နေမလဲဆိုတာ မင်းမတွေးမိဘူးလား”

“တွေးမိတယ်…တွေးမိတိုင်းလည်း ငါ အဖြေရှာမရဘူး…”

“မင်း မိဘမိတ်ဆွေတွေရဲ့ သားရောမဖြစ်နိုင်ဘူးလား ဒါမှမဟုတ်လည်း ဆွေနီးမျိုးစပ်ပေါ့‥”

www.burmeseclassic.com

www.burmeseclassic.com



သူ့စကားကြောင့် တောမှာ အားပါးတရ ရယ်မောလိုက်ရင်း…

"မင်းကွာ…။ ဟိုက ပညာတတ်၊ လူယဉ်ကျေး၊ လူရည်သန့် ဒိတ်ဒိတ်ကျဲတွေ Gentle Zရဲ့ မင်းသေါ် ချည်းကပ်မှုက အရမ်း မိန်းမလို မိန်းမရဆန်ခဲ့တာ။ တွေးကြည့်စမ်းပါ။ ဖြစ်နိုင်ပါ့မလား…လို့"

"ဒါဆို ဒီကောင်က ဘာလို့ ယူကလစ်မြိုင်ပုံကို တင်ရတာလဲ…ဘာ့ကြောင့် ပြန်ဖျက်သွားရတာလဲ"

"ဟိတ်ကောင်…မင်းက စာရေးဆရာနော်…သူနဲ့ အဲဒီအိမ်ကြီးရဲ့ ပတ်သက်မှုက အရမ်းကို လျှို့ဝှက်နက်နဲနေလိမ့်မယ် ထင်တယ်..မင်း အဖြေရှာစဉ်းစားကြည့်ပါလား.."

"ငါလည်း စဉ်းစားနေတယ်…"

နောက်တော့ တောနဲ့ တခြားကိစ္စတွေ ပြောဖြစ်ကြပြီး မိဘတွေဆီကလည်း စိတ်မပူအောင် ဖုန်းခေါ်ရသေးသည်။

ဖုန်းဆက်ဖို့ကိစ္စတွေပြီးစီးသွားတော့ သူလမ်းလျှောက်နေတဲ့နေရာက ယူကလစ်မြိုင်နဲ့ အတော်အတန်ဝေးကွာလာ သည့် ရွက်ကြွေတောတစ်နေရာသို့ ရောက်နေပြီမှန်း သတိထားမိ၍ လာလမ်းအတိုင်း ခပ်သွက်သွက် ပြန်လျှောက်လာရပြန်သည်။

ယူကလစ်မြိုင်…။

စာရေးနိုင်အောင် တွန်းအားတွေပေးသွားတဲ့ ခင်ဗျားကိုတော့ သိပ်ကို ကျေးဇူးတင်သွားရပြီဗျာ…။

"ဟင်…"



ယူကလစ်မြိုင်ရဲ့ ဥပစာရှေ့ ပြန်ရောက်လာတော့ သစ်ရွက်ကြွေတွေအောက်မှာ အရောင်လက်လက်တောက်နေတဲ့ တစ်စုံတစ်ရာကို တွေ့ရ၍ သူ ကောက်ယူလိုက်သည်။

"မိန်းမတစ်ယောက်ရဲ့ ဆံထိုးလေး…"

www.burmeseclassic.com

## အခန်း (၆)

ထူးခြားလာပြီ…။

ထူးခြားမှုကို စတင်ခြေရာခံနိုင်ခဲ့တာက ရောက်ပြီးနှစ်ရက်အကြာ နေ့လယ်ခင်းတစ်ခုမှ စတင်ခဲ့ပါသည်။

ထိုနေ့က လေအတော်ကြမ်း၏။

စာရေးကောင်းနေတုန်း ဒေါမာန်အပြည့်နဲ့ တဝူးဝူးတိုက်နေတဲ့လေက ယူကလစ်မြိုင်ကိုပင် ဆွဲခေါ်သွားမတတ်…။

ခေါင်မိုးနဲ့ မျက်နှာကြက်ကြားမှာ အသိုက်ဖွဲ့အိမ်ဆောက်ပြီး နေနေကြဟန်တူတဲ့ တောင်ကြက်တွေရဲ့ လှုပ်ရှားမှုအသံကလည်း မသိရင်ခြောက်ခြားစရာ။ တစ္ဆေတစ်ကောင်က ကိုယ့်အနားလာ ကုတ်ခြစ်နေသလို။ သို့သော် အံ့မခန်း ဘယ်အရာကိုမှ မမှုပါ…။

ခြောက်ခြောက်ခြားခြား ခံစားမှုတွေကို လိုချင်လို့ကိုယူကလစ်မြိုင်အထိ ရောက်လာခဲ့ရတာ မဟုတ်ပါလား…။

"ဒုန်း…ဒုန်း…ဒုန်း…ဒုန်း…"

ဝင်လာပြန်ပြီ…နားထဲကို အသံတစ်ခု…။



ထ မကြည့်နိုင်သေး…ဝတ္ထုက သေရေးရှင်ရေးတမျှအရေးကြီးနေသည်။ အသံက ပျောက်သွားပြန်သည်။

နောက်တော့ တဖန်…။

"ဒုန်း…ဒုန်း…ဒုန်း…ဒုန်…"

အသံက အပေါ်ထပ်က လာနေခြင်းသာဖြစ်သည်ကိုယ်နဲ့ မနီးမဝေးနေရာတစ်ခုက…။

ရေးလက်စ စာကို လက်စသတ်လိုက်ပြီ။ လူလည်းအရမ်းပင်ပန်းနေပြီ။ လူပန်းတယ်ဆိုတာထက် စိတ်ပန်းတာကိုပြောတာပါ။ စာရေးပြီးသွားလျှင် ဝိဉာဉ်တစ်ကောင်ဝင်ပူးပြီးထွက်ခွာသွားခြင်းခံရတဲ့ လူတစ်ယောက်လို သူ မောပန်းကျန်ခဲ့ရတတ်စမြဲ။

အခုလည်း ထိုင်ခုံမှာ ခပ်လျော့လျော့ထိုင်လိုက်ရင်းdeep breathing (ပြင်းပြင်းထန်ထန် လေရှူ၊ လေထုတ်)လုပ်နေလိုက်သည်။

စောစောက ဝတ္ထုရေးလိုက်လို့ ခံစား၊ လောင်ကျွမ်းသွားရတဲ့ ခန္ဓာကိုယ်က ဇီဝကာမဖြစ်စဉ်တွေကို ပြန်ကုစားပေးလိုက်တဲ့ ခပ်ပျော့ပျော့ ယောဂကျင့်စဉ်တစ်ခု ဆိုပါစို့။

ထိုစဉ်……

"ဒုန်း….."

နားထဲသို့ ပြင်းထန်စူးရှကျယ်လောင်စွာ ဝင်ရောက်လာတဲ့ အသံနက်ကြီးကြောင့် ထိုင်နေရာကနေ ဆတ်ကနဲ ဒူးထဖြစ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့အသံကြောင့် အိမ်ကြီးလည်း တသိမ့်သိမ့်ခါသွား၏။

ဆရာညို စီစဉ်ပေးထားတဲ့ သူ့အခန်းက လုံခြုံမှုရှိသည်။ ကိုယ့်ဆီတော့ အန္တရာယ်က လွယ်လွယ်ကူကူနဲ့ ရောက်မလာနိုင်။

ကိုယ်ကသာ အန္တရာယ်ဖြစ်တန်ချေရှိရာဆီသို့ သွားကြည့်ရပေလိမ့်မည်။

အိမ်ကနေ အသင့်ယူဆောင်လာခဲ့တဲ့ အင်းလေးဖြစ်ဓားရှည်တစ်ချောင်းကို သူ ကောက်ကိုင်ရင်း အခန်းထဲကနေ ခြေသံဖွဖွနင်းကာ ထွက်လာခဲ့တော့သည်။

လူလား…သရဲလား…။ သူခိုးလား…။

တစ်ခုခုတော့ အိမ်ထဲကို ရောက်နေလေပြီ…။

ဒီအသံဟာ ဘယ်နေရာကနေများ ဖြစ်နိုင်မလဲ…။

ကိုယ့်အခန်းအပြင်ကို ထွက်လိုက်တာနဲ့ မြင်ကွင်းက ရှုပ်ပွနေသည်။ ဖုန်တွေတက်နေတဲ့ ပရိဘောဂအကျိုးအပျက်တွေ၊ အချိန်အမှာ အိမ်ဖွဲ့နေကြတဲ့ ပင့်ကူမျှင်တွေ၊ တံခါးပေါက်ဟောင်းလောင်းနဲ့ အခန်းတွေ။

အိမ်တွင်းကို ပတ်ပတ်လည် ဝရန်တာဖွဲ့တည်ဆောက်ထားတဲ့ စင်္ကြံလမ်းအတိုင်း စက်ဝိုင်းပုံသဏ္ဍာန် သူလမ်းလျှောက်လာခဲ့စဉ်…။

"ဒုန်း…ဒုန်း…"

သေချာပြီ။ အသံလာရာက စေ့ပိတ်ထားတဲ့ ဟိုခပ်လှမ်းလှမ်းအခန်းက ဖြစ်၏။



အခန်းထဲကို ဝင်ကြည့်ဖို့ သူရင်တွေတဒိတ်ဒိတ်အခုန်မြန်လာသည်။

ကိုလိုနီခေတ်လက်ရာ ကြေးတံခါးဘုသီးကို သူ အသံမမြည်အောင် တဖြည်းဖြည်းဆွဲလှည့်ရင်း လော့(ခ်)ပွင့်လျှင်ပွင့်ချင်း….။

"ဂွန်း…."

ခြေထောက်နှင့်အခန်းတံခါးကို ဆောင့်ဖွင့်ရင်း အခန်းထဲ ဝင်လာခဲ့လိုက်သည်။

"အိုး…."

ပင့်ကူမျှင်တွေနဲ့ ရှုပ်ယှက်ခတ်နေတဲ့ ခြောက်ခြားစရာအခန်းကြီးတစ်ခန်း၊

တံခါးဆောင့်ဖွင့်လိုက်တာနှင့် နှာဝသို့ ဖုန်တွေတလိမ်းလိမ်းတိုးဝင်လာသည်။

"ကျွီ…ကျွီ…ကျွီ…ကျွီ…"

သူ အခန်းထဲရောက်ရောက်ချင်းမှာပင် စောစောကသူဆောင့်ဖွင့်လိုက်တဲ့ တံခါးက ညင်သာစွာစေ့ပိတ်သွားလေတော့သည်။ ဂရုမစိုက်နိုင်…အသံလာရာကိုသာ ရှာဖွေကြည့်နေစဉ်….

"ဒုန်း…ဒုန်း…"

"ဩော်…"

အသံလာရာကို သူလှည့်ကြည့်လိုက်တော့ ချက်ချင်းသဘောပေါက်သွားရချေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ပြတင်းပေါက်တစ်ပေါက် ပွင့်နေသည်။

ကျိတ်တွေမရှိ၍ လေတစ်ချက် ဆောင့်တိုက်တိုင်း တဒုန်းဒုန်း မြည်နေရခြင်း ဖြစ်သည်။

ဒီ ပြတင်းတံခါးကို ဘာနဲ့ပိတ်လိုက်ရရင် ကောင်းမလဲ..။

အနီးအနားကို ဝေ့ဝဲရှာကြည့်တော့ ဘာမှ မယ်မယ်ရရ မတွေ့ရ။

အဲ...စာရွက်ဝါကြန့်ကြန့်လေးတစ်ရွက်ပါလား...။

ငါးခေါက်ချိုးပြီး တံခါးရွက်နှင့်ပြတင်းပေါက်ဘောင် ကြားညှပ်ကာ စေ့ပိတ်ကြည့်လိုက်သည်။

မဆိုး...။ အရင်လို ပွင့်ထွက်မသွားတော့ချေ။

ပြတင်းတံခါးမှ လှည့်အထွက် ရုတ်တရက် တွေ့လိုက်ရတဲ့ မြင်ကွင်းတစ်ခုကြောင့် သူ ဆတ်ကနဲပြန်လည် လှည့်ကြည့် ဖြစ်သွားပြန်သည်။

ဟို...အဘွားကြီးပါလား...။

ယူကလစ်မြိုင်ဝန်းကျင်မှာ သူမကို နောက်တစ်ကြိမ် ထပ်တွေ့ရပြန်ပါပြီ။ အသက်ကြီးတော့မှ ဘဝကိုဆင်းဆင်းရဲရဲ ရုန်းကန်နေကြရတဲ့ အဘိုးကြီး၊ အဘွားကြီးတွေကို မြင်တိုင်း သူ အမြဲလိုလို သက်ပြင်းချမိပါသည်။

အရွယ်ကောင်းတုန်းက ဘာလုပ်နေခဲ့သလဲ...ဆိုတဲ့ မေးခွန်းမျိုး စိတ်ထဲကနေ အမြဲမေးမိနေတတ်သည်။

အခုကော အဘွားကြီး ယူကလစ်မြိုင်နား ဘာလာလုပ်



ရပြန်ပြီလဲ...။

ယူကလစ်မြိုင်နဲ့သူမ ဘယ်လိုများ ပတ်သက်နေလေမလဲ...။

ဒီအိမ်ကြီးနဲ့ ပတ်သက်ပြီး မေးစရာမေးခွန်းတွေ အများကြီးပါလား...။

သူခေါင်းတစ်ချက်ယမ်းလိုက်ရင်း ဒီအခန်းထဲကထွက်ဖို့ စောစောက သူ့အလိုလိုစေ့ပိတ်သွားတဲ့ တံခါးကို ဖွင့်လိုက်တော့...

မရတော့...။

ကြေးဘုသီးကို ဘယ်ညာ ခပ်ကြမ်းကြမ်းလှည့်ရင်း တံခါးကို ပွင့်လိုပွင့်ငြား ဖွင့်ကြည့်လိုက်မိသည်။

လုံးဝမရတော့...။

"ဘာလဲကွာ..."

"ဗုန်း...ဗုန်း...ဝုန်း...ဝုန်း..."

တံခါးကို စိတ်တိုတိုနှင့် ဆောင့်ကန်ပစ်လိုက်မိသည်။

[illegible] လုံးဝမှကို ဖွင့်လို့မရတော့...။

ကြာတော့ သူဖောချွေးပြန်လာသည်။

တံခါးဘုသီးအထက်က သော့ပေါက်ကနေ အပြင်ကို ချောင်းကြည့်လိုက်ရမလား...။

ခြောက်တော့ ခြောက်ခြားစရာ...။

စောစောက ဗုန်းကနဲ ဒိုင်းကနဲ အသံမျိုးစုံ မြည်နေသလောက် အခုတော့ ယူကလစ်မြိုင်က လုံးဝတိတ်ဆိတ်ငြိမ်သက်

www.burmeseclassic.com



လျက်…။

သူ ဂနာမငြိမ်ဖြစ်လာပြီး တံတွေးတစ်ချက်မျိုချလိုက်ရသည်။

နှလုံးခုန်သံတွေလည်း တဒိတ်ဒိတ်မြန်လာရသည်။

အနားမှာ တစ်ယောက်ယောက်ရှိနေသလိုပဲ…။ စိတ်က ဆဋ္ဌမအာရုံနဲ့ သိနေသလို၊ ကြက်သီးမွေးညင်းတွေပါ ထနေသည်။

နောက်တော့ တံခါးအနီး တဖြည်းဖြည်းနဲ့ ထိုင်ချလိုက်ပြီး သော့ပေါက်ကနေ အခန်းအပြင်ကို မျက်လုံးအပ်ပြီး ကြည့်လိုက်မိတော့…။

"အား…………."

* * *

## အခန်း (၇)

"ကျွန်တော် အဲဒီအမျိုးသမီးကို တွေ့ခဲ့ပြီးပါပြီ အဘ…"

"သြော်…"

တရား၊ မမွှကို နှစ်အတော်ကြာ လိုက်စားလာခဲ့၍ လားမသိ။ ဝတ်ဖြူစင်ကြယ်ဝတ်ထားသည့် အဘိုးအို၏ မျက်နှာအမူအယာမှာ ကြည်စင်ဝင်းပနေပြီး ကန့်ရေထက်က ကြာပန်းတစ်ပွင့်ကို မြင်ရသူရင်ကို အေးမြနေစေသည်။

သူပြောသည့်စကားကို အံ့ဩဟန်လည်းမပြ တုန်လှုပ်မှုလည်း မရှိဘဲ ခေါင်းတစ်ချက် ဆတ်ပြရင်း နားထောင်နေသည်။

အဖိုးကြီးရဲ့ နာမည်ကိုတော့ သူမသိ။ ဟိုကလည်း ပြောမပြ။

တရားမမွှကို ပင်စင်ယူပြီးနောက်ပိုင်း ပိုမိုလိုက်စားလာပြီး၊ အခါအားလျော်စွာ တောစပ်ဝန်းကျင်မှာ တရားလာ မှတ်တတ်ကြောင်း ပြောပြသည်။

www.burmeseclassic.com

www.burmeseclassic.com



ပင်စင်မယူခင်ကတော့ အဖိုးကြီးက ရာထူးရာခံ ကောင်းကောင်း ပုဂ္ဂိုလ်ကြီးတစ်ယောက်ဆိုပါတော့···

ပိုပြီး တိတိကျကျပြောရရင် ဟောဒီမြို့ကလေးရဲ့ မြို့အုပ်။

မြို့အုပ်ဟောင်းနှင့် စကားပြောခွင့်ဖန်လာတာကတော့ ဟိုက တရားမှတ်အပြီး ရေတံခွန်လို တောင်နံရံပေါ်က ကျနေတဲ့ ရေအိုင်ငယ်ကလေးက အပြန်၊ အုံ့မခန်းက စိတ်ရှုပ်လာ၍ ခေါင်းဆေးရန် ရေအိုင်ငယ်ကလေးဆီအသွား၊ နှစ်ဦးသားဆုံရင်း မိတ်ဖွဲ့ရင်းကနေ ပြောဖြစ်ဆိုဖြစ်ကြခြင်း ဖြစ်လေသည်။

"ယူကလစ်မြိုင်မှာ စာရေးရတာ ကောင်းရဲ့လား"

သူတော်စင်ကြီးရဲ့ ပထမဆုံး မိတ်ဖွဲ့စကား···။

သူလည်း အံ့အံ့သြသြနဲ့ ခေါင်းညိတ်ပြလိုက်ပြီး··။

"ဟုတ်ကဲ့···စာရေးလို့တော့ တော်တော်ကောင်းပါတယ်··အဘ··"

"ဘုရားလေး တရားလေးတော့ အရင်ကထက်ပိုလုပ်ပေါ့ သားရယ်···"

သူလည်း ဈေးကဝယ်လာတဲ့ လိမ္မော်သီးကောင်းကောင်းသုံးလုံး အသင့်ပါလာ၍ သူတော်စင်ကြီးကို တရိုတသေ လှူဒါန်းလိုက်ပြီး···။

"ဘာ့ကြောင့်များလဲ အဘ···ပြောပါဦး···

"အဘမပြောလည်း အခုလောက်ဆို သားသိနေပါပြီ···ဟုတ်တယ် မဟုတ်လား···"



အဖိုးကြီး အစဖော်ပေးလိုက်တော့ လွန်ခဲ့တဲ့ တစ်ပတ်အတွင်း ဖြစ်ပျက်ခဲ့တဲ့ ခြောက်ခြားစရာကိစ္စက ခေါင်းထဲ အစီအရီ ပြန်ဝင်လာသည်။

ထိုနေ့က တဒိုင်းဒိုင်းမြည်နေတဲ့ တံခါးရွက်တွေရှိရာ အခန်းဆီက ပြန်ထွက်လာတော့ တံခါးလုံးဝဖွင့်လို့ မရတော့··။

နောက်တော့ သက်ာမကင်း ဖြစ်မိသွားပြီး စိတ်ထဲက မသိုးမသန့်သလို ခံစားလာရ၍ တံခါးဘုသီးအပေါ်က သော့ပေါက်ကနေ မျက်လုံးတစ်ပေါက်စာ ချောင်းကြည့်လိုက်ရာ···

ခြောက်ခြောက်ခြားခြား သည်းထိတ်ရင်ဖိုဝတ္ထုတွေ တစ်အုပ်ပြီး တစ်အုပ်ရေးလာခဲ့တဲ့ စာရေးဆရာ၊ အဲဒီနေ့ကမှပဲ သရဲဆိုတာကို သော့ပေါက်ကနေ အထင်းသား အရှင်းသားတွေ့လိုက်ရတော့လေသည်။

ဖျတ်ကနဲတွေ့လိုက်ရသည် ဆိုသော်ငြား အခုအထိ အဲဒီမြင်ကွင်းက မျက်လုံးထဲက ပျောက်ပျက်မသွား···။ ခရမ်းရောင်သန်းနေတဲ့ အသားအရည်နဲ့ ဆံပင်တွေဖွာရရာကျဲနေပြီး မျက်ဆံပေါ၊ မျက်လုံးအဖြူထည်သက်သက်နဲ့ ကိုယ်ရှိရာ အခန်းတည့်တည့်ဆီ ခေါင်းအနည်းငယ်ငုံ့၍ စိမ်းစိမ်းကြီး စိုက်ကြည့်နေလေတဲ့ အနီရောင်ဝတ်စုံဝတ် မိန်းမတစ်ယောက်···။

"အား·········"

လုံးဝ ထင်မှတ်မထားတဲ့ မြင်ကွင်းကြောင့် သူ လိပ်ပြာလွင့်စဉ်သွားမတတ် ကြောက်လန့်သွားပြီး နောက်သို့ ဖင်လှိုင်ကျကာပင် ပစ်လဲသွားရသည်။

www.burmeseclassic.com



သေချာပြီ…နေခင်းကြောင်တောင် သရဲအခြောက်ခံရလေပြီ။

ဒါနဲ့ သွေးရူးသွေးတန်းဖြစ်သွားပြီး အင်းမားနှင့်သော့ကို ခွန်အားသုံးကလန့်ကာ ဆောင့်၍ဖွင့်လေတော့ မားလည်းကျိုးသွားရသည်။ တံခါးလည်းပွင့်သွားခဲ့လေတော့သည်။

“ဘယ်မလဲ…ထွက်ခဲ့စမ်း…”

တိတိကြီးပြတ်သွားရသည့် မားအကျိုးကြီးနှင့် သွေးရူးသွေးတန်းဆန်ဆန် အခန်းလွတ်မှန်သမျှကို တစ်ခန်းပြီးတစ်ခန်း ပတ်ရှာခဲ့သည်။

မတွေ့တော့…လုံးဝမှကို မတွေ့တော့…။

နောက်တော့…ကြောက်ရွံ့နေတဲ့ သူ့စိတ်တွေ ပုံမှန်ပြန်ဖြစ်လာပြီး ထိုဝိဉာဉ်အပေါ်မှာပါ ကရုဏာသက်မိကာ အမျှပေးဝေလိုက်ရပါသည်။

“အဲဒီအိမ်က မြေကြမ်းတယ်…”

အနိမ့်အမြင့် မပါပဲ ခံစားမှုမဲ့ ပြောကြားလာတဲ့ သူတော်စင်ကြီးရဲ့ စကား…

“ကိုယ် မပြောလိုက်ရလို့ လူတစ်ယောက်ဒုက္ခရောက်သွားမှာမျိုး မလိုလားတဲ့အတွက် အဘဖွင့်ပြောရတာပါ…။ အိမ်က သိပ်ရေခံမြေခံမကောင်းဘူး…”

“ဟုတ်ကဲ့…အဘ…။ ယူကလစ်မြိုင်ကို ကျွန်တော်တော်တော်စိတ်ဝင်စားပါတယ်။ သိသလောက် ပြောပြပါလား..”



မြို့အုပ်ကြီးက အဝေးတစ်နေရာကို ငေးကြည့်ရင်း သက်ပြင်းအသာအယာချလေသည်။

တစ်ခါမှမကြားဖူးတဲ့ ငှက်အော်သံတွေနဲ့ ဝါးရုံပင်အနှိုင်းတွေကြား လေတိုးဝှေ့သွားတဲ့ အသံတွေကလည်း တစ်မျိုးဆန်းဆောင်လို့ ကောင်းနေပြန်၏..။

“ကိုလိုနီခေတ်တုန်းက မျက်နှာဖြူအရာရှိကတော်တစ်ယောက် ဆွဲကြိုးချသေသွားတယ်။ နောက်တော့ အဲဒီအိမ်ကြီးကို ကုလားသူဌေးတစ်ယောက် ဝယ်သွားတယ်ကြားတယ်။ သူနေပုံတော့ မရဘူး…။ တို့မြို့မှာ အမျိုးသမီးတစ်ယောက်ပျောက်သွားတယ်လေ။ လွန်ခဲ့တဲ့ ဆယ်နှစ်လောက်ကပေါ့..”

“ဟုတ်ကဲ့…”

“အလောင်းကို ဒီကနေ့ထိ ရှာမတွေ့ဘူး…ယူကလစ်မြိုင်နဲ့ ဘယ်လိုပတ်သက်နေသလဲတော့ မသိဘူး။ အိမ်ရဲ့ သမိုင်းကြောင်းကို သိပုံမပေါ်တဲ့ မြန်မာသူဌေးလင်မယားက ကုလားသူဌေးဆီက ယူကလစ်မြိုင်ကို ဝယ်ခဲ့ကြတယ်။ သူတို့လည်း အဲဒီမှာ မနေကြပါဘူး…”

“ဟုတ်ကဲ့..သိပါတယ်..ကျွန်တော့် သူငယ်ချင်းမိဘတွေရဲ့ မိတ်ဆွေတွေပါ”

“သြော်…”

သူတော်စင်ကြီးက ခေါင်းတချက်ညိတ်လိုက်ရင်း…

“ယူကလစ်မြိုင်မှာ လူမနေတာကြာတော့ အိမ်ကပျက်စီးလာပြီး ခိုးချင်၊ လုယက်ချင်တဲ့သူတွေက အိမ်ထဲပြောင်ပြောင်

www.burmeseclassic.com

www.burmeseclassic.com



တင်းတင်းပဲ ဝင်ခိုးတတ်ကြတယ်။ အဖိုးတန်ပစ္စည်းတွေမရှိဘူး ဆိုပေမယ့်လည်း အိမ်အသုံးအဆောင်ပစ္စည်းတွေတော့ ရှိကြတာပဲလေ။ ဒီလိုနဲ့ ယူကလစ်မြိုင်နား မကြာခဏရောက်လာတတ်ကြတဲ့ လူတွေဟာ ပျောက်သွားတဲ့အမျိုးသမီးရဲ့ ပုံရိပ်ကို ယူကလစ်မြိုင်မှာ မကြာခဏ တွေ့တတ်တယ်ဆိုတာ ပြောပြကြတယ်"

အနီရောင်အင်္ကျီဝတ်ထားတဲ့ မိန်းမ…။

"သူ့ကြည့်ရတာ တစ်ခုခုကို မကျေနပ်နေတဲ့ပုံစံပဲအဘ"

အံ့မခန်းစကားကို သူတော်စင်ကြီးက နားမလည်သည့်ပုံစံနှင့်….

"သူ…ဆိုတာ…"

"အဲဒီ အမျိုးသမီးကို ပြောတာပါ…။ အင်္ကျီအနီရောင်ဝတ်ထားတယ်…"

"ဩော်…"

နှစ်ဦးသား အတန်ကြာသည်အထိ ကိုယ့်အတွေးနဲ့ကိုယ်တိတ်ဆိတ်နေကြပြီး၊ နောက်တော့မှ အဘိုးကြီးက ခေါင်းတစ်ချက် ယမ်းလိုက်ပြီး…

"သား…ယူကလစ်မြိုင်က အမြန်ဆုံး ထွက်သွားလိုက်တော့.."

တိုးတိတ်ငြင်သာလှသည့် စကားရဲ့ နောက်ကွယ်က ခိုင်ကျည်ပြတ်သားလှတဲ့ အမိန့်ပေးဟန်တချို့ကို သူတွေ့လိုက်ရ



သည်။

တစ်ချိန်က ဟောဒီတောင်ပေါ်မြို့ကလေးကို အုပ်ချုပ်ခဲ့တဲ့ မြို့အုပ်တစ်ယောက်ရဲ့ သတိပေးစကားသံ…။

* * *

www.burmeseclassic.com

## အခန်း (၈)

တောင်ပေါ်လေ တဖြူးဖြူးနှင့်၊ မိုးကလေးတအုံ့အုံ့နှင့် ပြတင်းတံခါးကနေ ရှုခင်းကောင်းလှသော မြင်ကွင်းကျယ်ကြီးကို ကြည့်ရင်း တစ်စုံတစ်ယောက်ကို သူလွမ်းဆွတ်နေသည်။

သူ လွမ်းဆွတ်နေမိသူက လှိုင်းဆိုတဲ့ ကောင်မလေး တစ်ယောက်ကိုပါ။ စတိုးဆိုင်မှာ သူမလေးကို ရစ်ချင်သလို ဝင်ရစ်ပြီး၊ မုတ်ဆိတ်ရိပ်စားကိုပင် အားနာပါးနာနှင့် ဝယ်ယူ မေ့လျော့ခဲ့ကာ…"အချစ်"ဆိုပြီး အထွက်ခတ်ခတ်ခဲ့တဲ့ သူ့ကို ကောင်မလေးလည်း ထပ်တူသတိရနေလိမ့်မယ်လို့ ယုံကြည်နေမိပြန်သည်။

ယုံကြည်မှု…။

ဟုတ်တယ်…အပြည့်အဝယုံကြည်မှုတွေဟာ အောင်မြင်မှုနဲ့ အတော်ကလေး ဆက်စပ်နေတတ်တာ သူသတိထားမိသည်။

ဆိုပါစို့…။ သူ…"အံ့မခန်း" ဖြစ်မလာသေးခင်၊ စင်းတဝါးဝါးနဲ့ လုံးချင်းတွေရေးလာခဲ့ကတည်းက ဘယ်စာအုပ်ဟာ လုံးဝအောင်မြင်နိုင်တယ်ဆိုတဲ့ ယုံကြည်မှုနဲ့ထုတ်ဝေသူကို အ



ကောင်းဆုံးဖြစ်မယ့်စာအုပ်တွေ ပေးအပ်ခဲ့သည်။ ဒါက အောင်မြင်မှုမရခင် အလုပ်အပေါ်ထားတဲ့ ပြင်းပြတဲ့ယုံကြည်မှု…။

အလုပ်ကို တိတိပပလုပ်သည်။ ကိုယ့်အလုပ်အပေါ် ယုံကြည်မှုအပြည့်အဝထားသည်။ အချိန်တန်လာတော့ ရလာဒ်တွေက ကိုယ်ထင်ထားတဲ့အတိုင်းပင် ဒါကြောင့် အခက်အခဲတော်တော်များများကို ယုံကြည်မှုနှင့်သာ ဖြတ်သန်းတတ်သည်။

အခုလည်း သူ လှိုင်းအိဖြူဆိုတဲ့ ချစ်စရာအူကြောင်ကြားမလေးကို ယုံကြည်စိတ်အပြည့်ထားပြီး နှယ်နေလေပြီ‥။

ဒီတစ်ပတ်အတွင်း စာကလည်း သိပ်ရေးကောင်းနေသဖြင့် သူမကိုစိတ်ကသာ သတိရနေပြီး၊ မသွားဖြစ်ခဲ့…။

"ငါ့ကို ရစ်ချင်သလိုရစ်ပြီး ပေါ်တောင်မလာဘူး။ စာရေးဆရာတွေများ တွေ့တဲ့မိန်းကလေး ကောက်ရစ်ပြီး ဘာခံအချက်မှ မထားဘူး ထင်ပါရဲ့"လို့ ဒင်းလေးကတော့ ထင်သွားသတော့မည်။

အစိမ်းရောင်တွေများတဲ့ ရှုခင်းပြင်ကျယ်ကြီးကို တစ်ယောက်တည်း ငေးငေးငေါင်ငေါင်ကြည့်ရှုနေရင်း ကော်ဖီသောက်ချင်လာတာမို့ သူကော်ဖီသွားဖျော်လိုက်သေးသည်။

နောက်တော့ စောစောကအတိုင်း၊ ပြတင်းတံခါးနားကော်ဖီခွက်ကလေးကိုင်ပြီး ရောက်လာတော့…။

"ဟင်……"

သူ့မျက်လုံးများ ဝင်းလက်သွားရချေပြီ။

လုံးဝ…လုံးဝ…ထင်မှတ်မထား…။

သူက ကောင်မလေးဆီ မသွားရသေးခင် ကောင်မ

www.burmeseclassic.com

www.burmeseclassic.com



လေးက သူ့ဆီကြိုရောက်လာခဲ့လေတော့၏…။

သူ့ဆီတော့မဟုတ်…ယူကလစ်မြိုင်ရဲ့ ခြံဝန်းရှေ့ တစ်နေရာ…။

တစ်ချောင်းထိုး သိုးမွေးဆွယ်တာပွပွလေးနှင့် ဂျင်းဘောင်းဘီခပ်ကျပ်ကျပ်ကလေး ဝတ်ဆင်ကာ သိုးမွေးဦးထုပ်အိအိကလေးဆောင်းထားလေသည်။

နံဘေးမှာ စက်ဘီးတစ်စီး ဒေါက်ထောက်ရပ်ထားပုံအရတော့ စက်ဘီးနဲ့ရောက်လာခဲ့တယ် ထင်ပါရဲ့…။

ဘာလုပ်နေတာပါလိမ့်…။ သူတောင် ယောင်လို့မှ မသွားတဲ့ ဆူးခက်ကြီးတွေနဲ့ ချုံပုတ်ရှေ့မှာ ရပ်နေလေသည်။

ပျော်လိုက်တာ…။

ယုန်ဖြူမလေးတစ်ယောက် ချုံပုတ်အနီးတစ်ဝိုက်မှာ ခါကျက်ဥလာတူးနေသလို ချစ်စရာ ပုံစံကလေးနဲ့…။

သူ့ဟာသူ ခါကျက်ဥ ရရ မရရ။

ကိုယ်ကတော့ မုဆိုးကျော်ဖိုးထော်လို ယုန်သွားဖမ်းရပေလိမ့်မည်။

ကိုင်း…လာလေ့…။

ဘယ်ကျောင်း ဘယ်ကျူရှင်ကမှ မသင်ရတဲ့ အမိဝမ်းတွင်းပါ လူပျို အပျိုဂေါနည်းတစ်ခုကို သူ ကျွမ်းကျင်စွာ အသုံးချလိုက်လေတော့၏။

မင်းနဲ့ငါ ဒီနေ့ ထူးကိုထူးရစေမယ် လှိုင်းအိဖြူရေ…။

## အခန်း (၉)

"ဟိတ်…"

"အမလေး…"

သစ်ရွက်မကြွေ၊ လေမတိုးပါပဲ ကိုယ့်နောက်ကျောတနေ ထွက်လာတဲ့ အသံတစ်ခုကြောင့် လှိုင်းအိဖြူ လိပ်ပြာလွင့်ငေးသွားမတတ် လန့်ဖျတ်သွားရလေတော့သည်။

သွားပြီ…။ ငါ သရဲအခြောက်ခံရပြီ…။

ဒီအိမ်ပတ်ဝန်းကျင်နားကို မသွားပါနဲ့လို့ အဆောင်ကရွယ်ချင်းတွေ အတန်တန်တားပါရက်နဲ့ စပ်စပ်ဆော့ဆော့ထွက်လာခဲ့မိတဲ့ ကိုယ့်ရဲ့အမှား…။

"အား…."

အသံတစ်ခုကြောင့် ခံစားလိုက်ရတာတွေက နည်းနည်းမှ မသက်သာ…။

လန့်ဖျတ်သွားသဖြင့် လက်နှစ်ဖက်စလုံးက ရင်ဘတ်ဆဲ ဖိမိတာမို့ ဆူးရင့်ရင့်ကြီးတွေ ထိုးထိုးထောင်ထောင်ထွက်နေတဲ့ ကင်ပွန်းချဉ်ကိုင်းက လက်ဖျံကို ခြစ်မိသွားသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



သွေးတွေ ပန်းမထွက်သော်လည်း လက်ဖျံတဝိုက်မှာတော့ ဆူးကိုင်းခြစ်ရာ သွေးစို့စို့ ဒဏ်ရာတွေနှင့်…။

"ဟာ…မင်းလက်ကို ဆူးတွေခြစ်မိကုန်ပြီ…ဆောရီး…။ ကိုယ် အဲဒီလိုဖြစ်ဖို့အထိ မရည်ရွယ်ပါဘူး‥ကိုယ်တောင်းပန်တယ်နော်…လှိုင်း…"

"ဟင်…."

အံ့အံ့သြသြနဲ့ အသံလာရာကို သူမလှည့်ကြည့်လိုက်တော့ ဟို…စာရေးဆရာ၊ သရဲအမှတ်နဲ့ ခုန်ခဲ့မိတဲ့ ရင်က၊ စာရေးဆရာနဲ့တွေ့တော့မှ သွက်သွက်ခါအောင် ပိုခုန်လာသည်။

လှိုင်း…တဲ့…ရင်းနှီးတဲ့ သူငယ်ချင်းမိတ်ဆွေ တချို့ တစ်ဝက်လောက်သာ ခေါ်တတ်တဲ့ နာမည်လေး…။

"ရှင်…ရှင်က ဘယ်လိုဖြစ်လို့ ဒီနားရောက်နေရတာလဲ…"

"သြော်…လှိုင်းကိုမြင်လို့ ဝမ်းသာပြီး ဆင်းလာခဲ့တာ"

"ဆင်းလာခဲ့တာ…။ ဘယ်ကနေလဲဟင်…"

"ဟိုပေါ်ကနေ…"

ယူကလစ်မြိုင် အိမ်ကြီးရှိရာဆီကို သူ လက်ညှိုးထိုးပြလိုက်တော့ ယုန်မလေးမျက်နှာ သွေးဆုတ်ဖြူလျော့သွားရလေတော့၏…

"အို…အဲဒီ အိမ်ကြီးက သရဲရှိတယ်မဟုတ်လား…သရဲခြောက်တဲ့အိမ်ကြီး မဟုတ်လား…"

သူမစကားကြောင့် သူ အသာအယာပြုံးလိုက်ရင်း…



"လောလောဆယ်တော့ ကိုယ်စားရေးနေတဲ့အိမ်ပေါ့‥မင်းကရော ဒီနားမှာ ဘာလာလုပ်နေတာလဲ…"

ဒီတော့မှ သူမက မလုံမလဲနှင့်ရှက်ပြုံးပြုံးကာ…

"ဟိုလေ…ကင်ပွန်းချဉ် လာခူးတာ…"

"ဟင်…ကင်ပွန်းချဉ်…။ ဘယ်အပင်လဲဟင်…"

"ဟို…အပင်…"

"ဘာလုပ်ရတာလဲ…"

"ဘာလုပ်ရမှာလဲ…ချက်စားရတာပေါ့…"

"ဟုတ်လား‥ဘယ်လိုချက်ရတာလဲ…"

"ကြက်သွန်ဖြူဆီသတ်ပြီး ငါးကြင်းနဲ့ရောချက်ရတာ‥ငါးပိလေးလည်းထည့်ရတယ် အို…ဒုက္ခပါပဲ…ရှင်ဘာတွေ မေးနေတာလဲ…"

အဲဒီလူနဲ့ တွေ့လိုက်တိုင်း လှိုင်းအိမ်ဖြူတို့ ဘာတွေဖြစ်ဖြစ်ကုန်မှန်းမသိ။ ဘတ်(စ်)ကားပေါ်မှာတို့ဆေးနဲ့ အတို့ခံလိုက်ရသလို ခိုင်းသမျှ အကုန်လုပ်ပြီး မေးသမျှအကုန်ကို ဖြေနေမိတော့သည်။

အံ့မခန်းမှာလည်း သူ့ရုပ်တည်ကြီးနဲ့ မေးသမျှကို အူကြောင်ကြောင်လိုက်ဖြေနေတတ်တဲ့ ငတိမလေးကြောင့် ရယ်ချင်စိတ်ကို အတင်းထိန်းထားရလေတော့သည်။

အင်း…ထမင်းဟင်းချက်လည်း ကျွမ်းမယ့်ပုံ…။ ဒီလို ဘာမျိုးလေးသာ အိမ်ရှင်မတော်ခွင့်ရရင် အခုချက်ချင်းတောင် သူ့မင်္ဂလာဆောင်ချင်တယ်…အဟုတ်…။

www.burmeseclassic.com

www.burmeseclassic.com



"မသိလို့ပါဗျာ…ကျွန်တော်က ငတုံးမို့လို့ပါ…"

"လာပြန်ပြီလား…ဒီငတုံး…"

"ဟုတ်တယ်လေ…ဒီအပင်ကို ကင်ပွန်းချဉ်ပင်တွေဘာတွေမှန်း သိတာမဟုတ်ဘူး…။ ဆူးတွေနဲ့ချုံပုတ်ကြီးလို ဖြစ်နေလို့ အနားတောင် သိပ်ကပ်တာမဟုတ်ဘူး…နို့…နေပါဦး…ကင်ပွန်းချဉ်က ဈေးမှာဝယ်လို့မရဘူးလား…။ ဒီအထိတောင် တကူးတက လာခူးရတာလား…"

"ဈေးမှာ ရောင်းတာတွေက အရင့်တွေရှင့်…ဒီလို အဖူးလေးတွေပါတဲ့ လတ်လတ်ဆတ်ဆတ်အရွက်မျိုးက လာခူးမှ ကို ရတာ…"

"ဩော်…သဘောပေါက်ပြီ…သဘောပေါက်ပြီ…"

"ပြောတော့ စာရေးဆရာတဲ့။ နိုင်ငံကျော်ကြီးလုပ်ပြီး ဒါလေးတောင် မသိဘူး"

"နိုင်ငံကျော်တွေ မသိတဲ့အချက်တွေ အများကြီးပဲဗျ…"

"လုပ်ပြီ…ဘယ်လို အချက်တွေလဲ…"

"ဘယ်အရွက်ဟာ ကင်ပွန်းချဉ်၊ ဘယ်ဟာကဖြင့် ဆူးပုတ်ကြီး၊ ဘယ်ဟာက ခံတက်ညွှန့်၊ ဘယ်ဟာက ဒန့်သလွန်ညွှန့် မခွဲတတ်ဘူး…"

"နောက်တော့ရော…"

"ငါးကြင်းနဲ့ ငါးအုံတုံ မခွဲတတ်ဘူး…"

ရယ်ချင်စိတ်ကို အတင်းမျိုသိပ်လိုက်ရပုံပေါ်သည်။ သို့သော် မှင်တည်တည်နဲ့ ဆက်မေးနေဆဲ…။



"နောက်တော့ရော…"

"မျှင်ငပိနဲ့ စိမ်းစားငပိ မခွဲတတ်ဘူး…"

"နောက်တော့ရော…"

"တောကြက်ဥနဲ့ မြို့ကြက်ဥ မခွဲတတ်ဘူး…"

အရည်မရ အဖတ်မရတွေ မေးပြီး၊ အရည်မကျန် အဖတ်မကျန်တွေ ဖြေနေကြမှန်းနှစ်ဦးသား နားလည်ကြပါရက် ရွှတ်ကောင်းကောင်းနဲ့ ဆက်ရှုတ်နေကြသည်။

အံ့မခန်းဆိုတဲ့နေ့က မိမိဖြစ်ချင်တဲ့ဆန္ဒကို သိပ်အားစိုက် ပြောလေ့မရှိဘဲ၊ တစ်ဖက်သားရဲ့ ပျော့ကွက်၊ ဟာကွက်ကိုစောင့် ပြီး ထိုးစစ်ဆင်တတ်တဲ့ ခပ်ညစ်ညစ်လူတစ်ယောက်ဆိုတာ လှိုင်းအိဖြူ မေ့လျော့သွားသည်…ထင်ပါ၏…။

သိပ်မစောင့်ရတော့ပါဘူး လှိုင်းအိဖြူရေ…ဥပမာ တစ် ခုနှစ်ခုလောက်ပြီးရင် မင်းရှိရာ တည့်တည့်ဆီကိုကိုယ့်ရဲ့ ဖုတ် သွင်းရထားကြီး ဆိုက်လာပါလိမ့်မယ်။ မဟာနက္ခမင်းသားလို ရဲရဲကြီး တက်လိုက်လာခဲ့ဖို့သာ ပြင်ပေတော့…။

"နောက်တော့ရော…"

"အင်း…ငါးရံ့ခြောက်နဲ့ ကတ်သပေါင်းခြောက် မခွဲ တတ်ဘူး"

"ပြောနေတာတွေအားလုံးကလည်း အစားအစာတွေ ချည်းပါပဲလား…။ တခြားဥပမာတွေ မပြောတတ်တော့ဘူး လား…"

"ပြောတတ်တာပေါ့…စိတ်မဆိုးကြေး၊ စိတ်ကောက်

www.burmeseclassic.com

www.burmeseclassic.com



ကြေး…”

“မကောက်ပါဘူး··ပြော··နောက်တော့ရော”

“ကိုယ်ချစ်နေတဲ့ မိန်းကလေး ကိုယ့်ရှေ့တည့်တည့်ကြီး ရောက်လာတာတောင် ရည်စားစကားကို ဘယ်ကနေ စပြောလို့ ပြောရမှာမှန်း မသိဘူး…”

“… … … … … …”

“… … … … … …”

❖ ❖ ❖

## အခန်း (၁၀)

ပျော်ရွှင်ကြည်နူးဖွယ်ရာ အတိပြီးတဲ့ အချစ်ရဲ့နေ့ရက်တွေပင်…

မလိုမ့်တပတ်နဲ့ ရည်စားစကားပြောပြီး သူမရဲ့လက်ဖျံက သွေးစို့စို့အနာတရတွေကို သူကိုယ်တိုင် အရက်ပျံနှင့်ဆေးကြောပြီး ဆေးထည့်ပေးခဲ့သည်။

အချစ်အကြောင်းတွေ ထည့်ထည့်ရေးတတ်တဲ့ စာရေးဆရာ၊ မိန်းကလေးတစ်ယောက်ကို ဒီလောက်အထိ ယုယုယယ မပြုစုခဲ့ဖူးသဖြင့် ရင်ဘတ်တစ်ခုလုံး စွတ်ရွှတ်အရည်ပျော်ကြသွားသည်။

ယူကလစ်မြိုင်အိမ်ကြီးထဲမှာ…။

သူမနဲ့သူ နှစ်ယောက်တည်း…။

သွေးစို့နေတဲ့ အနာကို ဆေးထည့်ဖို့ တစ်ခုတည်းနဲ့ သူ့နောက် စွန့်စွန့်စားစားလိုက်လာတဲ့ သူမကို ထပ်လည်းရင်ခုန်အောင် မပြုစားချင်တော့…။

သူမနဲ့သူကြားမှာရှိတဲ့ လှပသိမ်မွေ့လှတဲ့ စည်းဝလေး

www.burmeseclassic.com

www.burmeseclassic.com



ကိုပဲ သူ အသက်လိုတန်ဖိုးထားဖြစ်သွားသည်။

"ပြန်တော့မယ်...အရမ်းကြောက်တယ်..."

"ဘာကို ကြောက်တာလဲ..."

"သရဲကိုရော...ရှင့်ကိုရော..."

သူ အသာအယာပြုံးမိတော့ သူမက လစ်ကနဲထွက်ပြေးသည်။ ဒါမျိုးတော့ ဘယ်ရမလဲ...။ အုံ့မခန်းပဲ...ယင်ကောင်တစ်ကောင်ကို တူနဲ့ညှပ်ဖမ်းတဲ့ သိုင်းကားတွေထဲက ကွန်ဖူးမင်းသားတွေလောက် မလျင်မြန်ပေမယ့်လည်း မိန်းကလေးတစ် ယောက်လွတ်ထွက်မသွားစေရန် 'မှု'နဲ့တော့ ညှပ်ဖမ်းတတ်ပါသေးတယ်။

သူမ လက်ဖဝါးလေးကို ဆတ်ကနဲ ဖမ်းယူလိုက်ပြီး ရင်ခွင်ထဲထည့်လိုက်ကာ

"ကိုယ်မျှော်လင့်နေမယ်နော်...လှိုင်းကို..."

"ဘာကို မျှော်လင့်နေတာလဲ..."

"လှိုင်းရဲ့ အချစ်ကိုပေါ့..."

"ရှင့်ရဲ့ အချစ်ကို ဘယ်လိုယုံကြည်ရမှာလဲ"

"ဘယ်လို ယုံကြည်အောင် ကိုယ်သက်သေပြရမလဲ"

လက်ဖဝါးနုနုကို ဖမ်းဆုပ်ပြီး ရင်ခွင်ထဲထည့်ကာ ခပ်နက်နက်စိုက်ကြည့်ပြီး ပြောနေတဲ့ အုံ့မခန်းရဲ့ ညှို့ငင်အားတွေကို သူမ ခံနိုင်ရည်မရှိတော့...။

"လွှတ်ပါ...ကျွန်မ ပြန်တော့မယ်..."

ဒီလို လွယ်လွယ်နဲ့ ပြန်လို့တော့ ဘယ်ရမလဲ...ဘယ်



'ကျား'မှ ပေါ်မဟုတ်ဘူး လင်းတမလေးရေ...။

ဒီည ကိုယ့်အကြောင်း အိပ်မက်လှလှထည့်မက်ဖို့သာ ပြင်ထားတော့...။

မိန်းကလေးတစ်ယောက်ရဲ့ အားနဲ့ရုန်းနေတဲ့ သူမလက် ကလေးကို ဖြန့်လိုက်ပြီး တရှိုက်မက်မက် နမ်းလိုက်သည်။

မယ်မင်းကြီးမ အူကလီစာ ပြောင်းပြန်လန်သွားသလား တော့မသိ။

ကင်ပွန်းချဉ်ရူးတုန်းက အသုံးပြုခဲ့တဲ့ ကတ်ကြေးအ သေးလေး ယူဖို့ပင် ကျန်သွားခဲ့ရလေတော့သည်။

နောင်တစ်ချိန် ချစ်သူတွေ ဖြစ်သွားကြတော့ သူမက လည်း ပြန်မတောင်းဖြစ်၊ ကိုယ်ကလည်း မပေးဖြစ်။

အချစ်ရဲ့ သင်္ကေတအဖြစ် သိမ်းဆည်းထားလိုက်သည်။

နောင်တစ်ချိန် သေရေးရှင်ရေးတမျှ အရေးကြီးတဲ့အချိန် ကို အရောက်၊ ထိုကတ်ကြေးလေးကပင် သူ့အသက်ကို ကယ် တင်သွားတော့မည်မှန်း ထိုစဉ်က သူတကယ် မသိလိုက်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

အချိန်က ည ဆယ်နာရီ လူခြေတိတ်စအချိန်…။

ခေါင်မိုးပေါ် ဆီးနှင်းတွေ တဖျောက်ဖျောက် ကြွေကျတဲ့အသံနဲ့ မီးလင်းဖိုထဲက မီးစွဲနေတဲ့ ထင်းမီးများရဲ့ တဖျစ်ဖျစ် တောက်လောင်သံတွေကလွဲရင် သူ့အခန်းတစ်ခုလုံး တိတ်ဆိတ်နေသည်။

စိတ်တန်ခိုးတွေနဲ့ ရင်းပြီး လုပ်ရတဲ့အလုပ်တွေနဲ့ ယဉ်ပါး သူပီပီ…ပဥ္စလက်ဆန်တဲ့ ပြကွက်တွေကို ချပြတော့မယ့်သူတစ်ယောက်လို သူ မှော်ဝင်လာလေပြီ။

ဝတ္ထုရဲ့ အရေးအကြီးဆုံး အခန်းတွေရေးဖို့ တစ်နေ့လုံး သူ အနားယူခဲ့ပြီးပြီ။ မျက်စိတဆုံး ကျယ်ပြန့်တဲ့ ကောင်းကင်ကြီးကိုရော တိမ်စိုင်တွေကိုပါ ငေးမောခဲ့ပြီးပြီ။

စိတ်ရဲ့ ခွန်အားတွေအားလုံးနဲ့ရင်းပြီး ရေကုန်ရေခမ်းတိုက်မယ့် ညအရောက်မှာတော့ ကျွမ်းကျင်တဲ့ နတ်ဝင်သည်တစ်ယောက်လို စာရွက်ပေါ် ကလောင်တံချလိုက်ပြီး စာရေးခြင်းကိုစ,တင်တော့၏…။

မယုံကြည်နိုင်စရာ ကောင်းလှစွာ..မှင်တက်အံ့ဩသွယ်ကောင်းလှစွာ ဝတ္ထုထဲက နောက်ခံသမိုင်းကြောင်းတွေဆီ၊ ဇာတ်ကောင် မင်းသား၊ မင်းသမီးတွေဆီ၊ ထူးဆန်းလှတဲ့ ဝိဉာဉ်တွေဆီ သူ့စိတ်တွေ ရောက်သွားသည်။



ဦးနှောက်က တစ်ပေါက်ပြီး တစ်ပေါက်ချပေးနေတဲ့ အမြှမ်းအင်တွေအားလုံး စာရွက်ပေါ် လှပသေသပ်စွာ ချရေးဖြစ်နေပြီ…။

သူ့လက်တွေ တုန်ယင်လာရပြီ။ သူ တော်တော်လေး ယောက်ယက်ခတ်နေသည်။

အရူးတစ်ယောက်လို ကသောင်းကနင်းဆန်လှတဲ့ အာရုံတွေကို အမိအရဖမ်းဆုပ်နေမိသည်။

အာရုံမှာ…မြင်ယောင်လာတဲ့ အတိတ်နမိတ်တွေ၊ အရောင်အဆင်းတွေ၊ မင်းသား၊ မင်းသမီးတွေရဲ့ စိတ်ခံစားမှုတွေ…။

အို…အာရုံမှာ…နောက်ထပ် ပုံရိပ်တစ်ခု….

ဟာ…မိန်းမတစ်ယောက်…သူ့ဝတ္ထုနဲ့ မသက်ဆိုင်လှတဲ့ မိန်းမတစ်ယောက်၊ ဖွင့်ထားတဲ့ စိတ်ပြတင်းပေါက်ကနေဝင်လာသည်။

ဝင်စမ်း…ဒီအချိန်မှာ ငါက နတ်ဝင်သည်။

ကလောင်ကိုင်ထားတဲ့ လက်ချောင်းများက စာရွက်ချပ်တွေပေါ် ပြေးလွှားလွန်းထိုးနေဆဲ…။

စာဖတ်သူတွေ ဖတ်ရင်းနဲ့ ဟာကနဲ ဟင်ကနဲ ဖြစ်လာရတော့မယ့် ဇာတ်ကွက်တစ်ခုရဲ့ အမြင့်ဆုံးအနေအထား…။

www.burmeseclassic.com

www.burmeseclassic.com



ဒီအထိ တက်လာနိုင်အောင် သူ တစ်နေကုန် တိမ်တွေ ရှုမျှော်ခင်းတွေ ထိုင်ကြည့်ခဲ့ရတယ်။

ရေးရင်းနဲ့သူ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျလာခဲ့ရတယ်။

"မောင်…မောင် ကျွန်မကို အဲဒီလို တကယ်ပဲ လုပ်ရက်သလား…"

ဝတ္ထုရေးရင်း သူ့ ဝိဉာဉ်ဆီ ချဉ်းကပ်လာတဲ့ အနီရောင်မိန်းမ…။

ဟင်…။

အံ့သြစရာကောင်းလိုက်တာ…ဒီမိန်းမ ပါးစပ်က ထွက်လာတဲ့ စကားတွေ…

သူလည်း ဝတ္ထုရေးနေရင်း စိတ်တွေ ဂယောက်ဂယက်

အာရုံမှာ လာနှောက်ယှက်နေတဲ့ အနီရောင်မိန်းမမျှာလည်း သူနည်းတူ ဂယောက်ဂယက်…

အို…ငါ သူ့ကို ထင်ထင်ရှားရှားတွေ့နေရပြီ

ဟုတ်တယ်…။

ဆံထုံးမြင့်မြင့်ထုံးထားပြီး ရွှေရောင်ဆံထိုးလေးတစ်ခု စိုက်ထားတယ်။

မရပ်နဲ့…ရေးနေတာတွေရော၊ တွေးနေတာတွေပါ မရပ်နဲ့…။

သရဲတစ်ကောင်တွေ့လိုက်လျှင်ပင် ကြောက်သွားနိုင်လောက်တဲ့ သူ့ရဲ့အနေအထား…။ သူ့ရဲ့ ရေးဟန်တွေ…။

အတန်ကြာသည်အထိ ထိန်းထားခဲ့တဲ့ မော်စွမ်းအား



တွေ…။

ဝတ္ထုရဲ့ အရေးအကြီးဆုံး ဇာတ်ထွင့်ကို တစ်ရစ်ချင်း ချဲ့တင်း…။

အတန်ကြာသည် အထိ…။ အတန်ကြာသည် အထိ…။

"ဟား………"

ပြီးပြီ…။ အားလုံးပြီးသွားလေပြီ…။

စာရွက်ပေါ်မှာ ဆင်တစ်ကောင်၊ ကျားတစ်ကောင်ကို လုပပ ဖမ်းဆီးပစ်လိုက်နိုင်ပြီ။

လူလည်း အရုပ်ကြိုးပျက်တစ်ရုပ်လို ထိုင်ခုံမှာ ခွေ ကျသွားရလေပြီ။

"ကျေ…နပ်…တယ်"

အင်အားတွေ အားလုံးကို စုပ်ထုတ်ခံလိုက်ရသလို နုံး ချွှားသော်လည်း တစ်လုံးချင်း ပီပီသသ ပြောလိုက်တဲ့သူ့ရဲ့ အသံ…။

ဥရောပတိုက်ကြီးတစ်တိုက်လုံးနီးနီး သိမ်းပိုက်ပစ်လိုက်တဲ့ အလယ်ခေတ် စစ်ဘုရင်တစ်ပါးလို ကျေနပ်ပီတိအပြုံးတွေ နှုတ်ခမ်းထောင့်စွန်းမှာ ပေကျံလျက်။

မိုင်လေးရာအကွာက ခြောက်ခြားစရာအိမ်ကြီးအတွင်း နှိုးနှိုးစားစားနဲ့ တစ်ကိုယ်တော် လာရေးခဲ့ရတဲ့ လုံးချင်း ချဉ်အသစ်စက်စက်ကတော့ သူ့ရင်ခွင်ထက် မှေးစက်လို့…။

✦ ✦ ✦

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

အဲဒီညက သူလုံးဝ မအိပ်ဖြစ်ခဲ့…။

စာရေးဆရာတစ်ပိုင်း၊ စုံထောက်တစ်ပိုင်းနှင့် ထိုညကို ယူကလစ်မြိုင်မှာ ခြောက်ခြောက်ခြားခြား ဖြတ်သန်းခဲ့ရသည်။

၁၀၀ရာခိုင်နှုန်း အပြည့်အဝ ပရိသတ်စိတ်ကျေနပ်နိုင်မယ့် အသစ်စက်စက် လုံးချင်းဝတ္ထုသစ်တစ်အုပ်ကို ရင်ဘတ်မှာ အပ်လျက်…။

စောစောက စိတ်ခံစားမှုပြင်းပြစွာနဲ့ စာရေးနေချိန် အာရုံမှာ လာပေါ်တဲ့ အနီရောင်မိန်းမကို သူ ဖျတ်ကနဲ မြင်ယောင်လာမိသည်။

ဆံထိုးလေး…။

ထိုင်နေရာမှ သူ ဆတ်ကနဲ ထ,လိုက်သည်။

ယူကလစ်မြိုင်ကို ရောက်အပြီး နောက်တစ်ရက် သစ်ရွက်ကြွေတွေကြားမှာ အမှတ်မထင်တွေ့လိုက်ရတဲ့ ဆံထိုးလေးကို ပြန်လည်ကြည့်ရှုရန် အံဆွဲကို ဖွင့်လိုက်သည်။

လက်ထဲရောက်လာတဲ့ ဆံထိုးလေးနဲ့ စောစောက အာရုံ



မှာ လာပေါ်တဲ့ အနီရောင်မိန်းမရဲ့ ဆံထုံးထက်က ဆံထိုးလေး…

"ဒီ တစ်ခုတည်းပါပဲလား…"

ကွာတာဆိုလို့ တစ်ခုပဲရှိသည်။ ယခုသူ့လက်ထဲရောက်နေတဲ့ ဆံထိုးလေးက ရွှေရောင်တွေကွာကျနေပြီး သံချေးတချို့ပင် တက်နေလေပြီ။ စောစောက သူ့စိတ်ထဲဝင်ရောက်လာတဲ့ ဆံထိုးလေးကတော့ ရွှေရောင်တဝင်းဝင်း တောက်ပလျက်…။

သူ တစ်ခုခုကို လေးလေးနက်နက်ပင် စဉ်းစားနေတော့သည်။

ယူကလစ်မြိုင်ကို ရောက်လာကြတာချည်း အတူတူဆောင် ကိုယ်က ပန်းတိုင်ကို ရောက်ခဲ့ပြီ။ ဝတ္ထုလည်း ပြီးဆုံးသွားခဲ့ပြီ။ မနက်ဖြန်ပင် ရန်ကုန် ကောက်,ပြန်လိုပါက ပြန်နိုင်ပြီ။ ဒါဆို…သူ့အာရုံဆီရောက်လာတဲ့ အနီရောင်မိန်းမကရော.. သူရောက်ချင်တဲ့ ပန်းတိုင်ရောက်ခဲ့ပြီလား…။ သူ့ရဲ့ ခရီးလမ်းပြီးဆုံးပြီလား…။ လွတ်လွတ်ကျွတ်ကျွတ်နဲ့ တခြားဘုံဘဝကို သူပြောင်းနိုင်ပြီလား…။

မထင်…။

အခက်အခဲတခုခုတော့ သူမမှာ ရှိနေလိမ့်မည်။ ဒါကြောင့် ယူကလစ်မြိုင်ကနေ မခွာနိုင်ဘဲ တဝဲဝဲလည်နေရခြင်းဖြစ်သည်။

"ဒေါက်……."

လက်ထဲ တင်းတင်းဆုပ်ကိုင်ထားလျက်က ဆံထိုးလေး သူ့လက်ထဲကနေ ကြမ်းပြင်ပေါ် ပြုတ်ကျသွားရသည်။

www.burmeseclassic.com



ပြီးစလွယ် ခါးကုန်းပြီး မကောက်ဖြစ်။

ဆံထိုးလေးက ရာဇဝင်ဆိုးတစ်ခုကို ပြောနေသလို။ ဆံထိုးလေးက နာကျည်းစရာ အတိတ်သမိုင်းတစ်ခုကို ပြောနေသလို။ ဆံထိုးလေးက ရက်စက်တတ်တဲ့ လူတချို့အကြောင်း ပြောနေသလို သူခံစားနေရသည်။

လောကမှာ လူတွေကချည်း စကားပြောနိုင်ကြတာ မဟုတ်။

သစ်ပင်တွေ၊ တောင်တန်းတွေ၊ တိမ်စိုင်တွေနဲ့ ပင်လယ်တွေကလည်း စကားပြောနိုင်ကြသည်။

သာမန်နားနဲ့တော့ ကြားနိုင်လိမ့်မည် မဟုတ်။ ကိုယ်ချင်းစာ 'နား'နဲ့ နားထောင်ကြည့်ပါက အားလုံးသော အသံများကို ကြားနိုင်ပါလိမ့်မည်။

ကြမ်းပြင်ပေါ် ဒူးတစ်ဖက်ထောက်လိုက်ရင်း ဆံထိုးလေးကို ကောက်အယူ....

"ဂျစ်...ဂျစ်...ဂျစ်..."

ခပ်အုပ်အုပ် ကုတ်ခြစ်သံတစ်ခု...။

ရှုပ်ထွေးသိမ်မွေ့လှတဲ့ ကိစ္စရပ်တစ်ခုရဲ့ သဲလွန်စကို ဒီညတော့ သူကောက်ယူနိုင်တော့မည် ထင်သည်။

ရေးလက်စ ဝတ္ထုလည်း ပြီးဆုံးသွားပြီဆိုတော့ ယူထ လစ်မြိုင်နဲ့ လွန်ခဲ့တဲ့ ဆယ်စုနှစ်တစ်ခုက ပျောက်ဆုံးသွားတဲ့ မိန်းမသားတစ်ဦးဘက်ကို သူ အပြည့်အဝ ခြေဦးလှည့်နိုင်ပါတော့မည်။



"ဂျစ်...ဂျစ်..."

ဒုတိယအကြိမ်မြောက် ကြားလိုက်ရတဲ့ ကုတ်ခြစ်သံ..။

အသံကို ဒူးတစ်ဖက်ထောက်ပြီး နားစွင့်နေရင်းမှ ခန္ဓာကိုယ်ကို ကြမ်းပြင်ပေါ် ဝမ်းလျားမှောက်ချလိုက်ကာ ညာဘက်နားနှင့် ကြမ်းပြင်ကို အပ်လျက် နားထောင်ကြည့်လိုက်သည်။

အိုး....။

ကြည့်စမ်း....။

အသံတွေ...သူ သတိမထားမိခဲ့တဲ့ အသံတွေ...။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

စတိုခန်းတစ်ခုကို မွှေနှောက်ရှာတော့ ပေါက်ဆိန်တစ်လက်ကို တွေ့လိုက်ရသည်။

ပေါက်ဆိန်ကို တင်းတင်းဆုပ်ကိုင်ရင်း စက်ပိုင်းပုံသဏ္ဌာန် ဒီဂရီထောင့်ချိုးနီးနီး တည်ဆောက်ထားတဲ့ ခြောက်ခြားစရာ လှေကားကို ခြေသံဖွဖွနင်းကာ အောက်ထပ်ဆင်းလာခဲ့ရသည်။

ကြမ်းခင်းနဲ့ 'နား'ကပ်ထားတဲ့ အနေအထား မဟုတ်တဲ့အတွက် အသံဗလံတွေက စောစောကလို မကြားရတော့။

အပေါ်ထပ်မှာကတည်းက အသံလာရာ ဖြစ်နိုင်ချေအများဆုံးရှိမယ့် နေရာကို သူစိတ်မှန်းနှင့်တွက်ချက်လာခဲ့သည်။

အိမ်ကြီးရဲ့ အောက်ထပ်ဘယ်ဘက် အလယ်တစ်နေရာဆီက...။

ဟုတ်တယ်...။

အဲဒီကို သူအခု ဦးတည်လျှောက်လှမ်းလာခဲ့သည်။

"ကျွီ...ကျွီ...ကျွီ..."



မလှမ်းမကမ်းက ဟောင်းလောင်းပွင့်ထွက်နေသည့် တံခါးရွက်တစ်ခု သူ့ဘာသာ ယိမ်းထိုးသွားသည်။

အုံ့မခန်းပဲ...ဖြစ်လာတဲ့ အခြေအနေတိုင်းအတွက် ဘယ်သံသယကိုမှ အကြွေးမထားတတ်..။

ဝါယာရိုန်းစနစ်များ ပျက်ယွင်းနေပြီမို့ မှောင်မိုက်နေတဲ့ အခန်းကျယ်ထဲ စောစောကနေရာ အသံထွက်လျှင်ထွက်ချင်း ဆက်နှိပ်ဓာတ်မီးနှင့် ဆတ်ကနဲ ထိုးကြည့်လိုက်သည်။

ကျေနပ်စရာ အဖြေတစ်ခုက ထွက်လာသည်။

ဆာလောင်မွတ်သိပ်နေတဲ့ ကြွက်တစ်ကောင်...။

အိုကေ...။ အဲဒါတွေ ထားလိုက်တော့...။

သတိကြီးစွာဖြင့်သာ အိမ်ကြီးရဲ့ ဘယ်ဘက်အလယ်ခန်းရှိရာဆီ သူလှမ်းလျှောက်လာခဲ့သည်။

စေ့ပိတ်ထားသည့် တံခါးတစ်ချပ်က သူ့အား စောင့်ကြိုနေလေတော့၏။

ဘယ်လို ဖွင့်ရမလဲ...ညဘက်ကြီး ဒုန်းဒုန်းဒိုင်းဒိုင်းတော့လည်း အသံမမြည်စေချင်...။

ဒါနဲ့ ကိုယ့်သံသယကို ထပ်ပြီးအတည်ပြုလိုတာမို့ တံခါးချပ်ကို နားနဲ့ကပ်ပြီး နားထောင်ကြည့်လိုက်မိပြန်သည်။

"ဟင်...."

အသံတွေ...။ အတော်လေး ကြည်လင်စွာ ကြားနေရသည်။

ထိုင်ခုံ ဆွဲရွှေ့သံတွေလိုလို သံကြိုးအကြီးကြီးတွေ အ

www.burmeseclassic.com

www.burmeseclassic.com



ချင်းချင်း၊ ပွတ်တိုက်သွားသံလိုလို…။ တစ်ခါတရံ ဝူးဝူးဝါးဝါး အော်သံ ဟစ်သံတွေလိုလို…။

စောစောက ဝတ္ထုတစ်အုပ်ရေးပြီးသွားလို့ ပျော်နေတဲ့ အပျော်တွေပင် သူ့မှာ မရှိတော့..။

အောက်မှာ လူသားတစ်ယောက်ယောက် ဒုက္ခရောက်နေတာများလား။ ဒါမှမဟုတ် စိတ်ကူးယဉ်သရဲကားတွေထဲကလို သွေးစုပ်ဖုတ်ကောင်တစ်ကောင်ကို နှစ်ပေါင်းများစွာ ကြာသည့်တိုင် အရှင်လတ်လတ်နဲ့ သံကြိုးခတ်ထားကြတာများလား…။

အမှတ်မရှိစွာပင် သော့ခတ်ထားတဲ့ တံခါးရဲ့ သွေးမြည့်နေတဲ့ သစ်သားအပေါက်ကလေးတစ်ခုကနေ အထဲကို ချောင်းကြည့်မိပြန်သည်။

အရင်တစ်ခေါက်ကလို သရဲမနဲ့ တည့်တည့်တိုးနေမှာ ဒုက္ခ၊ ပြောလို့ရတာမဟုတ်၊ အခုတောင် အနောက်ကနေ ကိုယ့်ကို ကြည့်နေလေသလား မပြောတတ်။

အနားမှာ တစ်စုံတစ်ရာ ရှိနေတာတော့ သေချာသည်။ ကြက်သီးမွေးညှင်းတွေလည်း ထနေသည်။

အကြီးကျယ်ဆုံးအလုပ်တစ်ခုကို အသက်နဲ့လောင်းကြေးထပ်ပြီး လုပ်မိနေပြီဆိုတာတော့ သူသိသည်။

နောက်မဆုတ်ချင်တော့…

ပထမတော့ သစ်သားပေါက်ကနေ ချောင်းကြည့်လိုက်ရာ ဘာမှသဲသဲကွဲကွဲမမြင်ရ။

နောက်တော့မှ မျက်လုံးက ကျင့်သားရလာပြီး အမှောင်



အောက်ကအရာများကို ထိုးထွင်းမြင်ရလာသည်။

သူ သေသေချာချာ ထပ်ကြည့်မိပြန်သည်။

စောစောက ထင်ထားသလို အခန်းတစ်ခန်းတော့ မဖြစ်နိုင်။

လှေကားတစ်ခုက အောက်သို့ ကွေ့ဝိုက်ပြီး ဆင်းသွားသည်။ ဒါဆို သူရပ်နေတဲ့ တံခါးက လှေကားရဲ့ထိပ်ကို စေ့ပိတ်ထားတဲ့ တံခါးပေါ့…။

ဘုရား…ဘုရား…ဒါဟာ မြေအောက်ခန်းကို သွားတဲ့ လမ်းများလား။ ယူကလစ်မြိုင်ကြီးရဲ့ ဖွဲ့စည်းတည်ဆောက်မှုပုံစံတွေက အဲဒီလောက်တောင် ရှုပ်ထွေးသတဲ့လား။

ပေါက်ဆိန်ကို ကိုင်ထားရတဲ့ သူ့လက်တွေယားလာသည်။

ကိုယ့်ရှေ့မှာ စိမ်းစိမ်းကြီး ခတ်ထားတဲ့ သော့ခလောက်ကို ရိုက်ဖွင့်ပစ်ချင်လာသည်။

အောက်ထပ်က တစ်စုံတစ်ရာဟာ ရန်သူလား၊ မိတ်ဆွေလား၊ လူလား၊ သရဲလားလည်း မသိရ။ ကိုယ့်ကို အန္တရာယ် စက်ကွင်းထဲ မျှားခေါ်နေတာလား။ ကယ်တင်ဖို့ အကူအညီ တောင်းနေတာလားလဲ မသိရ။

နောက်ဆုံးတော့ အကျပ်အတည်းတွေနဲ့ ကြုံတွေ့လာရတဲ့အခါတိုင်း သတ္တိရှိရှိနဲ့ ထိပ်တိုက်ရင်ဆိုင်တွေ့ဆုံပစ်တတ်တဲ့ အကျင့်အတိုင်း သော့ခလောက်ကို ပေါက်ဆိန်နှင့် အားပါးတရ ခုတ်ချပစ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒုန်း....ဒုန်း..."

ကြောက်စရာကောင်းလှတဲ့ သံမဏိချင်းပွတ်တိုက်သွားတဲ့ အသံနဲ့အတူ ယူကလစ်မြိုင်ကြီးတစ်ခုလုံး သိမ့်သိမ့်တုန်သွားရလေတော့သည်။

သူ့တစ်ကိုယ်လုံး တဆတ်ဆတ်တုန်ခါလျက် ဇောချွေးတွေ စိမ့်ထွက်လာ၏...။

ထင်တဲ့အတိုင်းပင်...။

မြေအောက်ခန်းရှိရာဆီကို မြွေလိမ်မြွေကောက်သဏ္ဍာန်ခေါ်ဆောင်သွားမည့် ကြောင်အိမ်လှေကားတစ်ခုက သူ့အား ဆီးကြိုနေလေတော့သည်။

ခြေတလှမ်းပြီးတစ်လှမ်း မှန်မှန်ဆင်းလာခဲ့ရာ အသံဗလံများမှာလည်း ပိုမိုကြည်လင်စွာ ကြားလာရသည်။

စောစောက အသံတွေချည်းပါပဲ။

ဟင်...။ တွေ့ရပြန်ပြီ...စေ့ပိတ်ထားတဲ့ တံခါးတစ်ချပ်။

ဒီအခန်းတံခါးကိုတော့ အရင်အိမ်ရှင်တွေ အသုံးမပြုဖြစ်ကြဘူးနဲ့ တူပါရဲ့။ ကနုတ်နွယ်များပါတဲ့ ရှေးဟောင်းသော့ခလောက်တစ်ခုက သူ့ကို စောင့်နေပြန်သည်။

"ဒုန်း..."

အခန်းတံခါးကို သတိနှင့်သူစောင့်ကြည့်နေဆဲမှာပင် အထဲက တစ်စုံတစ်ယောက်က ဘာလုပ်လိုက်သည်မသိ ဒုန်းကနဲ မြည်ဟီးသံနဲ့အတူ တံခါးကြီးတုန်ခါသွားရပြီ။



ဟာ...ဒီမှာ ချောင်းကြည့်ပေါက်ကလေးတစ်ခုပါလား...။

ခြေသံကို အတတ်နိုင်ဆုံးဖွဖွ နင်းလျှောက်ကာ အသက်ဝင်မရှူဝံ့တော့ဘဲ ချောင်းကြည့်ပေါက် မှန်ဘီလူးကတစ်ဆင့်အထဲကို သူကြည့်လိုက်ရာ...။

"ဟာ..."

လိပ်ပြာလွင့်စဉ်သွားမတတ် သူခြောက်ခြားသွားရပြီ။

မြေအောက်ခန်းထဲရောက်နေတဲ့ နောက်ထပ်တစ္ဆေတစ်ကောင်...။

* * *

www.burmeseclassic.com

## အခန်း (၁၄)

"အဘွား...အဘွား...နေပါဦး..."

သူက နောက်ကနေ လှမ်းတားတော့ အဘွားကြီးက ကုပ်ချောင်း၊ ကုပ်ချောင်းနှင့် ရှေ့ကနေ ပိုပြေးသည်။

တစ်ညလုံး မအိပ်စက်ခဲ့ရသဖြင့် မျက်လုံးတွေလည်း ကျိန်းစပ်မူးဝေနေလေပြီ။

"အဘွား...နေပါဦးဆို..."

သူ လှမ်းတားနေသည့် အဘွားကြီးမှာ ယူကလစ်မြိုင်ကို သူစ,ရောက်သည့် ညနေခင်းက စာရေးဆရာညိုလွင်မှိုင်း ကြိမ်းမောင်းခဲ့သည့် အဘွားကြီးဖြစ်၏။

အကျင့်စာရိတ္တမကောင်း၊ လစ်ရင်လစ်သလို တိုတတ်သူ...

အခုအချိန်အထိ ယူကလစ်မြိုင် အခြေအနေအရပ်ရပ်ကို သူ သဘောမပေါက်နိုင်သေး။ သဘောပေါက်နိုင်စေရန် အသည်းအသန် ကြိုးစားနေရဆဲဖြစ်သည်။

ဒီအကြောင်းကို ပြောရမည်ဆိုလျှင် မနေ့ညက ကိစ္စကို



ပြန်ပြောမှ ဖြစ်လိမ့်မည်။

မနေ့ညက ချောင်းကြည့်ပေါက်ကနေ ပုံရိပ်တစ်ခုကို စ,စတွေ့တွေ့ချင်း မကောင်းဆိုးဝါးတစ်ကောင်လို့ သူထင်ခဲ့သည်။

နောက်တော့ အခြေအနေက သူထင်သလို မဟုတ်...

လူသားတစ်ဦး...။

တိတိကျကျ ပြောရမည်ဆိုပါမူ လူသားတစ်ဦးနှင့် [illegible]သမှုကို မတူတော့သည့် လူသားတစ်ဦး...။

ဆံပင်တွေက အစိုင်အခဲတွေလို ဂျပ်ဖြစ်နေပြီး တစ်ကိုယ်လုံး စုတ်ပြတ်ညစ်ပတ်ကာ အရှက်လုံရုံ နံငယ်ပိုင်းကလေးနှင့် ရယ်လိုက်၊ ငိုလိုက်၊ ပေါက်ကွဲလိုက်ဖြစ်နေသည်။

ဒီလူကို တွေ့တွေ့ချင်း ဦးညိုကိုသော်လည်းကောင်း၊ [illegible]ခင်းကိုသော်လည်းကောင်း ဖုန်းဆက်ဖို့ သူသတိရပါသေးသည်။

အရင်ဆုံး လက်ထဲက ပုဆိန်နဲ့သော့ခလောက်ကို ရိုက်[illegible]ပြီး ထိုသူကို ကယ်ထုတ်ပစ်ရန်အထိ သူ ဆုံးဖြတ်လိုက်[illegible]သည်။

နောက်တော့ သူ တမျိုးစိတ်ပြောင်းသွားပြန်၏...။

ချောင်းကြည့်ပေါက်ကနေ မြေအောက်ခန်းကို ခြုံငုံလှ[illegible]လိုက်တော့ ပြတင်းပေါက်တစ်ခုကနေ လရောင်ဖြာကျနေ[illegible]သည်ကို တွေ့လိုက်ရသည်။

သူပြန်စဉ်းစားကြည့်လိုက်တော့ ယူကလစ်မြိုင်ကို

www.burmeseclassic.com

www.burmeseclassic.com



ဆောက်ထားသည့် Foundation မြေကြီးရဲ့ အနေအထားကို သတိထားမိသွားပြန်သည်။

ဆင်ခြင်လျော့သဏ္ဍာန် ရှေ့ပိုင်းမြင့်၍ နောက်ပိုင်းနိမ့်သော ကမူအပေါ် ဆောက်ထားသဖြင့်။

အိမ်နောက်မျက်နှာစာက အိမ်ရှေ့မျက်နှာစာထက် အနည်းငယ်မြင့်နေသယောင် ဖြစ်နေသည်။

ဒါကြောင့် ဒီလူရှိတဲ့အခန်းဟာ ရှေ့ပိုင်းမှာ မြေအောက်ခန်းပုံစံဖြစ်နေပြီး၊ နောက်ပိုင်းအရောက်မှာတော့ မြေကြီးပေါ်ပေါ်နေရမည်။

လရောင်ဖြာကျနေသည့် ပြတင်းတံခါးက သက်သေခံနေလေသည်။

ဒါဆို ဒီအိမ်ကြီးမှာ သူ ဒီလောက်နေလာပါရက်နဲ့ အဲဒီပြတင်းတံခါးကတစ်ဆင့် ဒီလူကို သူဘာ့ကြောင့် မတွေ့ခဲ့ရပါလိမ့်...။

အဖြေက ရှင်းနေသည်။

ထို ပြတင်းတံခါးဝန်းကျင်တွင် ဂျာမဏီခြုံပုတ်ကြီးတစ်ခု ရှိနေပြီး၊ တွယ်ကပ်ပေါက်နေသည့် တိုက်ပန်းများပင် အပွင့်အနီကလေးများ ပွင့်နေကြသည်။

တစ်ခါတရံ မြွေတွေဝင်သွားတာ မြင်မိသလို၊ တစ်ခါတရံငှက်တွေဝင်သွားတာ တွေ့မိ၍ ထိုခြုံပုတ်ထဲ စပ်စပ်စုစုနှင့် သူဝင်မကြည့်ခဲ့။

ထို့ကြောင့် ထိုပြတင်းပေါက်ကို သူ သတိမထားမိခဲ့



ရတာဖြစ်ပြီး စိတ်ဝင်စားစရာ ကောင်းလှတဲ့ထိုသူ့ကိုပါ သူ မသိရှိခဲ့ရခြင်းဖြစ်လေသည်။

ဒါတွေ အသာထားဦး..။

အခု စဉ်းစားရမှာက ဒီလူ့အကြောင်းဖြစ်သည်။

လနဲ့ချီပြီး ဒီအိမ်မှာ ကိုယ်စာရေးခဲ့ပါရက်နဲ့ ယူကလစ်ခြိုင်မှာ နောက်ထပ် သက်ရှိလူသားတစ်ဦးရှိနေမှန်း သူလုံးဝလုံးဝ မရိပ်မိခဲ့။

ဒီလူကို ဒီအထဲမှာ ဘယ်သူပိတ်လှောင်ထားခဲ့တာလဲ။ ဒီလူ အသက်ရှင်ရပ်တည်ဖို့ ဘယ်သူက ထမင်းဟင်းကျွေးနေတာလဲ..။

ထူးခြားမှုတစ်ခုကို ထပ်တွေ့ရပြန်သည်။

စားကြွင်းစားကျန်အနည်းငယ်ရှိသေးတဲ့ ပန်းကန်ပြားတစ်ချပ်နဲ့ ခပ်လှမ်းလှမ်းက မစင်ပုံတစ်ခု။

ဒီ နှစ်ချက်တည်းနဲ့ပင် ဒီလူကို တည်ကြက်ထားပြီးသားကောင်ထောင်ဖမ်းဖို့ သူ ဆုံးဖြတ်လိုက်သည်။

နောက်တစ်နေ့ရောက်တော့ တောစပ်တစ်နေရာကနေ ထိုပြတင်းတံခါးရှိရာ ခြုံပုတ်ကြီးဆီ မည်သူများချဉ်းကပ်လာလေမလဲဆိုတာ သူစောင့်ကြည့်နေခဲ့သည်။

သူ တွေ့ချင်သည့်သူက နေ့လယ်ထမင်းစားချိန်အမီရောက်လာခဲ့ပါသည်။

ယူကလစ်ခြိုင်ကို စ,စရောက်ချင်းနေ့မှာပင် သိပ်မဆောင်းတဲ့အနေအထားနဲ့ ရင်းနှီးခဲ့ရတဲ့ အဘွားကြီး...။

www.burmeseclassic.com

www.burmeseclassic.com



"အဘွား…အဘွားကို ကျွန်တော်ပြောနေပြီ…။ ဒုက္ခမပေးပါဘူးလို့.."

မရ…။ အဘွားကြီးက ရှိသလောက် ခွန်အားနှင့်ထွက်ပြေးနေ၏။

"တစ်ခုခု မတရားအလုပ်ခံထားရလို့လား…။ ကျွန်တော့်ကို ဖွင့်ပြောပြပါ…"

ဒီစကားတစ်ခွန်းတည်းနဲ့တင် ပြေးလွှားနေရင်းမှ အဘွားကြီး ရပ်သွားရသည်။

နောက် ချုံးပွဲချပြီး ငိုကြွေးပါလေတော့၏။

သူလည်း တစ်ညလုံးမအိပ်ခဲ့ရတဲ့ကြား ပြေးလွှားနေရ၍ မောပန်းနွမ်းနယ်လျက်ရှိပြီး။

"အံ့သြစရာပဲဗျာ…ဒီအိမ်မှာ ကျွန်တော်နေလာတာ လနဲ့ချီနေပြီ။ မနေ့ညကမှပဲ မြေအောက်ခန်းထဲမှာ နောက်ထပ်သက်ရှိလူသားတစ်ယောက် ရှိနေမှန်းသိတော့တယ်.."

"အီး…ဟီး…ဟီး…"

"မငိုပါနဲ့ အဘွားရယ်…ဖြစ်သမျှ ကျွန်တော့်ကို ဖွင့်ပြောပါ…။ ကျွန်တော် ကူညီနိုင်သလောက် ကူညီပေးပါ့မယ်။ အဲဒီလူက ဘယ်သူလဲဟင်…"

"အဘွားသားပါ…"

"ဟင်…အဘွား သား…"

"ဟုတ်ပါတယ်…"

"သူ ဘာလို့ ယူကလစ်မြိုင်ရဲ့ မြေအောက်ခန်းထဲ



ရောက်နေရတာလဲ"

"အဘွားတို့ ပို့ခဲ့ကြတာ…"

"ဘာဖြစ်လို့လဲ…"

"မနိုင်လို့ပါ…"

"ဒီ အခန်းထဲ ရောက်နေတာ ဘယ်လောက်ကြာပြီလဲ အဘွား…"

"ဆယ်နှစ်…"

"ဘာ… … …"

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

"သားက ငယ်ငယ်လေးကတည်းက သန္တေဆိုးတယ်။ ကောင်းတာထက်စာရင် မကောင်းတာတွေပဲ လုပ်တတ်တယ်။ ကျောင်းနေရမယ့် အရွယ်ရောက်တော့လည်း ကျောင်းခန်းထဲမှာ သူမပျော်ဘူး။ ကျောင်းလစ်တယ်။ မြို့ပတ်ရထားတွဲတွေ ခိုးစီးပြီး လေလွင့်နေတတ်တယ်"

အဘွားကြီးနဲ့သူ မိုးမခပင်တစ်ပင်အောက်မှာ ထိုင်နေကြခြင်းပါ။

"ငယ်ငယ်လေးနဲ့ ဆေးလိပ်ခိုးသောက်တတ်နေပြီးနောက် ဆေးခြောက်ပါစွဲလာတယ်။ အဘွားတို့လင်မယားဆင်းရဲတယ်။ သိရက်နဲ့ မညှာဘူး။ ရှိစုမဲ့စုပစ္စည်းတွေ ထုခွဲပြီး ဆေးခြောက်ရှူတယ်..."

"ဩော်..."

"တစ်ရက်ကျတော့ သားပျောက်သွားခဲ့တယ်။ လွမ်းခဲ့တဲ့ ဆယ်နှစ်လောက်ကပေါ့။ သားဆိုးလေး မွေးထားတယ်ဆိုပေမယ့် မိဘတွေပဲ။ ချစ်တာပေါ့...။ ရှာပေမယ့် မတွေ့တော့



ဘူး...။ ဒါပေမဲ့ အဘွားတို့ ကံဆိုးတယ်ပြောမလား။ ကံကောင်းတယ် ပြောမလား။ သားကို ရှာနေတုန်းမှာပဲ သားပြန်ရောက်လာခဲ့တယ်။ ပြန်ရောက်လာတဲ့အခါမှာ သွက်သွက်ခါအောင် ရူးနေပြီ..."

"ဆေးကြောင်ကြောင်သွားတာများလား အဘွားရယ်"

"ဆေးကြောင်ကြောင်တဲ့ အဆင့်မဟုတ်ဘူး။ လုံးဝကို ရူးသွားတဲ့အဆင့်...။ အဘွားတို့မှာ တစ်ပူပေါ်နှစ်ပူဆင့်ခဲ့ရပြီလေ...။ သားရောဂါပျောက်ကင်းအောင် ဆေးရုံတွေသွားပြကြရတယ်။ ရှိသမျှ ထုခွဲရောင်းချခဲ့ရတယ်။ ဘာမှလည်း မကျန်တော့ဘူး။ နေစရာလည်း မရှိတော့ဘူး။ ဘယ်ဂေဟာ၊ ဘယ်ဆေးရုံကမှလည်း သားကို လက်မခံကြတော့ဘူး။ ဒီကလေးကို အဘွားတို့ ဘယ်သွားထားရမလဲ...ပြော..."

တံတွေတစ်ချက်ကို အနိုင်နိုင် သူမျိုချလိုက်ရလေသော့၏။

"တခါတလေသားက ဓားတစ်ချောင်းနဲ့ လမ်းထဲပတ်ခုန်းချင်ရမ်းနေတာ။ ပတ်ဝန်းကျင်မှာ လွတ်ထားလို့ မရနိုင်လောက်အောင်ကို အန္တရာယ်များလာခဲ့ပြီလေ။ သူ့အတွက်နောက်..ပတ်ဝန်းကျင်အတွက် လုံခြုံစိတ်ချရမယ့် အခန်းတစ်ခုထဲ ထည့်ထားဖို့ အဘိုးကြီးနဲ့ တိုင်ပင်ကြတော့ လူမနေတဲ့ ယုကလစ်မြိုင်အိမ်ကြီးကိုပဲ ရွေးချယ်လိုက်ကြတယ်"

သူကတော့ ခေါင်းညိတ်၍သာ နားထောင်နေဆဲ...။

"လူလေး စဉ်းစားကြည့်စမ်း..။ ဆေးကုရင်းနဲ့ အ

www.burmeseclassic.com

www.burmeseclassic.com



ဘွားတို့ ဆင်းရဲမွဲတေသွားကြတယ်။ နေစရာလည်း မရှိကြတော့ဘူး။ အစိုးရဂေဟာတွေကလည်း သူ့လူနာနဲ့သူ ပြည့်နေလို့ ဘယ်ကမှ လက်မခံကြတော့ဘူး။ အဘွားတို့ ဘာလုပ်ရမလဲဟင်··။ ဒီသားလေးကို သတ်ပစ်လိုက်ရမလား···။ ကိစ္စတုံးစီရင်ပစ်လိုက်ရမလား···"

ပြောရင်း အဘွားကြီးက ထပ်မံငိုကြွေးပြန်သည်။

"ဒါနဲ့ပဲ ယူကလစ်မြိုင်ရဲ့ ဘယ်ဘက်ခြမ်းက မြေအောက်ခန်းမှာ သားကို လာစွန့်ပစ်ခဲ့ရတယ်။ အဲဒီအခန်းက မြေအောက်ခန်းဆိုတော့ အသံလုံတယ်လေ။ လူလေးလည်း သိပါတယ်။ အိမ်ကြီးရဲ့ ဘယ်ဘက်ကနေ ပတ်သွားရင်တော့ ပြတင်းပေါက်တစ်ခုကို တွေ့ရလိမ့်မယ်။ အဲဒီပြတင်းပေါက်ကို ဘယ်သူမှ မရိပ်မိအောင် ခြုံပုတ်တွေနဲ့ အဘွားတို့ ဖုံးခဲ့ကြတယ်။ ယူကလစ်မြိုင်ကို အလည်သဘောလောက် လာတည်းကျမယ့်သူတွေဆိုရင် ဒီအိမ်ရဲ့မြေအောက်ခန်းမှာ အရူးတစ်ယောက်ရှိနေမှန်း သိကြလိမ့်မယ် မထင်ဘူး···"

"ကျွန်တော်လည်း မသိဘူး···မနေ့ညကမှ သိသွားတာ"

"လူလေးက ဘယ်လိုသိသွားလဲ···"

"ပစ္စည်းတစ်ခု ပြုတ်ကျသွားလို့ ငုံ့အကောက် အသံတစ်သံကြားလိုက်လို့ မသင်္ကာဖြစ်ပြီး ကြမ်းပြင်နဲ့နားနဲ့ 'ကပ်' နားထောင်ကြည့်လိုက်ရင်းကနေ မြေအောက်ခန်းကို တွေ့ခဲ့တာ···"



"ဪ···"

"တွေ့တွေ့ချင်း ကျွန်တော် တစ္ဆေလို့ကို ထင်သွားတာ အဘွား···"

"ထင်မယ်ဆိုလည်း ထင်လောက်ပါတယ်လေ။ ဆယ်နှစ်လုံးလုံး အခန်းကျဉ်းလေးထဲမှာ နေခဲ့ရတာဆိုတော့ အဘွားတို့ရက်စက်တယ်လို့လည်း လူလေး ထင်ကောင်းထင်နိုင်တာပေါ့ ဒါပေမယ့် မိဘဝတ္တရားကို တတ်နိုင်သလောက် ကျေပြွန်အောင် လုပ်ပေးခဲ့ပါတယ် လူလေး။ နေ့လယ်ဆယ့်နှစ်နာရီဝန်းကျင်ရောက်တာနဲ့ ထမင်းဟင်းနှစ်နပ် ပို့ပေးခဲ့တယ်။ အဲဒီ ပြတင်းပေါက်တွေက တစ်ဆင့်ပေါ့။ သူ့ရဲ့ အညစ်အကြေးတွေကိုလည်း အဲဒီပြတင်း ပေါက်ကနေ အပေါက်ကလေးတစ်ခုလုပ်ပြီး ဂေါ်နဲ့ကျုံးယူပေးခဲ့တယ်။ ဝတ်စရာအဝတ်အစားတွေကအစ အားလုံးပို့ပေးတယ်"

"ချီးကျူးပါတယ် အဘွားရယ်။ ဆယ်နှစ်လုံးလုံး ထမင်းဟင်းမပြတ်လာပို့နိုင်တယ်ဆိုတဲ့ အဘွားတို့ရဲ့ မေတ္တာတရားဟာ အရမ်းကို ကြီးမားလွန်းပါတယ်။ ကျွန်တော်လည်း ဆရာဆရာက တောစပ်ကနေ ချောင်းနေတာ။ အဘွားလုပ်ပုံ ကိုင်ပုံတွေ တွေ့ခဲ့ပြီးပါပြီ။ ဒါပေမဲ့ ဒါဟာ ပြဿနာရဲ့ ဖြေရှင်းနည်း အစစ်တော့ မဟုတ်ဘူးနော် အဘွား···"

"အိမ်မှာဆို အဘိုးကြီးနဲ့ အဲဒါပဲ တိုင်ပင်ကြတာ။ အဘွားတို့က ခြောက်ဆယ်ကျော် ခုနစ်ဆယ်နားကပ်နေပြီ။ အဘွားတို့သေရင် ဒီကလေးကို ဘယ်သူပြုစုကျွေးမွေးကြမလဲ။

www.burmeseclassic.com

www.burmeseclassic.com



ဒီကလေးရဲ့ အနာဂတ်ဘယ်လို ရှင်သန်အောင် လုပ်ရမလဲ။ ဆင်းရဲသားတွေဆို ဘုရားက မျက်နှာသာပေးသနားတော်မမူတတ်ဘူးသား...”

“မပူပါနဲ့...။ ကျွန်တော် ဒီမြို့ကလေးကနေ ကိစ္စနှစ်ခု အောင်မြင်ပြီးမှ ပြန်မှာပါ...။ တစ်ခုက အဘွားသားကိစ္စ။ နောက်တစ်ခုကတော့ ကျွန်တော့်ရှေ့ကို ရုံဖန်ရံခါ ရောက်လာတတ်တဲ့ ဝိညာဉ်တစ်ကောင် ကိစ္စ..”

အံ့မခန်းစကားကြောင့် အဘွားကြီး မျက်လုံးပြူးသွားရပြီး...။

“ဟင်...အဲဒီမိန်းမကို လူလေးတွေ့ပြီးပြီလား...”

“တွေ့ပြီးပါပြီ...။ သူ့ ကြည့်ရတာလည်း မတရားတာတစ်ခုခုကို ခံခဲ့ရတဲ့ ပုံပါပဲ...”

“လူလေးက သတ္တိကောင်းလှချည်လား။ လူလေးရဲ့ စိတ်ဓာတ်ကိုလည်း အရမ်းကို ချီးကျူးမိပါတယ်။ နို့...အဘွား မသိလို့ မေးစမ်းပါရစေဦး...။ လူလေးက ဘာလုပ်တာလဲဟင် ဘာကိစ္စအတွက်နဲ့ ယူကလစ်မြိုင်ကြီးမှာ တစ်ယောက်တည်း လာနေနေရတာလဲ...”

အဘွားကြီး စကားကြောင့် သူ အသာအယာပြုံးလိုက်ရင်း...

“စာရေးဆရာဆိုပါတော့ဗျာ။ ခြောက်ခြောက်ခြားခြား စိတ်ခံစားမှုတွေ လိုချင်လို့ကို တကူးတကနဲ့ ယူကလစ်မြိုင်ကြီးဆီ လာခဲ့တယ်ဆိုပါတော့။ ကျွန်တော့်ဝတ္ထုကိစ္စက ရေးလို့ပြီး



သွားပါပြီ။ အရမ်းကောင်းတဲ့ လက်ရာတစ်ခုကို ယူကလစ်မြိုင်ရောက်မှပဲ ဖန်တီးလို့ရခဲ့တယ်။ ဒါ့ကြောင့် ကျေးဇူးဆပ်တဲ့အနေနဲ့ အဘွားသားကိစ္စရယ်၊ အနီရောင်အင်္ကျီနဲ့မိန်းမကိစ္စရယ်ကို ရန်ကုန်မပြန်ခင် ပြေလည်အောင်ဖြေရှင်းပေးခဲ့ချင်တယ်”

“သြော်...အဘွားတစ်သက်မှာ ဒီလိုစိတ်ဓာတ်ပိုင်ရှင်မျိုး ဒီတစ်ခါပဲ တွေ့ဖူးပါသေးတယ် လူလေးရယ်...”

“အဘွားကို ကျွန်တော်မေးပါရစေဦး..”

“မေးပါ...လူလေး...မေးပါ...”

“အဘွားသားကိစ္စက သိပ် သွေးရိုးသားရိုးတော့ မဆန်ဘူး...။ ဆေးစွဲနေတဲ့ ခပ်ဆိုးဆိုးလူတစ်ယောက်..။ အိုကေ.. ဒီအထိ လက်ခံတယ်။ အိမ်ကနေ ရုတ်တရက် ပျောက်သွားတယ်...။ ပြန်ရောက်လာတော့ သွက်သွက်ခါအောင်ရူးနေပြီ...။ သူဘာကြောင့် ပျောက်သွားရတာလဲ...။ ဘာ့ကြောင့် သွက်သွက်ခါအောင် ရူးပြီးမှ ပြန်ရောက်လာရတယ်...။ အဲဒီအပေါ် အဘွား ဘယ်လိုမြင်မိလဲ...”

“အဘွားတို့က ပညာလည်း မတတ်ပါဘူး။ လူလေးစဉ်းစားသလိုတောင် မစဉ်းစားမိခဲ့ပါဘူး။ တစ်မြို့လုံးကတော့ အဲဒီအချိန်တုန်းက ပြောကြပါတယ်”

“ဟုတ်ကဲ့...ဘယ်လို ပြောကြလဲ အဘွား...”

“အပြုစားခံလိုက်ရတာ...တဲ့...”

“ဘယ်လို...”

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

သူ့ရဲ့ အသစ်ထွက်ရှိလာတဲ့ လုံးချင်းဝတ္ထု ဝက်ဝက်ကွဲအောင်မြင်နေချိန်တွင် သူက ရန်ကုန်မြို့၌ ရှိမနေ။

နယ်မြို့လေးတစ်မြို့ရဲ့ ခြောက်ခြောက်ခြားခြားအိမ်ကြီးထဲမှာ အညတရလူတစ်ယောက်လို နေနေပြီး စုံထောက်ကြီးလုပ်လိုက်၊ အသစ်စက်စက်ချစ်သူလေးနဲ့ အားလပ်ရက်တွေမှာ ရှုခင်းကောင်းကောင်းနေရာတွေဆီ လျှောက်လည်လိုက်နဲ့ အချိန်ဖြုန်းနေလေသည်။

"လှလိုက်တာ…အဲဒါ ဘာပန်းတွေလဲဟင် လှိုင်း…ချယ်ရီအဖြူတွေလား…"

အရွက်ရယ်လို့ မတွေ့ရဘဲ ရိုးတံတစ်လျှောက်မှာ ချယ်ရီပန်းတွေလို ပြွတ်ခဲနေအောင် ပွင့်နေသည့် အပင်တန်းများရှိရာဆီ စက်ဘီးနင်းလာရင်း၊ နောက်က သူ့ခါးကို ဖက်ကာထိုင်နေသူ လှိုင်းကို မေးတော့…။

"မဟုတ်ဘူး…အဲဒါ မက်မန်းပွင့်တွေ‥။ မက်မန်းသီးစားဖူးတယ် မဟုတ်လား…"



"အင်း…"

အင်းသာနေရသည်။ လူပိုတစ်ယောက်တင်ပြီး စက်ဘီးမနင်းဖူးသဖြင့် သူဟောဟဲလိုက်နေလေတော့၏။

"မက်မန်းဝိုင်သောက်ဖူးတယ် မဟုတ်လား…"

"အင်း…ဟူး…"

"အဲဒီ မက်မန်းကိုပြောတာလေ‥။ အပွင့်ပွင့်ပြီးတာနဲ့ အဖူးတွေလိုက်လာလိမ့်မယ်။ …ဘာ…ဟူးတာလဲ"

"ပြောရရင် စက်ဘီးသိပ်နင်းဖူးတာ မဟုတ်ဘူး။ ဆာနေပြီ…"

"မောရင်ဆင်းလေ…လှိုင်း တစ်လှည့်နင်းမယ်…"

"အာ…မဟုတ်တာ…နေ၊ နေ…"

ဂေါဖီထုပ်နဲ့အာလူးတွေ သယ်ဆောင်လာသည့် ဆော်လာဂျီနှစ်စီးက အပြိုင်လုမောင်းနေကြရင်း ဖုန်းထိုင်းဖုန်းဆိုင်းနှင့် နံဘေးက ဖြတ်သွားတော့ သူ ရယ်ချင်ချင်ဖြစ်ရသေးသည်။

"ဘာရယ်တာလဲ…စာရေးဆရာကြီးရဲ့…"

"ဟြော် လိပ်နှစ်ကောင် ဒေါသတကြီး အပြေးပြိုင်နေကြသလို ဖြစ်နေလို့ပါ…"

သူပေါက်တတ်ကရတွေ ပြောလိုက်တိုင်း ချစ်သူကသည်း သိမ့်သိမ့်တုန်အောင် ရယ်လို့ကို မဆုံး…

လှိုင်းက ဘာကောင်မလေးမှန်းလည်းမသိ…။ စက်ဘီးခိုင် FM အကျယ်ကြီးဖွင့် နားထောင်နေလိုက်သေးသည်။

www.burmeseclassic.com



"မောရင်...ဟို ဇရပ်ကလေးမှာ ခဏထိုင်ရအောင်.."

"အိုကေ..."

ခနော်ခနဲ့ ဇရပ်ပျက်ကလေးပါ...လေကတဟူးဟူးနဲ့မို့ ထိုင်ချင်စရာ။

"အယ်...FM က ကို့အကြောင်း လာနေပြီ.."

မှန်သည်။

ယူကလစ်မြိုင်မှာ သူရေးခဲ့သည့် ဝတ္ထုအကြောင်း၊ ထုတ်ဝေသူ အမီတာဘဂျမ်းရဲ့ ဖိန့်လုံးဟိန့်လုံးတွေကို ကိုးကားပြီး FM က ကြေညာပေးနေသည်။

ဒီဝတ္ထုက မြို့မှာ တော်တော်လေးပေါက်နေပြီနဲ့တူပါရဲ့။

ထွက်တာမှ တစ်လမပြည့်သေး...။ ပြောသံဆိုသံတွေတော့ ကျယ်ကျယ်လောင်လောင် ကြားနေရပြီ။

"ပိတ်လိုက်ပါကွာ...။ အဲ့လောက် မြှောက်လုံးပင့်လုံးတွေနဲ့ ပြောနေတာ ကိုယ်ရှက်တောင်လာပြီ"

ချစ်သူကို အနမ်းဖွဖွပေးရင်းဆိုလေတော့ လှိုင်းက FM ကို ခဏပိတ်လိုက်ပြီး...။

"စာအုပ်တစ်အုပ်ထုတ်တာ အဲလောက်လွယ်သလားဟင်...ကို.."

"ဘာကို ဆိုလိုတာလဲဟင်...လှိုင်း..."

"သြော်...လှိုင်းက စာအုပ်ထွက်တဲ့အချိန်မှာ ကို



ရန်ကုန်မှာ အဆင်သင့်ရှိနေရမယ် ထင်နေတာ"

"promotion တွေ ဘာတွေလုပ်ရင်တော့ တစ်မျိုးပေါ့ မဟုတ်ရင်တော့ မလိုပါဘူး။ စာမူကို ချောပို့နဲ့ စာအုပ်တိုက်ပို့ပေးလိုက်ရုံပဲ။ ကျန်တာ သူတို့အပိုင်းပေါ့"

ထိုစာအုပ်ထွက်လာတော့ မှတ်မှတ်ရရ ချစ်သူကို သူအရင်လက်ဆောင်ပေးလိုက်သည်။ success ဆိုတဲ့ အောင်မြင်မှုကို ရပြီးသွားတဲ့နောက်ပိုင်း အရာရာဟာ ဘာမှကို သိပ်မဟုတ်တော့။ အားလုံးလိုလို အဆင်သင့် ကိုယ့်ဘက်ပါလာကြသည်။ ချစ်သူကလည်းထိုလုံးချင်းဝတ္ထုနဲ့ ပတ်သက်ပြီး ချီးကျူးစကားဆိုခဲ့သည်။

"ကိုယ့်စာအုပ်က ခြောက်ခြားစရာကြီးနော်။ အရမ်းကိုခွဲခေါ်သွားနိုင်တယ်။ အဆောင်ကသူငယ်ချင်းတွေကိုလည်းလိုင်းမေးကြည့်ပြီးပြီ။ အားလုံးက တညီတညွတ်တည်း ပြောကြတယ်။ ဝတ္ထုထဲ တကယ်ရောက်သွားသလိုကို ခံစားရတယ်တဲ့။ တချို့ဆို ညဘက်ဖတ်ရင်းနဲ့ ရပ်တောင်ပစ်ရတယ် အရမ်းကြောက်လာကြလို့..."

"စာအုပ်တစ်အုပ်ရလာဖို့ ပေးဆပ်ခဲ့ရတာတွေလည်းကြည့်ဦးလေကွာ..."

"အင်းနော်။ ကိုက လှိုင်းအတွက်တော့ တကယ်ကိုသူရဲကောင်းပဲ။ အရမ်းလည်း ချီးကျူးတယ်။ လှိုင်းတခါတလေအရမ်းစိတ်ညစ်လာတာပဲဖြစ်ဖြစ် အားငယ်လာလို့ပဲဖြစ်ဖြစ် ငိုချင်လာရင် ကို့စိတ်ကို ခဏယူသုံးပစ်လိုက်တယ်။ ကိုဆို ဝတ္ထု

www.burmeseclassic.com

www.burmeseclassic.com



တစ်အုပ်ရေးဖို့ အဝေးကြီးကနေ ဇွန်နွံ့ဇွန်နွံ့စားစားနဲ့လာခဲ့ရတယ်။ သရဲခြောက်တဲ့အိမ်ကြီးမှာ တစ်ယောက်တည်းနေခဲ့တယ်။ အမလေး…ပြောရင်းတောင် လှိုင်းကြောက်လာပြီ"

"ကြောက်ရင်လာ…ကို ဖက်ထားပေးမယ်.."

လှိုင်းကို သူ့ရင်ခွင်ထဲ ဆွဲသွင်းပစ်လိုက်သည်။ လျှာရှည်မလေးကလည်းပေါက်ပေါက်ဖောက်တာထက်တောင် ဆိုးနေပြီး မေးခွန်းတွေ တစ်ခုပြီးတစ်ခု မေးနေ၏။

"ကို…"

"ဟင်…"

"ဘယ်တော့ရန်ကုန်ပြန်မှာလဲဟင်"

"ဖြည်းဖြည်းပေါ့…လှိုင်းက ကို နဲ့ခွဲချင်ပြီလား…"

"အဲဒါ လှိုင်းက မေးရမှာပါ။ ဝတ္ထုတစ်အုပ်ပြီးတာနဲ့ လှိုင်းကို ပစ်သွားမှာလားဟင်…ဟို…ဂျိမ်း(စ်)ဘွန်း မင်းသားလို ပေါ့…"

"ဟား…ဟား…မလုပ်ပါဘူးကွာ။ ကို ရန်ကုန်ပြန်ရောက်သွားရင်တောင် လှိုင်းကိုအမြဲ သတိရနေမှာပါ။ ဆက်သွယ်နေမှာပါ။ စိတ်ချ…ကိုယ် လှိုင်းကို အရမ်းချစ်တယ် ဘယ်တော့မှ ခွဲမသွားဘူး…"

"တကယ်နော်…"

"တကယ်…"

"ဟေး…"

နှစ်ယောက်စလုံး ကလေးကလားတွေလို ခပ်ကြောင်



ကြောင်နှင့် ဟေးကနဲ တပြိုင်နက် အော်ပစ်လိုက်ကြသည်။

မသိရင် မီးပျက်နေတဲ့ ရပ်ကွက်ထဲက ကလေးတွေ မီးပြန်လာလို့ ဝိုင်းအော်ပစ်လိုက်ကြသလိုတွေ…

လှိုင်းနဲ့ သူနဲ့က လိုက်တော့လိုက်သည်။

နှစ်ယောက်စလုံးက ခပ်ရွတ်ရွတ်တွေ…

ရည်းစားဖြစ်သွားကြတာကိုက ကြည့်ပါလား။ မဆီမဆိုင် ကင်ပွန်းချဉ်ရွက်တွေရော၊ တောကြက်ဥတွေရော၊ ကက်သပေါင်းခြောက်တွေရော၊ ငါးအုံ့တုံ့တွေ ပြောချင်ရာတွေ လျှောက်ပြောပြီးမှ ဖြစ်သွားကြတာမဟုတ်လား…။

ရင်ခုန်စရာ သက်သက်ချည်းတော့မဟုတ်။ ရယ်စရာတွေ တချို့တဝက်နှင့်။

www.burmeseclassic.com

www.burmeseclassic.com

လှိုင်းကို အဆောင်လိုက်ပို့ပြီး doulde cup နှင့် ယူကလစ်မြိုင်ရှိရာဆီသို့ သူပြန်လာခဲ့တော့ သူ့ဘဝကို အကြီးအကျယ်ပြောင်းလဲပေးတော့မည့် စာအိတ်ရှည်နှစ်စောင်က စောင့်ကြိုနေလေတော့သည်။

တစ်စောင်က သူ့အနှစ်နှစ်အလလက မျှော်လင့်ခဲ့ရတဲ့ ဟောလီဝုဒ် ရုပ်ရှင်ကုမ္ပဏီကြီးတစ်ခုဆီက…

နောက်တစ်စောင်ကတော့ မည်သူမှန်းမသိ။ ပေးပို့သူရဲ့ လိပ်စာပါမလာ…။

* * *



ချစ်ခင်ရပါသော အံ့မခန်း….

ကွန်ကရက်ကျူလေးရှင်းပါ…

ဒီစာကို ခင်ဗျား ချောမွေ့စွာ လက်ခံရရှိလိမ့်မယ်လို့ ကျွန်တော်တို့ ဘုတ်အဖွဲ့ဝင်တွေ မျှော်လင့်ပါတယ်။

ခင်ဗျားကိုယ်တိုင် အီးမေးလ်ကနေ ဝတ္ထုတွေ ပို့ပေးနေတိုင်း ရုပ်ရှင်ဘုတ်အဖွဲ့အရည်အသွေးအကဲဖြတ်ဒိုင်တွေရဲ့ များပြားတင်းကျပ်လှတဲ့ စည်းမျဉ်းစည်းကမ်းတွေကြောင့် အပြည့်အဝ စိတ်ကျေနပ်မှုကို မရခဲ့ပါဘူး…။

ဒါပေမယ့် ခင်ဗျားဟာ အရှေ့တိုင်းသားတွေထဲမှာ စိတ်ကူးဉာဏ်အကွန့်အမြူးနိုင်ဆုံး၊ ထူးခြားတဲ့ ဉာဏ်ရည်ပိုင်ရှင်၊ …ကြီးတဲ့ စာရေးဆရာတစ်ယောက်ဆိုတာ ကျွန်တော်တို့ မှတ်တမ်းတင်ခဲ့ပြီးသားပါ။

ဒီတစ်ချီတော့ ခင်ဗျားဘဝရဲ့ အလှည့်အပြောင်းပါပဲ…။

ခင်ဗျားထုတ်ဝေသူ ပို့ပေးလိုက်တဲ့ ခင်ဗျားရဲ့ အသစ်ဇာတ်လုံးချင်းဝတ္ထုဟာ ကျွန်တော်တို့ ရုပ်ရှင်ကုမ္ပဏီအကြီးအကဲများကို များစွာ အံ့ဩတုန်လှုပ်သွားစေခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားလဲ သိပါလိမ့်မယ်။

ဝန်ခံရမယ်ဆိုရင် အနောက်ကမ္ဘာဟာ ခင်ဗျားတို့ အရှေ့တိုင်းသားတွေကို တော်ရုံအရည်အချင်းနဲ့ နေရာ မပေးတတ်ကြပါဘူး။

ထူးခြားတဲ့ အရည်အသွေးတွေ ထုတ်ပြနိုင်မှသာ အရှေ့တိုင်းသားတစ်ချို့တစ်ဝက်နေရာရလေ့ ရှိပါတယ်။

ခင်ဗျားမျက်လုံးထဲမှာ ဂျက်ကီချန်းတို့၊ ဂျက်လီတို့၊ ချောင်ယမ်ဖက်တို့၊ မီရှဲယိုးတို့ကို မြင်ယောင်နေလောက်ပြီ ထင်ပါရဲ့။

အဲဒီနာမည်တွေနောက်မှာ အုံ့မခန်း ဆိုတဲ့ ခင်ဗျားနာမည် မကြာခင် ကပ်၊ ပါလာပါလိမ့်မယ်။

ခင်ဗျားရဲ့ ဝတ္ထုသစ်နဲ့ ပတ်သက်ပြီး ကျွန်တော်တို့ တွေ့ဆုံ စကားပြောလိုပါတယ်။ ပြည်တွင်းဈေးကွက်ကို ခင်ဗျား လက်သိပ်ထိုးပြီး မရောင်းလိုက်ပါနဲ့…။

မကြာခင်ကာလအတွင်း ကျွန်တော်တို့ အရှေ့တောင်အာရှကို ခရီးဆန့်ဖို့ အစီအစဉ်ရှိပါတယ်။ ခင်ဗျားဝတ္ထုကိစ္စ ဆွေးနွေးဖို့လည်း အပါအဝင်ပေါ့။

ခင်ဗျားကို ဘုရားသခင် စောင့်ရှောက်ပါစေ….

မိုက်ကယ် စတိန်းဘာ(ဂ်)

ဘုတ်အဖွဲ့ဝင်၊ ( ) ကုမ္ပဏီ

ကာလီဖိုးနီးယား၊ အမေရိကန်ပြည်ထောင်စု



အုံ့မခန်း….

အောင်မြင်မှုရဲ့ နောက်ကွယ်မှာ ကြောက်စရာနောက်ဆက်တွဲတွေ အမြဲတမ်းရှိနေတတ်တယ်ဆိုတာ မင်းမမေ့ပါနဲ့…။

ယူကလစ်မြိုင်ကနေ စောစောစီးစီး မင်းထွက်သွားလိုက်ပါ…။

www.burmeseclassic.com

## အခန်း (၁၇)

စာနှစ်စောင်ကို ဖတ်ပြီး သူ မျက်မှောင်ကြုတ်ကာ စဉ်းစားနေမိတော့၏....။

ဒီပုံစံအတိုင်းသာဆို မကြာခင်အချိန်တစ်ခုအတွင်းမှာ ကံကြမ္မာဟာ အကောင်းသဘောကိုရော အဆိုးသဘောကိုပါ ဆောင်လျက် သူ့ဆီရောက်လာပေတော့မည်။

ပထမစာကတော့ ထားလိုက်တော့...။ သူ အနှစ်နှစ် အလလက မျှော်လင့်နေခဲ့ရသည့် စာ...။ ဒါဆို မမျှော်လင့်ဘဲ သူ့ဆီရောက်ရှိလာတဲ့ ဒုတိယစာကရော...။

"ဘယ်သူပို့လိုက်တာလဲ..."

အန္တရာယ်ဟာ ကိုယ့်အနီးတစ်ဝိုက်မှာလား...။ ခပ်လှမ်းလှမ်းမှာလား...။ ဒါမှမဟုတ် ယူကလစ်မြိုင်ကြီးထဲ ဆိုက်ဆိုက်မြိုက်မြိုက်ကြီး သူရောက်လာဖို့ တစ်စုံတစ်ယောက်က မျှားခေါ်ခဲ့တာလား...။

ဒီပြဿနာဟာ လူမှုကွန်ယက်တစ်ခုကနေ စတင်ခဲ့သည်။



အနုပညာသမားတစ်ယောက်ရဲ့ သိက္ခာကို စော်ကားပြီး ကိုယ့် wall မှာ လာရေးသွားတဲ့ comment တစ်ခု...။

Gentle Z...။

သူတင်ခဲ့တဲ့ ဓာတ်ပုံနှစ်ဆယ့်တစ်ပုံ...။ ဓာတ်ပုံထဲက နေ ကိုယ့်စိတ်ဝိညာဉ်တွေကို ညှို့ငင်ဆွဲဆောင်ခဲ့တဲ့ ယူကလစ်မြိုင် အိမ်ပုံကြီး..။ သည်းထိတ်ရင်ဖိုဝတ္ထုရေးဖို့ ခြောက်ခြောက် ခြားခြားခံစားမှုတွေ လိုချင်နေကာမှ ယူကလစ်မြိုင်အိမ်ရဲ့ ဓာတ်ပုံ ကို တွေ့လိုက်ရတဲ့ ကံကြမ္မာတိုက်ဆိုင်မှု။ ဓာတ်ပုံထဲက အမှတ် မထင် တွေ့ခဲ့ရတဲ့ မိန်းမတစ်ယောက်ပုံရိပ်။

ယူကလစ်မြိုင်အထိ ရောက်လာခဲ့ရတဲ့ အလွန်တရာ တိုက်ဆိုင်မှုတွေ...(အဲဒီအိမ်ဟာ အတာမောင်မောင့်မိဘတွေနဲ့ ဓိတ်ခွေအိမ်ဖြစ်နေတာတွေ၊ စာသွားရေးဖို့ အတာမောင်မောင် တိုက်တွန်းခဲ့တာတွေ)

ဒါတင်ပဲလား...မက။

ယူကလစ်မြိုင်ကို ရောက်မှ အကောင်းဆုံးပုံစံရေးသား နိုင်ခဲ့ရတဲ့ ကိုယ့်ရဲ့ လုံးချင်းဝတ္ထုအသစ်။ အဲဒီဝတ္ထုဟာ အနောက် တမ္ဘာအထိ ခြေဆန့်သွားနိုင်ခဲ့တဲ့ ဖြစ်ရပ်တွေ..။

ပဟေဠိတွေနဲ့ ရှုပ်ထွေးနေတဲ့ အိမ်ကြီး...။

ပျောက်ဆုံးသွားတဲ့ မိန်းကလေးဟာ ဘာ့ကြောင့် ဒီအိမ် ကြီးမှာ အမြစ်တွယ်သောင်းကျန်းနေရတာလဲ..။

မြေအောက်ခန်းထဲကလူကရော ဘာ့ကြောင့် ပျောက် ဆုံးသွားပြီး ဘာ့ကြောင့် စိတ်ဖောက်ပြန်သွားရတာလဲ...။

www.burmeseclassic.com

www.burmeseclassic.com



Gentle Z ကရော ဘာ့ကြောင့် အဲဒီ ယူကလစ်မြိုင် အိမ်ပုံကို သူ့ရဲ့ photos မှာ တင်ထားရတာလဲ…။

နောက်ပြီး သူကိုယ်တိုင်ကရော အံ့မခန်းကို ဘာ့ကြောင့် မုန်းတီးနေရတာလဲ…။

ဒီစာကရော သူ့ဆီ ဘယ်သူပို့လိုက်တာလဲ…။

"Gentle Z ဘယ်သူလဲ…"

ဒီအတိုင်း ရေစုန်မျောနေလျှင် သူအစားခံသွားရနိုင်သည်။

Gentle Z ဘယ်သူဘယ်ဝါဆိုတာ သူသိအောင်လုပ်မှ ဖြစ်တော့မည်။

"ခရင်မီ(creamy)"

ငယ်သူငယ်ချင်းမလေးတစ်ဦးဆီ သူ ချက်ချင်းဆိုသလို ဖုန်းကောက်ဆက်လိုက်၏။

R&B သီချင်းများနှင့် နာမည်ကြီးလာသည့် အနွဲ့ရှာယ် မလေးများအဖွဲ့မှ creamy danger ဆိုသည့် အနွဲ့ရှာယ်ခရင် မလေးဆီ…။

✱ ✱ ✱

## အခန်း (၁၈)

လူစိတ်ဝင်စားအောင် လုပ်တယ်ဆိုတာ ဘာခက်တာ မှတ်လို့…။

လူတစ်ယောက်တည်း စိတ်ဝင်စားအောင်လုပ်ရတာက ပိုတောင်လွယ်သေးသည်။

အခုလို ငယ်ငယ်ရွယ်ရွယ်နဲ့ အောင်မြင်မှုတစ်ခု သိမ်း ပိုက်ထားနိုင်တဲ့ ခပ်ငယ်ငယ် အဆိုတော်မလေးတစ်ယောက်အ တွက် ကံကြမ္မာကို ကျားကွက်ရွှေ့သလိုတောင် ခရင်မီ ကစား တတ်ပါသေးသည်။

တစ္ဆေသရဲအကြောင်းတွေ မကြာခဏရေးတတ်သည့် ငယ်သူငယ်ချင်းကြီးက တစ်ရက် သူမဆီ သရဲလာခြောက်သည်။ သရဲလာခြောက်တယ်ဆိုတာ မဆက်စဖူး ဖုန်းတွေ ဘာတွေဆက် တာကို ပြောတာပါ။

သူ ဖုန်းဆက်တဲ့အချိန်က ရန်ကုန်မှာ သူ့အသစ်ထွက် ထားတဲ့ လုံးချင်းဝတ္ထုက အရမ်းကိုပေါက်နေတဲ့အချိန်…။

"ခရင်မီ…ငါ အံ့မခန်းပါ…"

www.burmeseclassic.com

www.burmeseclassic.com



"ဗုဒ္ဓေါ…နှင် ငါ့ကို သရဲလာခြောက်နေတာလား…။ မဆက်စဖူးဟယ်…"

"အာ…မဟုတ်ပါဘူးဟ.."

"နှင့်စာအုပ်တွေ အရမ်းပေါက်နေတယ်နော်…။ နှင် အခု ဘယ်မှာလဲ…"

"ရန်ကုန်မှာတော့ မဟုတ်ဘူး…။ စာအရမ်းရေးလို့ကောင်းတဲ့ မြို့လေးတစ်မြို့မှာ…"

"နှင်ကတော့ အရင်လိုပဲနော်…လုပ်ချင်ရာတွေ စွတ်လုပ်ကောင်းနေတုန်း…။ ငါတို့ မတွေ့ဖြစ်ကြတာတောင်ကြာပြီ…။ ပြော…အရေးတကြီး ကိစ္စရှိလား…"

"ငါ နှင့်ကို အကူအညီတစ်ခု တောင်းချင်လို့…"

"ပြောလေ.."

"ပိရိရမယ်.. နှုတ်လုံရမယ်နော်…ငါ့အတွက် အသက်တမျှအရေးကြီးနေလို့"

"ဘာ…ဘာ…လုပ်ပေးရမှာလဲ…။ လန့်တောင်လာပြီ စာရေးဆရာရယ်။ သုသာန်သွားပြီး သရဲတွေဘာတွေ အဖမ်းခိုင်းမလို့လား…"

"နှင့်အဘာ…နှင်ကလည်း အဆိုတော်လို့ မပြောရဘူးစ,ဆိုတာနဲ့ကို ကီးက သောက်တလွဲ…"

"ဟား..ဟား..နှိပ်တယ်ဟေ့…။ ထားပါတော့ စကားတောင်စားတွေနဲ့ ပြိုင်မပြောတတ်ပါဘူး။ ဆက်ပြော"

"ဆက်ပြောဆိုတာ စောစောက ငါတောင်းတဲ့ထည်



တည်မှာလား"

"ဟော့တော်…။ နှင်က ငါ့ကို ဘာလုပ်ခိုင်းမှာမှန်းမှ မသိတာ.."

"ငါ့အတွက် သိပ်မလွယ်ဘူး..။ နှင့်အတွက်တော့ လွယ်လိမ့်မယ် ထင်တယ်…။ လူတစ်ယောက်အကြောင်း စုံစမ်းခိုင်းချင်လို့…"

"ဘယ်သူလဲ…"

"နှင့်ရဲ့ facebook အကောင့်ထဲမှာ အဲဒီလူရှိတယ်။ Gentle Z တဲ့…"

"မသိဘူးဟဲ့…invite လာလို့ ငါ လက်ခံလိုက်တာနဲ့ တူပါရဲ့…"

"ထားပါတော့…ငါဖြစ်စေချင်တာက နှင့်အရှိန်အဝါသုံးပြီး အဲဒီလူရဲ့ ဒေတာတွေငါ့ကို ရှာပေးနိုင်မလား…။ နာမည်၊ အခုလက်ရှိနေရပ်လိပ်စာနဲ့ သူ့ဓာတ်ပုံပေါ့..။"

"အဲဒါက ငါ့အတွက် လွယ်ပါတယ်။ သူ facebook အမြဲသုံးဖြစ်နေတယ်ဆိုရင် ငါရအောင် ကလိပေးနိုင်တယ်"

"အစွမ်းသတ္တိကို ယုံပါတယ် ဆရာမကြီးရယ်။ ကလိပေးစမ်းပါ..။ ဒါပေမဲ့ နှင်သိရမှာတစ်ခုက ငါကနှင့်ကို တိုက်တွန်းလို့ လုပ်ရတယ်ဆိုတဲ့ ပုံစံမျိုး လုံးဝမသိစေနဲ့။ နှင့်အတွက်ရော ငါ့အတွက်ပါ အန္တရာယ်များတယ်…"

"အို…ဟုတ်လား…။ အဲဒီလူက ဘာကြီးလဲဟင်"

"ငါလည်း မသိသေးဘူး။ Gentle Z ဆိုတာလည်း

www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့ account အစစ်တော့ ဖြစ်ဟန်မတူဘူး။ account အတု ဖြစ်ဖို့များတယ်။ အဲဒါကို နင်က ပါးပါးနပ်နပ်နဲ့ သူ့ရဲ့ဇာစ်မြစ် အမှန်ကို ဖွင့်ပြောချင်လာအောင် စည်းရုံးပေးရမှာ…။ နှင့်ဆီက ငါသဲလွန်စရမှ ငါအခုလိုက်နေတဲ့ အမှုရဲ့ ကွင်းဆက်တွေရ မှာ..”

“ဘုရားရေ…နင်က အခု စုံထောက်ပါလုပ်နေ တာလား”

“စုံထောက်တစ်ပိုင်း၊ စာရေးဆရာတစ်ပိုင်း၊ မော်ဆရာ တစ်ပိုင်းဆိုပါတော့…။ ငါအခု စာရေးနေတဲ့အိမ်ကြီးမှာ သဘာ ဝလွန် ဖြစ်ရပ်တွေ ဖြစ်နေတယ်။ ငါ့ဆီကိုလည်း လူတစ်ယောက် က ခြိမ်းခြောက်စာပို့ထားတယ်။ Gentle Z ကို ငါသိမှ ဖြစ်တော့မယ်..”

“အိုကေ…သူငယ်ချင်း…။ ငါ လှုပ်ရှားထားလိုက် မယ်”

အုံ့မခန်းနဲ့ စကားပြောပြီးတာနဲ့ tablet ကို ဖွင့်ကာ Frient List ကို ကြည့်တော့ Gentle Z ကို တွေ့လိုက်ရသည်။

သူ့ wall ထဲ ဝင်ကြည့်တော့ Recent activity (လတ် တလောလှုပ်ရှားမှု)တွေ မတွေ့ရ။

ဘယ်အကွက်နဲ့ အရင်စ,ရွှေ့ကြည့်ရရင် ကောင်းမလဲ။ အန္တရာယ်မလေး စဉ်းစားနေသည်။

“အိုကေ…ပွန်းတစ်ကောင်အရင် စ,ခုန်ကြည့်လိုက် မယ်”



Gentle Z ထံ ခပ်တိုတို message လေးတစ်စောင် သူမ ကောက်ရေးလိုက်သည်။

*“profile မှာ တင်ထားတဲ့ဓာတ်ပုံက ယူ့ပုံလား… VCD တစ်ပုဒ်ရိုက်ဖို့ creamy တို့ ခေါင်းစားနေတာ..။ မျက် နှာသစ်ထဲက လိုချင်နေလို့လေ။ စိတ်ဝင်စားရင် ပြန်ဆက်သွယ် လိုက်ပါလား…။ ဒါနဲ့…ယူက မော်ဒယ်သင်တန်းဆင်းလား”*

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

နှစ်ပတ်လောက်ကြာတဲ့အထိ Gentle Z ထံမှ ဘာတုံ့ပြန်မှုမှ ရမလာ။ သာမန်ယောကျ်ားလေးတစ်ယောက်သာဆို celebrity တစ်ယောက်ဆီက message ဝင်လာ၍ ခုန်ပေါက်ပြီးတောင် reply ပြန်လာပေလိမ့်မည်။

ဒီအတွက် အဖြေက နှစ်မျိုးပဲရှိ၏။ ဒီအကောင့်ကို လုံးဝမသုံးဖြစ်တာ ဒါမှမဟုတ်··။ ဓာတ်ပုံကအစ တင်ထားတဲ့ ဒေတာတွေက တလွဲတွေချည်းမို့ အမ်းပြီးမဆက်သွယ်ရဲတာ ဒီနှစ်မျိုးပဲရှိသည်။ အဲ···နောက်ထပ်တစ်ခုလည်း ရှိနိုင်ပြန်သေးသည်။ ဒီအကောင်ဟာ တစ်ယောက်ယောက်ကို မကောင်းကြံဖို့ သီးသန့်ဖွင့်ထားတဲ့ အကောင့်မျိုးဆိုလျှင်လည်း ပြန်ဆက်သွယ်လိမ့်မည် မထင်··။

ဒီနေရာမှာ အုံ့မခန်းပြောသလို ကိုယ့်ရဲ့အခန်းကဏ္ဍက သိပ်အရေးကြီးသည်။ ကိုယ်သူ့ကို ထောက်လှမ်းနေတာ လုံးဝမရိပ်မိစေဖို့။ နောက် တစ်ဖက်လူကို ဖိအားလည်းပေးတတ်ရမည်။ ဆိုပါစို့···။ ဒီမိန်းကလေးကို ချစ်စကားကြိုက်စကားပြော



လျှင် ကြိုးစင်တက်ရမယ်မှန်း သိသိကြီးနဲ့ဖွင့်ပြောပြီး ကြိုးစင်တက်သွားချင်လောက်အောင် ကိုယ်က ဖိအားပေးရလိမ့်မည်။ ဒါက သဘောပြောတာပါ။

အုံ့မခန်းပြောတဲ့အထဲမှာ Gentle Z ရဲ့ ဓာတ်ပုံအစစ်အမှန်ရယ်၊ နာမည်၊ လက်ရှိနေရပ်လိပ်စာလောက်သာပါသည်။ အိစီကလီလုပ်ဖို့အထိ ပြောမထား···။

ဒီတော့ စိတ်ရှည်ရှည်ထား စောင့်ကြည့်နိုင်လျှင် အခြေအနေက ကိုယ့်ဘက်ပါလာလိမ့်မည် ထင်သည်။

"အဲ···"

ထူးခြားမှုတစ်ခုက နောက်တစ်ပတ်အကြာလောက်မှာ စတင်ခဲ့ပါသည်။

*အွန်လိုင်းပေါ်မှာ ခပ်ချောချောကောင်လေးဓာတ်ပုံတွေလို့ ကောက်တင်လိုက်တာပါဗျာ။ ကျွန်တော်က ရုပ်ဆိုးပါတယ်···။*

reply ပြန်လာတဲ့ Gentle Z ရဲ့ message တစ်စောင်။

ခရင်မီမျက်ခုံးပဲ တွန့်လိုက်မိသည်။ Gentle Z ကို ဘာ action မှ မယူဖြစ်တော့···။ စုံစမ်းထောက်လှမ်းနေမှန်း မသိသာစေရန် ကြိုးရှည်ရှည်နဲ့ လွှတ်ပေးထားလိုက်တဲ့ သဘော။

အဲဒီရက်ပိုင်း ခန္ဓာကိုယ်အလှကို ဖော်ကျူးသည့် အရောင်ရင့်ရင့် အဝတ်အစားများနှင့်ရိုက်ထားသည့် ဓာတ်ပုံတွေတင်ဖြစ်ခဲ့သည်။

ကိုကို ကာလသားများထံမှ Like တွေ အချိန်တိုအတွင်း

www.burmeseclassic.com

www.burmeseclassic.com



ထောင်နဲ့ချီပြီး တက်လာ၍ ရယ်ချင်ရသေးသည်။ တချို့လည်း အားမနာပ comment တွေ ဝင်ရေးထားကြသည်။

Gentle Z လည်း တံတွေးတွေမျိုချပြီး သူမ ဓာတ်ပုံတွေ ကြည့်ရှုနေပေလိမ့်မည်။

အဲဒီလို ကိုယ့် wall မှာ ပွဲတွေဆူအောင် မျိုးစုံတွေလုပ်ပြီးကာမှ သနပ်ခါးပါးကွက်ကျားကလေးနဲ့ မြန်မာဆန်ဆန်ရိုက်ထားတဲ့ ဓာတ်ပုံလေးတစ်ပုံ တင်ပေးလိုက်ရင်းမှ Gentle Z ရဲ့ activity တစ်ခု သူမဆီ ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ရောက်လာလေတော့၏…။

"လှလိုက်တာ…"

ဟာ…ဟာ…။

chat box ဖွင့်လိုက်တော့ ဒီလူမီးစိမ်းနေပြီ…။

"အိုကေ…"

အများနဲ့တစ်ယောက် စကားမပြောနိုင်၍ အမြဲလိုလိုပိတ်ထားဖြစ်တဲ့ chat box ကို ဖွင့်ပေးလိုက်သည်။

ကိုယ်ရဲ့ အချိန်တချို့ကိုတော့ ဒီလူက ဖဲ့ယူသွားလေပြီး ကိစ္စမရှိ…။

အားလုံးပြီးစီးသွားတော့ အံ့မခန်းဆီ သူမဖုန်းကောက်ဆက်လိုက်သည်။

"နာမည်က ညီသစ်ညို…"

"အင်း…"

"အသက်က နှစ်ဆယ့်ငါး…"



"အင်း…"

"နေရပ်လိပ်စာ အတိအကျတော့ မရဘူး။ ဗိုလ်တထောင်လစ်နားမှာလို့ ပြောတယ်"

"အင်း…"

"အင်ဂျင်နီယာ…တဲ့…။ ဝါဝါလင်းဆောက်လုပ်ရေးမှာ လုပ်နေတယ်တဲ့…"

"အင်း…"

"ငါ့ရဲ့လှုပ်ရှားမှုတွေကို နင့်ဆီ report တင်တာပါ။ ဒီလူနဲ့ငါ contact တော့ မိနေပြီ။ စောစောက ပြောတာတွေ ဘာတစ်ခုမှ မယုံနဲ့။ အားလုံး လိမ်ထားတဲ့ အလိမ်တွေချည်းပဲ…"

"အားကိုးပါတယ် ဆရာမကြီးရယ်…"

"ဒီလူ သိပ်မကြာခင် သူ့ရဲ့ စစ်မြစ်အမှန်ကို ဖွင့်ပြောစေရမယ်။ ငါ့ကို အချိန်နည်းနည်းတော့ပေး…"

"လေးစားပါတယ် ဆရာမကြီးရယ်…"

"ထူးခြားရင် ဖုန်းပြန်ဆက်လိုက်မယ် အံ့မခန်း…"

"ဗွတ်သလိုသာ နူးပါ ဆရာမကြီးရယ်…"

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

မြို့ကလေးရဲ့ ခြောက်ခြားစရာ အိမ်အိုပျက်ကြီးမှာ အညာတရလူတစ်ယောက်ဆန်ဆန် နေထိုင်လာခဲ့တာ ကြာတော့ ကြာနေပြီ။

အိမ်ကရော၊ ထုတ်ဝေသူကြီးကပါ ရန်ကုန်ပြန်လာဖို့ ခေါ်နေပြီ…။

ငယ်ငယ်လေးကတည်းက ကိုယ့်ရဲ့အခက်အခဲမှန်သမျှကို သွေးအေးအေးနဲ့ တစ်ယောက်တည်းဖြေရှင်းလာခဲ့သူပီပီ ခြိမ်းခြောက်စာအကြောင်းနဲ့ ပတ်သက်ပြီး အိမ်ကို အသိမပေးဖြစ်ခဲ့…။

ကိုယ့်အကြောင်း ခရေစေ့တွင်းကျ သိသူ အမိတာဘဂျမ်းတစ်ယောက်ကိုသာ ပြောပြဖြစ်သည်။ ဟိုခများလည်း သူ့ရှုးသူ့ပတ်နေမှာ စိုးရိမ်နေသည်။

“ပြန့်သာလာလိုက်တော့ ငခန်း…။ မြေအောက်ခန်းထဲမှာလည်း အရှုးကရှိသေးတယ်။ ကြောက်စရာကြီး။ အင်္ဂလိပ်ခေတ်က အရာရှိကတော်တစ်ယောက်လည်း ကြိုးဆွဲချပြီးသေ



သွားသေးတယ်။ လွန်ခဲ့တဲ့ ဆယ်နှစ်လောက်က မိန်းမတစ်ယောက်ရဲ့ ဝိဉာဉ်ကလည်း အဲဒီမှာရှိနေသေးတယ်။ မင်းမို့လို့ တွယ်ကပ်နေနေတယ်။ ပြန်သာလာခဲ့တော့…”

“လာမှာပါ…။ အချိန်ကျလာတဲ့တစ်နေ့ ငါပြန်လာခဲ့မှာပါ…”

“ဟိတ်ကောင်…။ မင်း အဲဒီကို ရောက်နေတာကို မနှစ်မြို့တဲ့ လူတစ်ယောက်လည်းရှိနေပြီနော် ငခန်း…။ သူ မင်းကို ခြိမ်းခြောက်စာပို့ပြီးပြီ။ သူက မင်းကိုသိတယ်။ မင်းက သူ့ကို မသိဘူး။ မင်းနောက်ကျောကို အချိန်မရွေး ဓားတစ်ချောင်း ဝင်လာနိုင်တယ် မင်း အဲလိုကြီး သွေးအေးမနေနဲ့…”

“အေးပါ…အေးပါဟ…”

“မဖြစ်ပါဘူး…ငါ မင်းဆီ လိုက်လာခဲ့ပါဦးမယ်”

“ဟိတ်ကောင်…ဘယ်နေ့လာမှာလဲ…”

“မပြောဘူး…ငါ့ထက် ကြိုပြီး မင်းတစ်ကွက်ရွှေ့သွားမှာစိုးလို့…”

ဒါကတော့ အမိတာဘဂျမ်းနဲ့ ဖုန်းထဲကနေ နောက်ဆုံးပြောဖြစ်ခဲ့တဲ့ စကား…။

ဖြစ်နိုင်ရင် ဒီကောင့်ကို လိုက်မလာစေချင်။ အခြေအနေတွေပါ ရှုပ်ကုန်မှာစိုးရိမ်ရသည်။

ဒီကြားထဲ creamy danger လေးကလည်း သူမရဲ့ action တိုင်းကို သူ့ဆီ ဖုန်းဆက်ပြီး report တင်လေ့ရှိပါသည်။

သူပါ ကိုယ်နဲ့ပေါင်းပြီး အဆိုတော်တစ်ပိုင်း ရူးလော့

www.burmeseclassic.com

www.burmeseclassic.com



ဟုမ်းတစ်ပိုင်းဖြစ်နေပြီနဲ့ တူပါရဲ့…။

Gentle Zနဲ့ သူမ အွန်လိုင်းကနေ contactမိနေပြီဆိုပေမယ့်လည်း အစောပိုင်းကာလအထိကတော့ Gentle Z ရဲ့ စကားတွေဟာ အလိမ်အညာတွေချည်းလို့ သူမသတ်မှတ်ထားပုံရသည်။

"သတင်းအဖြစ်သာ နင့်ဆီဖုန်းဆက်လိုက်တာ။ မယုံနဲ့ဦး အံ့မခန်း။ ဒီကောင်လိမ်နေတုန်းပဲရှိသေးတယ်။ ငါ့ကိုတော့ ငြိနေပြီဟ။ တချို့စကားတွေက ရှေ့ဖုံးနောက်ပေါ်တွေ ဖြစ်နေတယ်။ ငါ comfirm ဖြစ်တော့မှ နင့်ကို ပြန်အကြောင်းကြားမယ်။ အဲဒီတော့မှ နင်လုပ်စရာရှိတာလုပ်တော့…"

အစောပိုင်းကာလက သူ့ထံ creamy danger ဖုန်းဆက်လာတဲ့ အကြောင်းအရာများက ထိုသို့ မရေရာမှုများသာ…။

တကယ် ထူးခြားတဲ့သတင်းတွေ သယ်ဆောင်လာတဲ့ ဖုန်းမြည်သံတစ်ခုကတော့ သူအိပ်တော့မည့်ဆဲဆဲ ည ဆယ်နာရီလောက်ကမှ သူ့ထံ ရောက်လာခဲ့သည်။

"ဆောရီးဟာ..လွန်ခဲ့တဲ့ တစ်ပတ်လောက်ကတည်းက သတင်းထူးနေတာ။ ငါနင့်ဆီ ဖုန်းမဆက်ဖြစ်ခဲ့ဘူး။ ငါ့မှာလည်း ဝိတ်တက်နေလို့ ဝိတ်ချရတဲ့ pressure၊ အခွေသစ်ထွက်ဦးမှာမို့ ရင်ခုန်နေရတဲ့ pressure တွေကြောင့် လူက နည်းနည်းတောင် ချောင်နေပြီ။ နင့်ဆီ ချက်ချင်း ဖုန်းဆက်ဖို့ကို သတိမရလိုက်ဘူး"

"သဘောပေါက်ပါတယ်။ နင်တို့က စင်ရှေ့ထွက်ရတဲ့ အနုပညာရှင်…ငါတို့က စင်နောက်မှာနေကြတဲ့ အနုပညာရှင်။



pressure ရပုံချင်း မတူဘူး။ ပြော…သူငယ်ချင်း နင်အခုလို ဖုန်းဆက်လာတာကို ငါ ဝမ်းသာနေပြီ…"

"သူ့နာမည်ရင်းက ဇော်လွင်မြင့်…တဲ့"

"အင်း…"

"အသက်က သုံးဆယ်ကျော်တဲ့…။ ငါတို့ထက် အများကြီး ကြီးတယ်"

"အင်း…"

"နေတာကတော့ ရန်ကုန်လို့ပဲ သိတယ်။ တစ်ခုထူးခြားတာက ငါအစ်အောက်ပြီး မေးကြည့်တော့။ သူ စာဖတ်ဝါသနာ မပါဘူး သိလား…"

"ဟင်…"

"နင့် စာအုပ်တွေ မဖတ်ဖူးဘူး…"

"ဖြစ်နိုင်ပါ့မလား…။ နင့်ကို twist လုပ်နေတာများလား…"

"မဟုတ်ဘူး…။ ဒီအကြောင်းတွေကို နင့်ကိုသာ ငါ ရိုးရိုးရှင်းရှင်းပြောပြနေတာ။ သူ့ကို အစ်အောက်ပြီး မေးတုန်းက ဒီလို ရိုးရိုးကြီးမေးခဲ့တာမဟုတ်ဘူး။ ကိုယ်သိချင်တဲ့စကားတစ်ခွန်းကိုရဖို့ မျိုးစုံလှည့်ကွက်တွေသုံးခဲ့တယ်။ ငါတို့ အနုပညာသမားဆိုတာ လူတကာနဲ့ဆက်ဆံနေရတာ။ ဘယ်စကားက အတည်၊ ဘယ်စကားက အလိမ်အညာ၊ ဘယ်စကားက ချောက်တွန်းစကား၊ ဘယ်စကားက ရှော့(ခ်)ရှိတဲ့ စကားဆိုတာ ပါးစပ်ဟတာနဲ့ သိတယ်။ သိတယ်မဟုတ်လား။ creamy danger

www.burmeseclassic.com

www.burmeseclassic.com



လေ ဘယ်ဂျာနယ်၊ ဘယ်မဂ္ဂဇင်းက ဘယ်လိုပွဲဆူအောင်လုပ်တတ်တဲ့ ဝါရင့်အင်တာဗျူဝါ(မေးမြန်းစုံစမ်းသူ)လာလာ အားလုံး ထိုင်သွားတာချည်းပဲ"

"ဟား..ဟား...ဟား...ယုံပါပြီ ခရင်မီရယ် ယုံပါပြီ ဆက်ပြောပါဦး.."

"ငါ သူ့အကြောင်းတွေ သိပ်မမေးဘူး။ တော်ကြာ ထောက်လှမ်းနေတာ သိသွားမှာစိုးလို့လေ နာမည်ရယ်အသက်ရယ်၊ ဘယ်မှာနေတယ်ဆိုတာရယ်လောက်ပဲ အကြမ်းဖျဉ်းသိတယ်။ ခေတ်ကောင်းတုန်းက ကားဝယ်ရောင်းလုပ်တယ်..တဲ့။ အခု ခေတ်ပျက်နေတဲ့အချိန် ဆင်ခြေဖုံးရပ်ကွက်တစ်ခုမှာ ကား servicing တစ်ခု ထောင်ထားတယ်ပြောတယ်။ ဒီလောက်ပါပဲ"

"သြော်..."

"ဟဲ့...သူ့ဓာတ်ပုံ ငါဖုန်းပြောပြီးတာနဲ့ နင့်ဆီ ပို့လိုက်မယ်လေ..."

"ကောင်းသားပဲ..."

"ဒါဆို နင့်ဂျီမေးလ်ထဲ ပို့လိုက်မယ်နော်..." ငါ ဖုန်းချလိုက်ပြီ"

"အေး...ပို့...သူငယ်ချင်း...ကျေးဇူး.."

"ရတယ်...မလိုဘူး..."

ဖုန်းချပြီး သိပ်မကြာ။

သူ့ ဟမ်းဖုန်းထဲ ခရင်မီပို့ပေးလိုက်တဲ့ Gentle Z ရဲ့



ဓာတ်ပုံဝင်လာသည်။

သူမျက်ခုံးတွန့်ပြီးပဲ စဉ်းစားနေမိ၏။

ပုံစံက ထောင်ထောင်မောင်းမောင်း၊ အသားညိုညို၊ ရုပ်ကခပ်ရင့်ရင့်နဲ့ အရွယ်လတ်ပိုင်းထဲက လူတစ်ယောက်။

နာမည်က ဇော်လွှင်မြင့်၊ အလုပ်အကိုင်က ကားရေဆေးဆီထိုးလုပ်ငန်း၊ ကိုယ့်စာအုပ်တွေလည်း တစ်ခါမှမဖတ်ဖူး...တဲ့။

ဒါဖြင့် ဒီလူက ဘယ်လိုအကြောင်းကြောင့်နဲ့ ကိုယ်နဲ့ လာငြိနေရတာလဲ။

စဉ်းစားလေ...ခေါင်းခြောက်လေပင်...

ထိုစဉ်ပင်...။

"ဒုန်း..........."

ယူကလစ်မြိုင်အိမ်ကြီးတစ်အိမ်လုံး သိမ့်သိမ့်ခါတုန်လှုပ်သွားစေတဲ့ အသံနက်ကြီးတစ်ခုက ရုံးရှေ့ကျယ်လောင်စွာ ထွက်ပေါ်လာပြန်၏...။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

ယူကလစ်မြိုင်ကို စရောက်ပြီး နှစ်ရက်အကြာက နေ့ခင်းကြောင်တောင် သရဲအခြောက်ခံရတဲ့ အခန်းထဲ သူပြန်ရောက်လာခဲ့ပြန်သည်။

သူ ထင်သည့်အတိုင်းပင်…။

စက္ကူခေါင်ကလေးညှပ်ပြီး ဖြစ်သလို စေ့ပိတ်ထားခဲ့သည့် ပြတင်းပေါက် တံခါးရွက်နှစ်ချပ်မှာ လေဆောင့်အတိုက် ပြန်ပွင့်သွားကြခြင်းဖြစ်၏။

အိုး…အေးလိုက်တာ…။

အပြင်မှာ လေအတော်လေး ကြမ်းနေပုံရသည်။

မိစ္ဆာတစ်ကောင် ဒေါသတကြီး လေချွန်နေသလို လေစီးသံက တရှီရှီကြားနေရပြီး အခန်းတစ်ခုလုံးလည်း မိုးပေါ်လွင့်ပျံတက်မတတ် ဖြစ်နေသည်။

အဓိကလုပ်ရမှာက ပွင့်ထွက်နေတဲ့ ဒီတံခါးနှစ်ချပ်ကို စေ့ပိတ်ခဲ့ဖို့…။ နို့မို့ဆို တဒုန်းဒုန်း တဒိုင်းဒိုင်းနဲ့ တစ်ညလုံး အိပ်လို့ရမည်မထင်။



ဘာနဲ့ညှပ်ရမလဲ…။ အနီးအနားကို မျက်လုံးဝဲရှာကြည့်မိတော့ ဘာမှအဆင်ပြေတာ မတွေ့…။

ဟော…ဟိုမှာ…။ အရင်တစ်ခေါက်က ညှပ်ခဲ့ဖူးတဲ့ ဝါကြန့်ကြန့် စာခေါက်ကလေးနဲ့ပဲ ဖြစ်သလို ပိတ်ထားခဲ့ဦးမည်။ မနက်ဖြန်မနက်ရောက်တော့မှ ဈေးကနေ ဂျက်သွားဝယ်ပြီး တပ်ဖြစ်တော့မည် ထင်ပါ၏…။

အဲဒီလိုနဲ့ ငါးခေါက်ကျိုးနေတဲ့ စာခေါက်ကလေးနဲ့ ပြတင်းတံခါးနှစ်ဖက်ကို သူ လုံခြုံစွာစေ့ပိတ်မိသွားပြန်သည်။

အခန်းထဲကနေ သူ ပြန်ထွက်တော့မည်ဆိုတော့ သူ့ခြေလှမ်းများ နှေးသွားရပြန်၏…။

စာခေါက်ကလေးထဲက စာသားတစ်ခုခုကို သူဖတ်မိခဲ့လေသလား…။

အဲဒီစာသားဟာ သူနဲ့ရင်းနှီးဖူးတဲ့ စကားလုံးတွေနဲ့များ တူညီနေလေမလား။

သူ ချက်ချင်းဆိုသလိုပင် စောစောက ပြတင်းပေါက်နား ပြန်ရောက်လာခဲ့ပြီး ပြတင်းပေါက်ကို ဝုန်းကနဲ ဖွင့်လိုက်သည်။

အောက်သို့ ပြုတ်မကျခင် စာခေါက်ကလေးကို လက်နင့်ဖွဖွဖမ်းလိုက်ပြီး အသာအယာဖြန့်ကြည့်လိုက်ရာ…။

"သွားပြီ…"

စာခေါက်ကလေးမှာ ခေါက်ရာတွေအတိုင်း ထောင့်မှန်စတုဂံသဏ္ဌာန် ၅ခု ကွဲထွက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်...ကိစ္စမရှိ။

စိတ်ရှည်ရှည်နဲ့ တစ်ခုနဲ့တစ်ခု ဆက်စပ်ဖတ်ကြည့်လျှင် စာပေါ်မှာ ဘာရေးထားသလဲ ဆိုတာ သိရပေလိမ့်မည်။

"ရည်းစားစာတစ်စောင်ပဲ..."

အဲဒီလိုတော့ ထင်မိသည်။

အစကနေ အဆုံးတိုင်အောင် ပြည့်ပြည့်စုံစုံ ဖတ်ခွင့်မရသော်လည်း မိန်းကလေးတစ်ယောက်က ယောကျ်ားလေးတစ်ယောက်ကို အတော့်ကို ခဲယဉ်း ရေးထားသည့် စာတစ်စောင် ဖြစ်နေသည်။

"ဟင်..."

သဲလွန်စတစ်ခုကို တွေ့လိုက်ရပြီ။

အိမ်ချင်မှူးတူးဖြစ်နေသည့် သူ့မျက်လုံးတစ်စုံ ပြူးကျယ်သွားရပြီ။

ထောင့်မှန်စတုဂံပုံပေါက်နေတဲ့ စာရွက်တစ်ခုနဲ့တစ်ခုကို မထင်မှတ်ဘဲ တိုက်ကြည့်လိုက်ရာ လူတစ်ယောက်ရဲ့ နာမည် ဖြစ်နေလေတော့၏။

"ဇော်...လွင်...မြင့်..."

စောစောလေးကတင် ခရင်မီ သတင်းပို့လာတဲ့ Gentle Z ရဲ့ နာမည်။

Gentle Z ....။

ဒီလူဟာ ဒီအိမ်ကြီးရဲ့ ခြောက်ခြားစရာ အတိတ်သမိုင်းကြောင်း တစ်ခုခုနဲ့ ဆက်စပ်နေတာတော့ သေချာပြီ...။



ထိုစဉ်...ထိုစဉ်ပင်...။

"... ... ..."

အောက်ထပ်ကနေ ခပ်တိုးတိုးလေး ကြားလိုက်ရတဲ့ ခြေသံတစ်ခု...။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

ကိုယ့်ရဲ့အသက်ရှူသံကိုပင် တစ်ဖက်လူ ကြားသွားမှာ စိုးရိမ်နေရသည်။

တုပ်တုပ်မျှ မလှုပ်ဝံ့။

ကိုယ့်မှာ လက်နက်ဆိုလို့လည်း ဘာတစ်ခုမှမရှိ။

အသံစကြားကြားချင်းတုန်းက လူလိုလို၊ သရဲလိုလို ထင်မိသော်လည်း။ နောက်ပိုင်းမှာတော့ ညကြီးအချိန်မတော် လူတစ်ယောက် ယူကလစ်မြိုင်ထဲ ရောက်လာပြီမှန်း သိလိုက်ရသည်။

ဒါ့ကြောင့် စောစောကအခန်းထဲမှာပဲ တွေ့မိတွေ့ရာ လူ့တစ်ရပ်စာ အဝတ်ဗီဒိုတစ်လုံးထဲ ပြေးပုန်းလိုက်ရ၏။

ဒီလူ ဘယ်သူလဲ…။ ညကြီး အချိန်မတော် ဘာလာလုပ်တာလဲ…။

အခုရောက်နေတဲ့လူဟာ အရင့်အရင်က ယူကလစ်မြိုင် အိမ်ကြီးနှင့် ရင်းနှီးဖူးပြီးသားဖြစ်ပုံရသည်။ အခန်းတစ်ခန်းပြီး တစ်ခန်းဆီကို အသံတိတ်ကလေး ကျွမ်းကျင်ပိုင်နိုင်စွာ ဝင်



ရောက်ရှာဖွေနေသည်။

ကိုယ်တောင် ဒီည ခရင်မီဖုန်းလာလိုက်လို့ နိုးသွားပြီး ဒီအသံကို သတိထားမိသွားခြင်းဖြစ်လေသည်။ တော်ရုံအိပ်မောကျနေရုံလောက်ဆို ဒီလောက်တိုးတိတ်ညင်သာတဲ့ အသံကို ကြားနိုင်လိမ့်မည် မထင်။

"တွေ့ကြသေးတာပေါ့ကွာ…"

အဝတ်ဗီရိုထဲကနေ အုံ့မခန်း မျက်ခုံးတွန့်မိသွား၏။

ပထမတုန်းကတော့ ပိပိရိရိသေသေသပ်သပ်ကလေး အသံတိတ်ဝင်လာတယ်။ နောက်ပိုင်းကျတော့ တစ်ခန်းဝင်တစ်ခန်းထွက်နဲ့ သူရှာနေတဲ့ အရာမတွေ့ရ၍ ဒေါသထွက်လာပုံရပြီး ထိုကဲ့သို့ ကြိမ်းမောင်းနေသည်။

ကိုယ့်အခန်းထဲ ဝင်သွားပုံရပြီး၊ ပစ္စည်းတွေ ဟိုဟာကိုင် ပေါက် ဒီဟာကိုင်ပေါက်နှင့် ပြောင်းဆန်အောင် ရှာဖွေနေသည်။

"ပွဲကပြီးတော့မှာပါ။ မင်းကငါ့ထက်လည်းလို့ တစ်ကွက်ရှေ့သွားတာလား"

ဘာလဲဟ! …။

သူ ရှာနေတာ ငါ့ကိုလား…။

ဒါဆို ငါ့ကို ခြိမ်းခြောက်စာပို့တဲ့သူ ထင်ပါရဲ့။

"ဝုန်း…"

တွေးနေဆဲပင် အုံ့မခန်းရှိရာ အခန်းတံခါးမှာ ဝုန်းကနဲ ပွင့်သွားရပြီး လူစိမ်းဝင်လာသည်။

"ဟင်…"

www.burmeseclassic.com

www.burmeseclassic.com



အဝတ်ဗီရိုမှာ တခေါင်းပုံစံတပ်ဆင်ထားတဲ့ လေချိုပေါက်ကလေးတွေကနေ ထိုလှူစိမ်းကို အံ့မခန်း မြင်တွေ့လိုက်ရလေပြီ။

Gentle Z …။

လုံးဝ သံသယဖြစ်စရာ မလို…။

စောစောလေးကတင် ခရင်မီ အီးမေးလ်ကနေ ဓာတ်ပုံပို့ပေးလာတဲ့ Gentle Z ပင်…။

ဘုရား…ဘုရား…။

လက်ထဲမှာလည်း အသံတိတ်ကီရိယာတပ်ဆင်ထားတဲ့ သေနတ်တစ်လက်နဲ့။ ငါက သူ့ရှေ့တည့်တည့်မှာ မတ်တပ်ကြီး ရပ်နေတာ။

အခုအချိန် အဝတ်ဗီဒိုကို လက်ကမြင်းပြီး ဒိုင်းကနဲ သေနတ်တစ်ချက်ဖောက်လိုက်လို့ကတော့ ငါလည်း ကားကနဲပဲ။ ယူကလစ်မြိုင်ကို ထပ်ပြီးအကျည်းတန်အရုပ်ဆိုးစေမယ့် နောက်ထပ် အလောင်းတစ်လောင်းတိုးရချည့်…။

ဗီဒိုကလည်း အနံ့အသက်မကောင်း၊ ပင့်ကူမျှင်တွေ ဖုန်မှုန့်တွေနဲ့မို့ နှာခေါင်းထဲ ယားချင်လာသလိုလို။

မလှုပ်နဲ့…။ မင်း ဒီအထဲမှာ ပုန်းနေတာကို ဒီကောင် မသိစေနဲ့။ ပွဲက ကြည့်မကောင်းဘူး။ သူတင်ကိုယ်တင် မဆန်ဘူး…။

"သက်ထားမေ…။ ငါ့ကို ဆယ်နှစ်လုံးလုံး ဒုက္ခပေးနေတဲ့ မိန်းမ…"



အဲလိုပြောပြီး စောစောကပွင့်နေတဲ့ ပြတင်းတံခါးဆီ ချဉ်းကပ်သွားသေးသည်။

သွားပြီ…။ တခေါက်ကလေးတွေ တွေ့သွားပြီ…။ ငုံ့ကောက်လိုက်ပြီ…ဖတ်ကြည့်နေပြီ…။

ဘုရား…ဘုရား…ငါ့လက်ထဲမှာ နှစ်ရွက်…။ သူ့လက်ထဲရောက်နေတာက သုံးရွက်…။

သံသယဖြစ်လာပြီး ဗီဒိုကြီးပွမ်းကနဲ ဖွင့်ထည့်လိုက်မှာလား…။

ကိုယ်က ခြေထောက်နဲ့ ဆောင့်မကန်ရသေးခင် သူ့သေနတ်ကျည်ဆံက ကိုယ့်ရင်ဝတည့်တည့်ဝင်လာရင် ဘယ်လိုလုပ်မလဲ။

"ဝုန်း…ဒုန်း…ခလွမ်း…"

ခုံအောက်တွေ၊ ခုတင်အောက်တွေ၊ ချောင်ကျတဲ့နေရာတွေ သူရှာကြည့်နေသည်။

"အံ့…မ…ခန်း…"

ခညာ…။ အနော်…ဗီဒိုထဲမှာ…။

"ပုန်းနေရတာ မပင်ပန်းသေးဘူးလားကွာ…"

ဟင့်အင်း…။

"လာပါ…မိတ်ဖြစ်ဆွေဖြစ် စကားလေးဘာလေး ထွက်ပြောလှည့်ပါဦး…"

ကြောက်စရာကြီး…။ နူးညံ့တဲ့ ဟန်ပန်အမူအယာကြီး လုပ်ပြီး ကလိနေတာကြီးက ကြောက်စရာကြီး။ ဟုတ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါ…ငါ့ကို သတ်ဖို့ရောက်လာတဲ့သူ…။

ဟင်…။

လူသတ်သမားနဲ့ တွေ့လို့ ဗီဒိုထဲ ပြေးပုန်းကာမှ နောက်ထပ်လှုင့်စင်သွားမတတ် ကြောက်စရာဖြစ်ရပ်တစ်ခုက အသင့်စောင့်ကြိုနေပြန်ပါသေးသည်။

တော်ရုံတန်ရုံလူတစ်ယောက်သာဆို အသက်ပါ ထွက်သွားနိုင်လောက်သည်။

အဲဒါကတော့ သရဲမကပါ ကိုယ်နဲ့အတူ ဗီဒိုထဲ ရောက်နေခြင်းဖြစ်၏။

Gentle Z ကို လေခိုပေါက်ကလေးတွေကနေ မျက်တောင်မခတ်တမ်း၊ ကြည့်ရှုနေစဉ်၊ စိတ်ထဲမသိုးမသန့် ခံစားလာရ၍ ကိုယ့်နံဘေး အကြည့်ဝဲမိရာ…

ဘယ်အချိန်ကတည်းက ကိုယ့်နံဘေးမှာ မတ်တတ်ဝင်ရပ်နေမှန်းမသိတဲ့ သရဲမကို ဘွားကနဲ တွေ့လိုက်ရပြန်သည်။

အော်မိတော့မည့် ပါးစပ်ကို မနည်းထိန်းလိုက်ရင်း ကိုယ့်ဒုက္ခနှင့်ကိုယ် ကြိတ်မှိတ်မျိုသိပ် အသံတိတ်နေ နေစဉ်…။

"ဒုန်း…"

Gentle Z အခန်းတံခါးကို ဆောင့်ပိတ်ပြီး ထွက်ခွာသွားလေတော့၏။

"ဟင်း…ဟင်း…ဟင်း…ဟင်း…"

သရဲမကို အရေးပင်မလုပ်နိုင် ဗီဒိုထဲမှာ သက်ပြင်းတွေ အခါခါချနေစဉ်…။



"… … … … …"

သွားပြီ…။

ဒီတစ်ခါမှ တကယ်ကို သွားရလေပြီ…။

ခါးကြားကနေ စူးရှကျယ်လောင်စွာ ထွက်လာတဲ့ ဟမ်းဖုန်းမြည်သံ…။

သွေးရူးသွေးတန်းနဲ့ ဟမ်းဖုန်းကို ပါဝါပိတ်နေစဉ်၊ display ကို ကြည့်လိုက်တော့ သချင်းဆိုး အတာမောင်မောင်ရဲ့ မရဏခေါင်းလောင်းထိုးသံ ဖြစ်နေ၏…။

"ဒုန်း…"

ပြင်းထန်ကျယ်လောင်စွာ ဒုတိယအကြိမ် ပွင့်လာတဲ့ တံခါး…။

"ဟိတ်ကောင်…မင်း မသေချင်သေးရင် လုံးဝမလှုပ်နဲ့နော်…"

ဝရုန်းသုန်းကား ပြေးဝင်လာတဲ့ ခြေသံ…။

ဗီဒိုတံခါးကို ဆောင့်အဖွင့်…။

"ဒုတ်…"

အရာရာဟာ မှောင်အတိကျသွား…

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

ပထမဆုံး စ,မြင်လိုက်ရတဲ့ မြင်ကွင်းက မှုန်ဝါးဝါး။

မျက်တောင် ပုတ်ခတ်ပြီး ကြိုးစားကြည့်ရှုတော့မှ ကိုယ့်ရှေ့တည့်တည့်မှာ လူတစ်ယောက် သွေးအေးအေးနဲ့ ပန်းသီးတစ်လုံး အခွံနွှာစားနေသည်ကို တွေ့လိုက်ရသည်။

"သတိရလာပြီလား..."

ဟင်...ကိုယ့်တစ်ကိုယ်လုံး လှုပ်လို့မရတော့...။

သွားပြီ...နောက်ပြန်ကြိုး အတုပ်ခံထားရလေပြီ..။ ခြေထောက်နှစ်ဖက်လည်း ကြိုးတုပ်ခံထားရပြန်သည်။

"ခင်ဗျားဘယ်သူလဲ...ဘာ့ကြောင့် ကျွန်တော့်ကို ဒီလို လုပ်ရတာလဲ"

မေးလိုက်တော့ ပန်းသီးစားနေရင်းကနေ ဟန်ပါပါနဲ့ ခြောက်ခြောက်ကပ်ကပ်ရယ်မောနေပြန်သည်။

"အရှမ်းလှတဲ့ ဓာတ်လမ်းလေးတစ်ပုဒ် မင်းကိုငါ ပေးမယ်။ ယူမလား..."

မဖြစ်နိုင်မှန်းသိရက်နဲ့ နောက်ပြန်ကြိုးအတုပ်ခံထားရတဲ့



လက်တွေကို လွတ်လိုလွတ်ငြား ရုန်းကန်ကြည့်မိသည်။ မရ...။

ဒါနဲ့ ဘောင်းဘီအိတ်ထဲ လက်ရောက်သွားတော့ ဆောဆောက ဒုက္ခပေးသွားတဲ့ ဟမ်းဖုန်းကို စမ်းမိ၏။

စိတ်မှန်းနဲ့ ဟန်းဖုန်းကို ပါဝါပြန်ဖွင့်လိုက်ပြီး display ပေါ်မှာ ရီကောဒင်းရှိနိုင်မယ့်နေရာမှန်းပြီး နှိပ်ထားလိုက်သည်။

ကံကောင်းခဲ့ရင်တော့ သူပြောတဲ့စကားတွေအားလုံး 'သက်သေခံ'အဖြစ် မှတ်တမ်းတင်ခွင့်ရမှာပေါ့။

ကိုယ့် ကံကြမ္မာကတော့ လောလောဆယ် သူ့လက်ထဲမှာ မရေရာ။

"ငါ့ ဓာတ်လမ်းကို မင်း ဒီဘဝတော့ ရေးနိုင်လိမ့်မယ် မထင်ဘူး။ တမလွန်ကျမှ ဆက်ရေးပေါ့...ဘယ်လိုလဲ..."

နိမိတ်ပုံတွေတော့ ပေးနေပြီ။ သေချာတယ်။ ဒီလူ ညွှင်းချင်းကိုယ့်ကို အပြတ်ရှင်းတော့မယ်။

"မင်း ဘယ်တော့မှ လူတွေကို ကျင်းထဲကျပ်ထဲ ရောက်အောင် မလုပ်ရဘူး အံ့မခန်း"

"... ... ..."

"ဖြစ်နိုင်ရင် ဟောဒီမြို့ကို ပြန်မလာချင်ဘူး။ ဟောဒီ ယူကလစ်မြိုင်ကို ပိုပြီး ပြန်မလာချင်ဘူး..."

"... ... ..."

"မင်းကို ငါ ဒီအိမ်က ထွက်သွားဖို့ စာပို့ခဲ့တယ်...။ ရတယ်မဟုတ်လား..."

သူ ခေါင်းသာ ညိတ်ပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ ပန်းသီးစားနေတဲ့လူ ဒေါသထွက်သွားပြီး...။

"ဘာ့ကြောင့် မင်း ဒီအိမ်မှာ ဆက်နေ နေရတာလဲ။ ဘာ့ကြောင့် ဒီလောက်သတ္တိတွေ ကောင်းနေရတာလဲ..."

"ကျွန်တော် စာရေးဆရာ တစ်ယောက်ဆိုတာ ခင်ဗျား သိလား..."

ထိုသူ ခေါင်းညိတ်ပြ၏။

"ဒီအိမ်ပေါ် ရောက်လာခဲ့ရတဲ့ တွန်းအားတွေက အများကြီးပဲ။ လွန်ခဲ့တဲ့လအနည်းငယ်လောက်တုန်းက လူမှုကွန်ယက် တစ်ခုကနေ ကျွန်တော့်ရဲ့ အနုပညာကို လူတစ်ယောက်က ဖော်ကားပြီး မှတ်ချက်ရေးခဲ့တယ်။ ကျွန်တော့်စာအုပ်တွေက သူများ ဝတ္ထုထဲက ကောင်းနိုးရာရာတွေ ခိုးချပြီး ရေးထားတယ်ဆိုပြီး"

"နေဦး...။ အဲဒီ ပြဿနာက တကန့်ရှင်းရမှာကွ... အဲဒီ မှတ်ချက်ရေးသွားတဲ့ သူက တခြားလူမဟုတ်ဘူး။ ငါပဲ ...။ Gentle Z ဆိုတာ ငါပဲ..."

"ခင်ဗျားသာ Gentle Z မှန်ရင် ကျွန်တော်လည်း ခင်ဗျားကို မေးချင်နေတဲ့ မေးခွန်းတွေ အများကြီးပဲ၊ ခင်ဗျား ဘာ့ကြောင့် ကျွန်တော့်ကို ရည်ရွယ်ချက်ရှိရှိလိုက် နှောက်ယှက်နေရတာလဲ..."

"အဟား...ဟား...ရည်ရွယ်ချက်ရှိရှိတော့ မဟုတ်ဘူး ကွ..။ ငါက ဘဝသမား။ စာအုပ်တွေနဲ့လည်း မနီးစပ်ဘူး။ မင်းစာအုပ်ဆို တစ်ရွက်တောင် လှန်ကြည့်ဖူးတာမဟုတ်ဘူး။ ဒါပေမဲ့ ငါ့မှာ စာအုပ်အသိုင်းအဝိုင်းထဲက အသိအကျွမ်းတစ်



ယောက်တော့ ရှိတယ်။

မင်းတို့လို လက်ဖျားက ရွှေသီးနေတဲ့ လူငယ်စာရေးဆရာလေးတွေတော့ မဟုတ်ဘူး။ သူများနာမည်ခံနဲ့ နောက်ကနေ ရဲဒိုးရေး ပေးနေရတဲ့ လူ။ အသက်ကတော့ ငါတို့အရွယ်ပေါ့ကွာ။ ရေးတဲ့ လိုင်းကလည်း ဆူလွယ်နပ်လွယ် ချက်လွယ်ပြုတ်လွယ် လိုင်းတွေပေါ့။ ရလာတဲ့စာမူခကျတော့လည်း မသထာရေစာ ခပ်နည်းနည်းရယ်။ ဒီတော့ ဒီကောင်လည်း စိတ်ချဉ်ပေါက်တာ ပေါ့ကွာ"

ဇာတ်ရည်ကတော့ တဖြည်းဖြည်းနဲ့ လည်သလိုရှိလာသည်။

Gentle Z ဆိုတဲ့ ဖော်လွှင်မြင့်ရဲ့ စကားကို စိတ်ဝင်စားသလို နားထောင်ဟန်ဆောင်ရင်း လက်နှစ်ဖက်က နောက်ရောက်နေတဲ့အတွက် ကြိုးတွေကိုဖြတ်နိုင်ဖို့ ဘာအထောက်အကူပစ္စည်းများ ရနိုင်မလဲ ရှာနေရသေးသည်။

စောစောက သူ့ကို ဖော်လွှင်မြင့်လိုက်လံရှာဖွေရင်း ဒေါသတကြီး ကိုင်ပေါက်ထား၍ ပစ္စည်းတွေက ဖရိုဖရဲပွစာကျဲ လျက်ရှိချေ၏။

ခဲတံလိုလို၊ ပေတံလိုလို၊ စာရွက်လိုလို တွေတော့လက်က စမ်းမိနေသည်။

"ငါ ဝန်ခံပါတယ်။ ဒီကောင်က ခပ်ပုံပုံထဲကရယ်။ အေးလေ..ငါလည်း ခပ်ပုံပုံထဲကပါပဲ...။ မင်းတို့ စာအုပ်အရေးအသားတွေကို ဒီကောင်နည်းနည်းရျေ (J)ရှိတဲ့ပုံမပဲ...။

www.burmeseclassic.com

www.burmeseclassic.com



သူမှ လိုက်မရေးနိုင်တာ။ လိုက်ရေးနိုင်စေဦးတော့။ စိုက်ထုတ်လိုက်ရတဲ့ စွမ်းအင်နဲ့ ရလာတဲ့ ငွေကြေးအကျိုးအမြတ်က ကာမှမကာမိတာ…

ဒီလိုနဲ့ ဒီကောင်နဲ့ငါ တစ်ရက်က အရက်ဆိုင် အတူတူထိုင်ဖြစ်ကြရော.. စာအုပ်အကြောင်းတွေ ပြောဖြစ်ရင်း၊ ဆိုဖြစ်ရင်းကနေ ငါတို့ရဲ့ စိတ်အချဉ်ပေါက်စရာတွေအားလုံးက ဝတ္ထုရဲ့အဆုံးသတ်တိုင်း ထည့်ပေးနေကျ မင်းရဲ့ လူမှုကွန်ယက်လိပ်စာထဲက wall ပေါ်ရောက်သွားတော့တာပဲ။

ငါ လုပ်လိုက်တာက ပါးပါးလေးပါ..။ ပါးပါးလေးမှ တကယ့်ကို ပါးပါးလေး…။ အခုလောက်အထိ မီးနိုးကြွက်လျှောက်ဖြစ်သွားလိမ့်မယ်လို့ကို ထင်မထားဘူး။ ပြောပါဦး.. မင်းက ဘာကြောင့် ငါ့ wallမှာ တင်ထားဖူးတဲ့ ဓာတ်ပုံထဲက အိမ်ကြီးအထိ တန်းတန်းမတ်မတ်ရောက်လာခဲ့ရတာလဲ။ ဘာလဲ။ ဒီအိမ်ကိုငါ့အိမ်လို့ ထင်နေလို့လား။ အဟား…ဟား…ငါ အဲလောက် မချမ်းသာဘူး ဟိတ်ကောင်ရ…"

"ဒီအိမ်က ခင်ဗျားအိမ်မဟုတ်မှန်းသိပါတယ်။ ဒါ… ကျွန်တော့်သူငယ်ချင်းမိဘရဲ့ မိတ်ဆွေတွေအိမ်ပါ…။ ဘာ့ကြောင့် ခင်ဗျား ဒီအိမ်ကြီးရဲ့ဓာတ်ပုံကို ခင်ဗျားwallမှာ တင်ထားရတာလဲ.."

တွေ့ပြီ…။

ကံကြမ္မာက အခုကနေစပြီး ကိုယ့်ဘက် ပါလာလေပြီ ဇော်လွင်မြင့်နဲ့ စကားပြောနေတုန်း လက်က လှမ်းမိ



လှမ်းရာ ပစ္စည်းတွေဆီ ရောက်သွားတော့ ကတ်ကြေးအသေးလေးတစ်လက်ကို စမ်းမိသွား၏…။

ဒါ…လိုင်း ယူကလစ်မြိုင်အိမ်ရှေ့မှာ ကင်ပွန်းချဉ်ခူးတုန်းက သူမလက်တွေ ဆူးမထိအောင် သုံးခဲ့တဲ့ ကတ်ကြေးလေး…။

ကိုယ်က ချစ်သူဖြစ်သွားတဲ့ အထိမ်းအမှတ်အနေနဲ့ အဲဒီကတ်ကြေးလေးကို အမှတ်တရ ယူခဲ့သည်။

အို…ကျေးဇူးကြီးလိုက်တာ ကတ်ကြေးလေးရယ်…။

ကတ်ကြေး အသွားတစ်ဖက်ကို ရအောင်ထောင်ပြီး လက်နှစ်ဖက်ကြားက ကြိုးစကို အသွားပေါ်ရအောင်တင်ကာ လွှတ်မြောက်ဖို့ စတင်ကြိုးစားရလေပြီ…။

"မင်းကိုယ်တိုင် စာရေးဆရာပဲ…။ လူတွေရဲ့ ဆိုက်ကိုတွေကို မင်း နားမလည်ဘူးလား"

"ဆိုပါဦး…"

"လွန်ခဲ့တဲ့ ဆယ်နှစ်လောက်တုန်းက ဒီအိမ်ပေါ်မှာ ငါ မတရားမှုတစ်ခုကို လုပ်ခဲ့တယ်။ ငါ့လုပ်ရပ်က ပိရိတယ်လို့တော့ မဆိုသာဘူး။ ဒါပေမဲ့ ဒီကိစ္စကို ဘယ်သူမှ သဲလွန်စမရှာနိုင်ကြဘူး။ ငါလည်း ထောင်မကျခဲ့ဘူး။ ဒီအိမ်ကြီးကို ငါ လူမှုကွန်ယက်မှ တင်ခဲ့တဲ့အကြောင်းအရင်းက နှစ်ချက်ပဲရှိတယ်။ နှစ်ချက်စလုံး ဆိုက်ကိုတွေချည်းပဲ…။ တစ်အချက်က ကိုယ့်အပြစ်ကို ကိုယ်ဝန်ခံချင်လို့ ဥပယ်တမျဉ်သုံးပြီး ဒီအိမ်ပုံကြီး အမှတ်တရတင်လိုက်တာ။ နှစ်အချက်က ဒီဖြစ်ရပ်နဲ့ပတ်

www.burmeseclassic.com

www.burmeseclassic.com



သက်ပြီး ကိုယ့်ရဲ့ကြောက်စိတ်ကို လုံခြုံသွားဖို့ ကံကြမ္မာကို စိန်ခေါ်တဲ့အနေနဲ့ တင်လိုက်တာ…။ ဒါပေမဲ့ ငါ သတိလွတ်သွားတာတစ်ခုတော့ ရှိတယ်။ အိပ်ပျော်နေတဲ့ ကျားတစ်ကောင်ကို သွား စ,တော့မယ့်အချိန်မှာ ငါ ဒီဓာတ်ပုံကိစ္စကို မေ့လျော့နေခဲ့တယ်။ ငါ ဆိုလိုတဲ့ အိပ်ပျော်နေတဲ့ ကျားဆိုတာ မင်း wall မှာ ရန်စတဲ့ comment လာရေးတဲ့ကိစ္စကို ပြောတာ။ ငါ သတိရလို့ ယူကလစ်မြိုင်အိမ်ဓာတ်ပုံကို ဖျက်လိုက်တဲ့အချိန်ဟာ ဒီလောက်တောင် နောက်ကျသွားပြီလား…။ ပြောစမ်း…မင်း ငါ့ wall ထဲကနေ ယူကလစ်မြိုင်အိမ်ကို တွေ့ပြီး ရောက်လာခဲ့တာမဟုတ်လား…"

"မဟုတ်ဘူး…။ တိတိကျကျပြောရရင် ခင်ဗျားတင်ခဲ့တဲ့ ယူကလစ်မြိုင်အိမ်ရဲ့ ပြတင်းပေါက်တစ်ခုမှာ မိန်းမပုံရိပ်တစ်ခု ဖျတ်ကနဲတွေ့ပြီး ပျောက်သွားလို့ အရမ်းစိတ်ဝင်စားပြီး ရောက်လာခဲ့တာ…"

"မိန်းမ တစ်ယောက်…."

သူ့စကားကြောင့် Gentle Z အတော် အံ့အားသင့်သွားပြီး တဟားဟားအော်ရယ်ပါလေတော့၏…။

"ဟုတ်တယ်ကွာ…။ အဲဒီမိန်းမဟာ ငါ့ကို ဆယ်နှစ်လုံးလုံး ခြောက်လှန့်ဒုက္ခပေးနေတဲ့ မိန်းမတစ်ယောက်ပဲ…။ မင်းကိုတောင် မဆီမဆိုင်နဲ့ အင်တာနက်ထဲက ဓာတ်ပုံကနေ လှမ်းပြီး ကိုယ်ထင်ပြလိုက်တာ ငါ အံ့သြလို့ကို မဆုံးဘူး….။ အဟား…ဟား…ဟား.."



"… … … …"

"ပြောရင် ယုံမလား…စာရေးဆရာ…"

"ပြောပါ …။ ယုံတာ မယုံတာကတော့ ကျွန်တော့်အပိုင်းပေါ့…"

"အဲဒီ ဓာတ်ပုံကို ငါရိုက်တုန်းက သူက အဲဒီပြတင်းပေါက်မှာ ရပ်နေတာမဟုတ်ဘူး။ ငါ့နံဘေးမှာပဲ ရှိနေတာ။ မင်း စကားကို ငါ မယုံလို့မဟုတ်ဘူးနော်။ ဟုတ်တယ်။ မင်းပြောတာဟုတ်တယ်။ ငါလည်း အဲဒီဓာတ်ပုံကို အခုနေ ပြန်ကြည့်တယ်။ ပြတင်းပေါက်တစ်ခုမှာ သက်ထားမေ ရပ်နေတတ်တာကို မကြာခဏ တွေ့ရတတ်တယ်"

"သက်ထားမေ…ဆိုတာ…"

"ငါ သတ်ခဲ့တဲ့ မိန်းမ…"

"ဟင်…"

အနောက်က ကတ်ကြေးနဲ့ ဖြတ်နေတဲ့ ကြိုးစတွေ ပြတ်မပြတ်တော့ မသိ။ တုံးတိကြိုး ပြောချလိုက်တဲ့ Gentle Z စကားကြောင့် သူ့ နှလုံးသွေးတွေ ရပ်တန့်သွားသလို ထင်လိုက်မိသည်။

နထင်မှ ချွေးစေး ချွေးပေါက်များလည်း ကျလာသည်။

တင်းမာခက်ထန်နေသည့် Gentle Z ကိုယ်တိုင်လည်း အနည်းငယ် ပျော့ပြောင်းလာကာ…

"မင်းနဲ့ငါ မပတ်သက်ခဲ့ရင် ကောင်းသားလား စာရေးဆရာရယ်။ ငါ့ အတိတ်သမိုင်းတွေက ဖာရာထေးရာတွေနဲ့ ဆိုပေ

www.burmeseclassic.com



မယ့် လုံခြုံခဲ့ပြီးသားပါ။ ဒါပေမဲ့ မင်း ယူကလစ်မြိုင်အိမ်ကြီးဆီ တန်းတန်းမတ်မတ်ကြီး ရောက်သွားပြီဆိုတဲ့ သတင်းကြားလိုက်ရကတည်းက ငါ ဘယ်လိုမှ စိတ်တွေ မလုံခြုံတော့ဘူး။ ငါနောက်ထပ် လူသတ်မှုတစ်ခုကို ကျူးလွန်ရတော့မယ်။ ငါမင်းကို မသတ်ချင်ပါဘူး။ ဒီလိုပဲ သက်ထားမေကိုလည်း မသတ်ချင်ခဲ့ဘူး…။ သူက ငါ့ချစ်သူပါ…''

''ဆက်ပြောပါ…ကျွန်တော် နားထောင်ချင်ပါသေးတယ်''

ကတ်ကြေးပေါ်တင်ပြီး ဖြတ်နေတဲ့ ကြိုးစတွေ အတော်လေးပြတ်လာပြီမို့ သူဆက်ပြီး အချိန်ဆွဲထားလိုက်ရသည်။

''လွန်ခဲ့တဲ့ ဆယ်နှစ်လောက်တုန်းက သူကလည်း ဒီမြို့မှာ အညတရဝန်ထမ်း မိန်းကလေးတစ်ယောက်၊ ငါကလည်း ခပ်ငယ်ငယ် အညတရလူငယ်လေးတစ်ယောက်ဆိုပါတော့ကွာ…လူငယ်ဘာဝ ချစ်ကြိုက်မိကြရင်း လွတ်လွတ်လပ်လပ်အတူရှိချင်တဲ့အခါကျရင် ဘယ်သူမှမနေတဲ့ ယူကလစ်မြိုင်ဆီကို မကြာခဏ ရောက်ရောက်လာခဲ့တယ်ဆိုပါတော့…။ ငါ့မှာက မိန်းတစ်ယောက်ကို အတည်တကျ လက်ထပ်ပေါင်းသင်းဖို့ ဘယ်လိုမှ မဖြစ်နိုင်သေးတဲ့အချိန်…သူ့မှာကလည်း အင်း…ဘယ်လိုပြောရမလဲကွာ…။ အကျပ်အတည်းတစ်ခုကို ရင်ဆိုင်သွားရတဲ့အချိန်…ငါပြောတာ သဘောပေါက်လား…''

နောက်က ကြိုးစတွေ ပြတ်လုပြတ်ခင် ဖြစ်လာပြီလို့တော့ သူထင်သည်… Gentle Z စကားကို ဘာမှမှတ်ချက်မပေး



ဘဲ ပခုံးပဲတွန့်ပြလိုက်တော့ ဟိုက…။

''အကျပ်အတည်းဆိုတာကြီးကကွာ…ဒါကိုပြောတာ…ဒါကို…''

''ဪ…''

ဗိုက်ဖောင်းလာတဲ့ပုံစံ လုပ်ပြရင်း…

''ဖခင်စိတ်မရှိတာလည်း မဟုတ်ဘူး။ တာဝန်ယူစိတ်မရှိတာလည်း မဟုတ်ပါဘူး။ အဲဒီအချိန်တုန်းက သူ့ကိုဘယ်လိုမှ ယူလို့မရသေးတဲ့အချိန်…။ ဒီအကျပ်အတည်းကြီးကို ဖြေရှင်းပစ်ဖို့ ပြောရင်းကနေ သူနဲ့ငါ့ကြားမှာ မုန်တိုင်းတစ်ခုဝင်လာခဲ့တယ်။ တကယ်က ငါက လူသတ်လက်နက်သယ်လာခဲ့တာ မဟုတ်ဘူး။ သူက သယ်လာခဲ့တာပါ…''

Gentle Z အတော့်ကို စိတ်ပန်းလူပန်းဖြစ်နေလေပြီ။ အသက်ကို အနိုင်နိုင်ရှူသွင်းနေပြီး…

''သူ သေမယ့်နေ့က ငါတို့တွေ စကားများကြတယ်ပေါ့ကွာ။ ဟောဒီအိမ်ကြီးမှာပါပဲ။ နောက်တော့ ခြေတွေလက်တွေပါလာခဲ့တယ်ပေါ့။ ငါ့ပါးကို ရိုက်တယ်။ အဲဒီအထိ ငါသည်းခံနိုင်ခဲ့သေးတယ်။ နောက်··ဖွက်ယူလာတဲ့ ဓားကို ဆွဲထုတ်လိုက်တယ်။ အဲဒီအချိန်မှာ ငါ့ကိုယ်ငါ သိလိုက်တယ်။ ငါဟာ အချစ်သူ့ရဲကောင်းမဟုတ်ဘူးဆိုတာ…''

အံ့မခန်း နှစ်နေအောင် ပြုံးလိုက်မိ၏…။

''တကယ်က ငါသူ့ကို ဓားနဲ့ထိုးခဲ့တာ မဟုတ်ပါဘူး။ သူ့ဆီက ဓားကိုဆွဲလုခဲ့တာပါ။ ငါ့လက်တစ်ဖက်ဓားထိသွားခဲ့

www.burmeseclassic.com

www.burmeseclassic.com



တယ်။ သွေးတွေ ဒလဟောကျလာတဲ့အချိန်မှာ ငါ မိုက်သွေးကြွလာတယ်ဆိုမလား…။ ဟုတ်တယ်။ ငါသေလို့တော့ မဖြစ်ဘူး။ ငါ့ကို ဓားနဲ့ထပ်မထိုးမိအောင် ငါသူနဲ့ လုံးထွေးသတ်ပုတ်ပြီး ဓားကို ပြန်အယူမရည်ရွယ်ဘဲ သူ့ရင်အုံထဲ ဓားတစ်ဆုံးဝင်ပြီး ကိစ္စချောသွားခဲ့တာ…"

ဇာတ်လမ်းက အဆုံးသတ်ကို ရောက်လာသဖြင့် Gentle Z သူ့ကို ရှင်းတော့မည်မှန်း သိလာသည်။

နောက်က ကြိုးတွေလည်း ပြတ်တော့မည် ရသလောက်တော့ အချိန်ဆွဲဦးမှ…။

"နေပါဦး…အဲဒီအချိန်မှာ ခင်ဗျားသိပ်သွေးအေးနေခဲ့သလား‥။ ဒါမှမဟုတ် အဲဒီအလောင်းကို ပိပိရိရိနဲ့ ဖျောက်ပစ်ခဲ့နိုင်တာလား…။ ဘာ့ကြောင့် အဲဒီလူသတ်မှုဟာ လူသေမှုလိုလို လူပျောက်မှုလိုလိုနဲ့ ပဟေဠိဖြစ်နေခဲ့တာလဲ"

"သေချာတာ ငါမပိရိခဲ့ပါဘူး…။ ဓားတန်းလန်းနဲ့ သူ အသက်ငင်နေတဲ့အချိန်မှာပဲ ယူကလစ်မြိုင်ကနေရော၊ ဟောဒီမြို့ကနေပါ ငါထွက်ပြေးခဲ့နိုင်တယ်။ ငါ့နောက်ကို ဘယ်သက်ဆိုင်ရာကမှ ရောက်မလာခဲ့ဘူး။ တကယ်တမ်း အရိပ်လို လိုက်နေတာဆိုလို့ အာရုံမှာ အညိုးတကြီးရောက်ရောက်လာတတ်တဲ့ သက်ထားမေရဲ့ ပုံရိပ်တွေပဲ…"

"သူသေမယ့်နေ့က အင်္ကျီအနီရောင်ဝတ်ခဲ့မယ်နဲ့ တူတယ်"

"ဟင်…မင်း…မင်းက ဘာလို့ အဲလို ပြောနိုင်ရတာလဲ…"



"ဟောဒီ စကားဝိုင်းထဲမှာ သူရှိနေတယ်…"

"ဘာရယ်…"

"ဟုတ်တယ်။ ခင်ဗျား ကျွန်တော့်ကို မိခဲ့တဲ့ ဗီဒိုထဲမှာတင် သူ့ကို နောက်ဆုံးတွေ့လိုက်ရသေးတယ်။ ကျွန်တော့်နံဘေးမှာ ပခုံးချင်းယှဉ်ရပ်နေတာ…"

"ဘာ…"

Gentle Z က သေနတ်ကို မောင်းတင်လိုက်ပြီ…။

ပွဲက သိမ်းတော့မည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

"တမလွန်မှာ ရေးဖို့မင်းအတွက် စာတ်လမ်းတစ်ပုဒ် ဆိုတာ အဲဒါပါပဲ။ မင်းထပ်မေးနေလည်း ငါဖြေဖို့ မဖြစ်နိုင်တော့ဘူး။ မင်းနဲ့စကားပြောလို့တော့ ကောင်းပါတယ်"

Gentle Z က သူ့ကို ပြုံးရင်း ကြည့်လိုက်၏။

ဝွတ်ဘိုင်းလို့ ပြောလို့ရနိုင်မယ့် အကြည့်…။

နောက်တော့ မောင်းတင်ထားတဲ့ သေနတ်ကို သူ့နထင် ရှိရာ တည့်တည့်ချိန်ရွယ်ရင်း တစ်လှမ်းချင်း လှမ်းလာသည်။

ဘုရား…ဘုရား…။ ကြိုး…ကြိုးတွေ…။ ကြိုးတွေ မပြတ်သေးဘူး…။

"ခ…ခင်ဗျား…ထပ်ပြီး လူသတ်ဦး မလို့လား…"

"ငါ့မှာ ရွေးချယ်စရာ လမ်းမရှိတော့လို့ပါ…"

"ကလစ်… …"

"ဖောက်…"

Gentle Z က ပြောတဲ့အတိုင်း တကယ်လုပ်ခဲ့သည်။ စကားဆုံးသည်နှင့် ခလုတ်ကို ဖြုတ်ချလိုက်ရာ ပြောင်းဝကနေ



တိုးထွက်လာတဲ့ ကျည်တစ်တောင့်မှာ အံ့မခန်းနထင်တည့်တည့် ရှိရာဆီ ရောက်မလာခဲ့ရလိုက်…။

ရုတ်တရက် ရောက်လာတဲ့ ရိုပ်ကနဲ ပုံရိပ်တစ်ခုထံ ယောင်ပြီး ပစ်မိသွားသည်။

"ဟင်…"

"ဟာ…"

သေနတ်နဲ့ပစ်သူရော၊ အပစ်ခံရသူပါ အလွန်အမင်း အံ့အားသင့်သွားကြ၏…

လူတစ်ယောက်ကို သတ်ဖို့ သေနတ်ကိုရော၊ စိတ်ကိုပါ မောင်းတင်ထားရသည့် လူတစ်ယောက်အတွက် တုန်လှုပ် ခြောက်ခြားစရာ။

အခြေအနေ ထူးခြားပြီ…။ နောက်က ကြိုးတွေ ပြတ် သွားလေပြီ။ ခြေထောက်ကို တုပ်ထားတဲ့ ကြိုးတွေတော့ မပြတ် သေး။

"ကဲ…လာကွာ…တစ်ချက်နဲ့မသေတော့ နောက်တစ် ချက်ပေါ့…"

"ကလစ်…"

"ကလစ်…"

"ကလစ်…"

ခလုတ်ကို တစ်ချက်ပြီး တစ်ချက်ဆွဲ၏။ သို့သော် ကျည်တစ်တောင့်မှ ထွက်မလာတော့…။ အံ့သြစရာကောင်း လောက်အောင် သေနတ်က ဂျန့်ဖြစ်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟေးလူ…ဟိုမှာ ကြည့်စမ်း…"

"ဟာ…"

ယူကလစ်မြိုင်အိမ်ကြီးရဲ့ ခေါင်မြင့်မြင့် မျက်နှာကြက်တစ်ခုမှာ တိမ်တွေ စက်ဝိုင်းပုံသဏ္ဌာန်လှည့်ပတ်နေကြသလို မိန်းမတစ်ယောက်ရဲ့ ပုံရိပ်တွေ…။

"သက်…သက်ထားမေ…"

ငိုသံပါကြီးနှင့် Gentle Z က အော်လေသည်။ နောက်တော့ အံ့မခန်းနထင်ကို ချိန်ရွယ်ပြီး ပစ်နေတဲ့၊ ကျည်မထွက်တဲ့ သေနတ်နဲ့ မျက်နှာကြက်ကို ထောင်၍ ဖောက်ပါတော့၏…။ ထုံးစံအတိုင်း သေနတ်က ကျည်ဆံထွက်မလာ…။

"ငါ့…ငါ့ကို ခွင့်လွှတ်ပါဟာ…ငါ့ကို ခွင့်လွှတ်ပါ…"

တော်တော်လည်း တရားကျဖို့ ကောင်းတဲ့လူ…။

လူတစ်ယောက်ကိုရော သရဲတစ်ကောင်ကိုပါ ရသလောက် အနိုင်နဲ့ပိုင်းနေသည်။ မရတော့ အသနားခံ၏။ သူ့လက်ထဲက လူသတ်လက်နက်မှာလည်း ကလေးတစ်ယောက်လက်ထဲက အရုပ်သေနတ်လောက်ပင် အရေးမပါတော့…။

"ငါ နင့်ကို သတ်ခဲ့တာမဟုတ်ဘူးနော်…။ မတော်တဆဖြစ်ခဲ့တာပါ။ ငါ့ကို ချမ်းသာပေးပါ။ ငါ ညတွေ အိပ်မပျော်တာ ဆယ်နှစ်ကျော်ခဲ့ပြီ။ ငါ ထောင်မကျခဲ့တာတော့ ဟုတ်တယ်။ ဒါပေမဲ့ ငါ့စိတ်ဝိဉာဉ်တွေအားလုံး မြေအောက်ခန်းထဲမှာ အပိတ်ခံထားရတာ နင်ယုံပါနော်…ယုံပါနော်…။ ငါ



ယူကလစ်မြိုင်ကနေ ထွက်သွားမှာပါ…ငါ…ငါ နင့်ကို ကြောက်တယ်။ ကြောက်တယ်။ တောက်…ဟို စာရေးဆရာ…ငါ့ဘဝကို ဖောက်ထိုးမိုးမျှော်လုပ်ခဲ့တဲ့ စာရေးဆရာ…နင့်ကို အရင်သတ်ရမှာ‥နင့်ကို အရင်သတ်ရမှာ…ဟား‥ဟား…"

လာပြီ…။ ပြောလည်းပြောရင်း အပြေးတစ်ပိုင်းနဲ့ လာနေပြီ…။

သေနတ်နဲ့ သတ်လို့မရ၍ လည်ပင်းညှစ်သတ်ချင်ပုံရနေသည်။ လက်နှစ်ဖက်ကို ချိန်ရွယ်ပြီး အံ့မခန်းအား ခုန်အုပ်…။

သူ့ထက်စောစီးစွာပင် နေရာကနေ ဘေးဘက်သို့ နှစ်ဝတ်သုံးပတ်လိမ့်ရှောင်လိုက်ချိန်မှာတော့…။

"ဝုန်း…"

"အား…"

ဘယ်လိုမှ ထင်မှတ်မထားတဲ့ မြင်ကွင်းတစ်ခု…။

အံ့မခန်းအား ခုန်အုပ်လိုက်သည်မှာ မှန်သော်လည်း သူက ကြိုရှောင်လိုက်နိုင်ချိန်ရသွား၍…

Gentle Z ခမျာ သူ့အရှိန်နှင့်သူ၊ ဆွေးမြည့်နေတဲ့ စက်ဝိုင်းပုံ အတွင်းဝရန်တာကို ဝင်ဆောင့်မိပြီး ထိုနေရာမှ အောက်ထပ်သို့ ကျုံကျသွားလေတော့သည်။

"သွေးတွေ…သွေးတွေ…ဟာ…"

ခြေထောက်ကို တုပ်နှောင်ထားတဲ့ ကြိုးစတွေကို ဖြေပြီး အောက်ထပ်သူ ဆင်းသွားတော့၊ မြင်မကောင်းလောက်

www.burmeseclassic.com

www.burmeseclassic.com



အောင် ဗွက်ထနေတဲ့ သွေးအိုင်တွေကြားမှာ Gentle Z ကို သူ တွေ့လိုက်ရသည်။

"ဟေးလူ…ဟေးလူ…"

ယူကလစ်မြိုင်ကြီးမှာ နောက်ထပ် Police Case တစ်ခု ဖြစ်ရပြန်ပြီ။ ဒီလူကို သူ လက်ဖျားနှင့်ပင် မတို့ဝံ့တော့။ နှာ သီးနားတစ်ဝိုက်ကို လက်ညှိုးနှင့်ထောက်ကြည့်တော့ ဝင်သက် ထွက်သက် မရှိတော့…။

"သေသွားပြီ…လုံးဝ မထင်ထားဘူးဗျာ။ ဒီပွဲမှာ ကျွန် တော်သေရလိမ့်မယ် မှတ်နေတာ…ခင်ဗျား အရင်ထွက်သွား လိုက်ရတာကိုး…"

ညကြီးမင်းကြီးမှာ ပူပူနွေးနွေးအလောင်းတစ်လောင်း နဲ့ မြူးနေတဲ့ သရဲတစ်ကောင်ရှိရာ ယူကလစ်မြိုင်ကြီးမှာ အ တော့်ကို စိတ်ပျက်ဖွယ်ရာ ကောင်းနေသည်။

"ဦးညိုကို ဖုန်းဆက်အကြောင်းကြားရမယ်။ ဦးညိုကို …"

သွေးရူးသွေးတန်းနှင့် စောစောလေးကမှ Gentle Z ရဲ့ ထွက်ချက်တွေကို ရီကောဒင်းလုပ်ထားတဲ့ ဟမ်းဖုန်းကို ဘောင်းဘီအိတ်ကြားက ထုတ်ယူလိုက်ရာ…။

"ဟာကွာ…ရှစ်(ထ်)…ဘတ္ထရီကုန်သွားပြီ…"

ဘာလုပ်ရမလဲ…။

ဒီအိမ်မှာ တစ်ယောက်တည်း မိုးလင်းသည်အထိ ဆက် မနေချင်…။ သက်ဆိုင်ရာကို သွားအကြောင်းကြားရမည်။ အ



နည်းဆုံး စာရေးဆရာ ညိုလွင်မိုင်းကို သွားအသိပေးရမည်။

နာရီကိုကြည့်တော့ မနက် သုံးနာရီခွဲ…။

အပြင်မှာ အတော်ကလေး အေးနေသည်။

လောင်းကုတ်တစ်ထည် ကောက်ဝတ်လိုက်ပြီး ကား သော့ယူကာ ယူကလစ်မြိုင်မှ သူ ထွက်လာခဲ့လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၉)

ဖြစ်လေ့ဖြစ်ထရှိတဲ့ တောင်ပေါ်က သဘာဝတရားဆို ပေမယ့် အံ့မခန်းအတွက်တော့ ထူးဆန်းနေမိသည်။

ယူကလစ်မြိုင်အပြင်ကို ရောက်တော့ ရုတ်တရက်ကျ ဆင်းလာတဲ့ မြူခိုးထူထူတွေက မသိရင် ကိုယ်ကိုယ်တိုင်ဲ ကောင်း ကင်ဘုံရောက်နေသလို။

အရာရာ ဘာမှမသဲကွဲ…နှင်းခွဲမီးသီးကြီးများဖွင့်၍ ကားမောင်းလာသည့်တိုင် ရှေ့ဆယ်ကိုက်အထိပင် ရှင်းရှင်းလင်း လင်း မမြင်ရ။

လူတစ်ယောက် ကိုယ့်မျက်စိရှေ့မှာတင် အသက်ထွက် သွားတာ မြင်မိထား၍လည်း ပါပါလိမ့်မည်။ သူ ကြောက် နေသည်။

ချမ်းအေးတဲ့ တောင်ပေါ်ရာသီမှာပင် သူ့နဖူးထက်မှ ချွေးများ စီးကျလာသည်။

စောစောလေးကတင် ယူကလစ်မြိုင်ရဲ့ မျက်နှာကျက် မှာ မိန်းမတစ်ယောက်ကို တိမ်တွေ စက်ဝိုင်းပုံသဏ္ဌာန်လှည့်



ပတ်နေသလိုမျိုး သူမြင်ခဲ့ပြီးပြီ။

အခု သူ့ကားနောက်ကိုရော…ဘယ်သူတွေ ပါလာဦး မှာလဲ…။

လောလောလတ်လတ်သေသွားတဲ့ Gentle Z ဖြစ်မလား။ ယူကလစ်မြိုင်မှာ ဆယ်နှစ်လုံးလုံး မင်းမူနေတဲ့ အနီရောင် မိန်းမပဲဖြစ်လေမလား။

"တီ…တီ..တီ…တီ.."

ဟင်…

မြူခိုးတွေ ဆိုင်းနေရင်းမှ ကားမီးတထိုးစာအလင်းထဲ တွေ့လိုက်ရတဲ့ အဖြူရောင် အရိပ်တစ်ခု။

"ဘာလဲ…ဘာတွေလဲ…။ ဖယ်နော်…တိုက်မိကုန် ရင် မကောင်းဘူး…"

ဟွန်းကို အဆက်မပြတ်တီးရင်း လမ်းကျဉ်းကလေးအ တိုင်း ကားကို တလိမ့်ချင်းမောင်းလာရာ ဟိုးရှေ့ခပ်လှမ်းလှမ်း က အဖြူရောင်အရိပ်မှာလည်း မှုန်ဝါးသွားလိုက်၊ ပီပြင်လာလိုက် ပင်…

"ယေား…ယေား…ဟာ…"

ဂယောင်ခြောက်ခြား ဖြစ်နေတဲ့စိတ်ကို အနိုင်နိုင်ထိန်း ချုပ်ပြီး ကြည့်လိုက်တော့ သူထင်သလို ဘယ်မိန်းကမှ သူ့နောက် ထပ်ကြပ်မကွာလိုက်လာတာ မဟုတ်ဘဲ။

ဝတ်ဖြူစင်ကြယ် အဘိုးကြီး၊ တစ်နည်း ဒီမြို့ကလေး ရဲ့ မြို့အုပ်ဟောင်းဖြစ်နေလေတော့၏။ ဒီအဘိုးကြီး ဒီအချိန်

www.burmeseclassic.com



တောထဲ ဘာလာလုပ်နေရပါလိမ့်ကွာ။

"အ…ဘ…ဘ ဒီအချိန်ကြီး တောထဲဘာလုပ်နေတာလဲ…"

"ဒီလိုပါပဲ…။ အာရုံရလာလို့ ညသန်းခေါင်ကတည်းက တရားမှတ်ပြီး တောထဲက ပြန်လာတာ"

ထုံးစံအတိုင်း အဘိုးကြီးလေသံက အနိမ့်အမြင့်မရှိတသမတ်တည်းပင်

သူ့မှာသာ တစ်ကိုယ်လုံး အတုန်တုန်အယင်ယင်နှင့် ယောဟဲလိုက်နေတော့၏။

"ဟင်း…ဟင်း…အဘ…ယူ …ယူကလစ်မြိုင်မှာလေ…နောက်ထပ် လူတစ်ယောက် ထပ်သေပြန်ပြီ…"

"သြော်…"

ဘာလဲဟ။ လူတစ်ယောက်သေတဲ့သတင်းကြားတာတောင် ဘာခံစားမှုမှ မပြ။ တော်ပြီ…။ ဒီအဘိုးကြီးနှင့် စကားဆက်ပြောနေလျှင် အချိန်တွေ ပုပ်ကုန်တော့မည်။

ဒီကိစ္စကို ဦးညိုကိုဖြစ်ဖြစ်၊ သက်ဆိုင်ရာကိုဖြစ်ဖြစ် အမြန်ဆုံးသွားရောက် အသိပေးရပေလိမ့်မည်။

"နောက်မှ တွေ့တော့မယ် အဘရယ်။ ကျွန်တော် အရမ်းခြောက်ခြားနေလို့ပါ။ ကျွန်တော်မြို့ထဲ သွားလိုက်ဦးမယ်"

"ကောင်းပါပြီ…"

သူ လှီဗာနင်းလိုက်တော့ အဘိုးကြီးက…

"သြော်…ဒါနဲ့…သား…"



"ဟုတ်ကဲ့…အဘ…ပြော…"

"ယူကလစ်မြိုင်မှာ နောက်ထပ်အစိမ်းသေ ထပ်သေပြန်တယ် မဟုတ်လား…"

အဘိုးကြီးစကားကြောင့် ကျောထဲစိမ့်ကနဲ ဖြစ်သွားပြီး ခေါင်းကို အသာငြိမ့်ပြတော့…

"ယုံကြည်မှု ရှိတယ်ဆိုရင် ဟောဒီပရိတ်ရေလေး တစ်ကျိုက်လောက် သောက်သွားလိုက်ပါ…သား…အန္တရာယ်ကင်းတာပေါ့…"

"ခင်ဗျာ…"

အဘိုးကြီးက လွယ်ထားတဲ့ အိတ်ထဲက ရေသန့်ဗူးထုတ်ယူလိုက်ပြီး ခွက်အသေးလေးနဲ့ ပရိတ်ရေနည်းနည်း ထည့်ကာ သူ့ကိုပေးလိုက်သည်။

"ကျေးဇူး…အဘ‥"

ကြောက်စိတ်တွေအတွက် အားကိုးရာ အစီအရင်လေး တစ်ခု…။

သူ အဘိုးကြီး ကမ်းပေးလာတဲ့ ခွက်ကလေးကို ယူပြီး မော့သောက်ပစ်လိုက်သည်။

ရင်ထဲအေးကနဲ…။

အာရုံမှာ နောက်ဆုံးတွေ့ခဲ့ရတဲ့ အဘိုးကြီးရဲ့ အပြုံးရိပ်။

နောက်တော့ ကားကို သူဆက်အမောင်း…။

ဘီးက တစ်လိမ့် နှစ်လိမ့် အရွေ့…။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၆)

ဟင်…။

သူ သတိပြန်ရလာတော့ ဒုံရင်းအတိုင်း ယူကလစ်မြိုင်ထဲ ပြန်ရောက်နေသည်။ သွားပြီ။ ဒီတစ်ခါ အခြေအနေက အရင်ကထက် ပိုဆိုးနေလေပြီ။

လက်ရော၊ ခြေထောက်ပါ ကြိုးနဲ့အတုပ်နှောင်ခံထားရရုံသာမက ပါးစပ်ကိုပါ အဝတ်စနှင့်အစည်းနှောင်ခံထားရပြန်သည်။

"အု…အု…ဟူး…ဟူး…"

ဟမ်…။

ဟာ…။ ဘာတွေဖြစ်ကုန်ပြီလဲ…။

ခွေးလို ဝက်လိုအော်သံကြားရ၍ ဘေးကို စောင်း၍ကြည့်လိုက်တော့ သူ့ သူငယ်ချင်း အရင်းခေါက်ခေါက်ကြီး အမီတာဘဂျမ်း…။

အမီတာ ဘဂျမ်းမှ အမီတာဘဂျမ်းစစ်စစ်။

ဒီကောင်ပါ သူ့လို လက်ရော၊ ခြေထောက်ရော၊ ပါးစပ်



ပါ အတုပ်အနှောင်ခံထားရသည်။

ငိုတော့မယ့် မျက်နှာကြီးနဲ့ မျိုးစုံလုပ်ပြနေပြန်သည်။

ဒီလောက်ဆို သူ သဘောပေါက်သွားပြီ။

သူ့ကို အသိမပေးဘဲ ဒီမြို့ကို ဖြုန်းစားကြီးရောက်လာပြီး ဘုမသိ ဘမသိနှင့် ဆွမ်းကြီးအလောင်းခံရတဲ့ထဲ ပါလာတာဖြစ်ရမည်။

ညဦးပိုင်းတုန်းက ဒီကောင် သူ့ဆီဖုန်းဆက်တာ မန္တလေးနားရောက်လာ၍ အကြောင်းကြားတာဖြစ်ရမည်။

ကံဆိုးချင်တော့ အဲဒီဖုန်းသံက Gentle Z ကို အချွင့်အရေးပေးသလို ဖြစ်သွားပြီး ကိုယ့်အတွက်တော့ မရဏခေါင်းလောင်းထိုးလိုက်သလို ဖြစ်ခဲ့ရသည်။

သေချင်းဆိုး တော…။ ကာလနာ တော…။

"လိုက်မလာပါနဲ့ မင်းလိုက်လာရင် အခြေအနေတွေ ဒီထက်ပိုရှုပ်ကုန်မယ်"လို့ အတန်တန်ပြောထားပါရက်နဲ့ ဖြုန်းစားကြီး ရောက်ချလာသည်။

ကိုယ်တောင် စောစောက သူ့ကြောင့် သေတော့မလို့။

"အွန့်…အွန့်…ဟွန်း…ဟွန်း…"

ဟာ…။

နောက်ထပ် အသံတစ်သံ…။

ဟင်…။ နောက်ထပ် လက်ပြန်ကြိုးအတုပ်ခံထားရတဲ့ လူတစ်ယောက်။

အို…မြေအောက်ခန်းထဲက အရှုး။

www.burmeseclassic.com

အရှုးခမျာလည်း သူတို့နည်းတူ လက်ရော၊ ခြေထောက်ရော၊ ပါးစပ်ပါ အစည်းအနှောင်ခံထားရလေသည်။

တောက်…!

စာရေးဆရာရော၊ ထုတ်ဝေသူရော၊ မြေအောက်ခန်းထဲက အရူးပါမကျန် အခန်းတစ်ခုထဲ ဆွဲသွင်းပြီး ဒီလို လုပ်ပြသွားနိုင်တာ လုပ်တဲ့သူက ဆရာကြီးထဲကပဲ ဖြစ်ရမည်။ မည်သူနည်း။

"မင်းတို့ အားလုံး သတိရလာကြပြီလား…"

ဟာင်…။

အသံလာရာကို ကြည့်လိုက်တော့…။

## အခန်း (၂၇)

"အငြိမ်းစားယူပြီးကတည်းက ကိုယ့်အပြစ်ကိုယ် ဆေးကြောရင်း ဘုရားမှာ လိမ္မာခွင့်တောင်းလာတာ အခုချိန်အထိ ဆန္ဒမပြည့်ဝသေးပါလား…"

မြို့အုပ်ကြီး စတင်စကားပြောလေပြီ…။

သူ့ရဲ့ ထုံးစံအတိုင်း မီးလင်းဖိုထဲကို ထင်းစတွေ သွေးအေးအေးနဲ့ ပစ်ထည့်နေပြီး….

"ဒီ ချာတိတ်ကလေး…ဟောဒီ ချာတိတ်ကလေး…"

လက်ပြန်ကြိုးတုပ်ထားတဲ့ အရူးကို လက်ညှိုးထိုးပြရင်း….

"အားအားရှိမှူး…။ ဆေးရှူ…။ လမ်းဘေးထိုးအိပ်၊ ဆန်ကုန်မြေလေးတစ်ယောက်၊ ကောင်းတာဆို ဘာမှမလုပ်ခဲ့တဲ့သူ…အေး…ငါ့အတွက်တော့ မာန်နတ်က ပါဆယ်လှလှထုပ်ပြီး ပို့လိုက်တဲ့ လက်ဆောင်ဆိုပါတော့ကွာ…"

ဘာတွေလဲဟ!

စောစောတုန်းက Gentle Z ခေါ် ဇော်လွင်မြင့်[illegible]အထိ

www.burmeseclassic.com



လိုက်မိခဲ့သေးသည်။ အခု ဒီအဘိုးကြီးစကားတွေကျတော့ ဘာမှကို နားမလည်တော့။

အမီတာဘဂျမ်းကို ကြည့်လိုက်တော့လည်း အစည်းအနှောင်မခံထားရတာဆိုလို့ မျက်လုံးပဲရှိရတဲ့အထဲ အဲဒီမျက်လုံးကြီးက ပြူးပြူးပြဲပြဲ ဖြစ်နေလေတော့၏။

ပါးစပ်များ ဖွင့်ပေးလိုက်လို့ကတော့ "အံ့မခန်း…မင်းလုပ်လို့ ငါပါသေမယ့်အထဲပါပြီ"လို့ ပြောပြီး ဆဲလိုက်မယ့်ဖြစ်ခြင်း။

"ရှင်းမပြချင်ပေမယ့် ရှင်းပြဖို့တွေက ဖြစ်လာပြန်ပြီ။ အကုသိုလ်ကို ဖုံးကွယ်လို့ မရနိုင်မှန်း သိပေမယ့် ငါ့ကိုယ်ငါ လုံခြုံလုပြီလို့ ထင်နေတာ…။ စာရေးဆရာ…စာရေးဆရာ…မင်းကတော့ ငါ့အတွက် မာန်နတ်ရဲ့ ဒုတိယလက်ဆောင်ထုပ်ဆိုပါတော့ကွာ…"

ဟိုက်…။

"ဟိုး…လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်ကပေါ့…။ တိတိကျကျ ပြောရရင် ငါ အင်မတန်ဘုန်းမီးနေလ တောက်ပနေတဲ့အချိန်…။ သူ့ကိုရော ငါ့ကိုပါ ဒဏ်ခတ်မယ့်ကံကြမ္မာက တစ်ညနေ အရောက်မှာတော့ ဆိုက်ဆိုက်မြိုက်မြိုက်ကြီးကို ရောက်ချလာတာ။ အဲဒီနေ့က ငါကိုယ်တိုင်ကလည်း ရုံးကိစ္စတစ်ခုနဲ့ ဒေါသထွက်ပြီး ကားမောင်းအိမ်ပြန်အလာ…။ အဲဒီသူငယ်ကလည်း ဆေးကြောင်ပြီး ငါ သွားမယ်လမ်းကျဉ်းကလေးကို ပိတ်ရပ်နေတာ…



လူက ဒေါသနဲ့ဆိုတော့ ပြဿနာဖြေရှင်းတာ နည်းနည်းခြေလွန်လက်လွန် ဖြစ်သွားတယ်ဆိုပါတော့ကွာ။ ဟုတ်တယ် ငါ သူ့ကို ဒီလောက်တောင် ဖြစ်လှတာဆိုပြီး ကားနဲ့ ပိတ်တိုက်ပစ်လိုက်တယ်"

အဘိုးကြီးက မီးလင်းဖိုထဲ ထင်းတွေ ဆက်မထည့်တော့…။

အပြင်မှာတော့ ရောင်နီသန်းနေပြီ…။ တောင်ပေါ်ဆောင်းက အရိုးကွဲမတတ် ခိုက်ခိုက်တုန်နေဆဲ…။

"ဒီကောင်လည်း အဲဒီနေရာမှာတင် တစ်ချီတည်း မောက်သွားတော့တယ်။ ငါ အမျိုးမျိုးစမ်းကြည့်တယ်။ လုံးဝအသက်မရှူတော့ဘူး။ ပွဲချင်းပြီး သေသွားပြီလို့ အဲဒီအချိန်က ငါထင်ခဲ့တာ။ ငါ့ ဘဝဟာ အဲဒီအချိန်ကစ ကြမ္မာငင်တော့တာပဲ။ ရဲစခန်းမှာ ဝန်ခံပြီးထိုက်သင့်တဲ့ အပြစ်ဒဏ်ခံယူရမလား၊ ဒါဆို ဆန်ကုန်မြေလေး ဆေးသမားတစ်ယောက်အတွက် ငါ ပေးဆပ်ရမှာတွေက မများလွန်းဘူးလား…နောက်…ငါရဲ့သိက္ခာတရား…။ police case တစ်ခုကို ငါ ကျူးလွန်ခဲ့တာလေ။ ဘယ်လိုပဲဖြစ်ဖြစ် ထောင်ထဲကိုတော့ သွားရမှာပဲ။ ငါ ထည့်တွက်တဲ့ အဆိုးဆုံးတစ်ခုကတော့ ပြိုင်ဘက်တွေပေါ့။ လူတိုင်းမှာ ထိုက်သင့်တဲ့ ပြိုင်ဘက်တွေတော့ ရှိကြတာပဲ။ ငါ့မှာလည်း ရှိတာပဲ…။ ဘာမဟုတ်တဲ့ ကိစ္စလေးတစ်ခုအတွက် ပြိုင်ဘက်တွေကို ဘယ်လိုနည်းနဲ့မှ အသာစီးအရ မခံနိုင်ဘူး။ အလိုချီတုံချတုံဖြစ်နေတဲ့ အချိန်မှာပဲ ဒီဖြစ်ရပ်ကို တစ်စုံတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



သော သူက သိသွားခဲ့တယ်။ မျက်မြင်သက်သေဆိုပါတော့ ကွာ…။ အဲဒီလူက စောစောလေးကပဲ ဒီအိမ်ကြီးမှာ သူ့အပြစ်အတွက် အသက်ပေးသွားရတဲ့ သူလေ..”

ဟုတ်ပြီ…။ နားလည်ပြီ…။

Gentle Z တနည်း ဇော်လွင်မြင့်…။

ဓာတ်လမ်းက တဖြည်းဖြည်းနဲ့ စိတ်ဝင်စားစရာကောင်းလာပြီ။ အမီတာဘဂျမ်းနဲ့အရူးကတော့ အဘိုးကြီးပြောသမျှ ဘာမှနားမလည်။ သူကတော့ သဘောပေါက်လာပြီ…။

“ငါ…သူနဲ့ ညှိလိုက်တယ်။ ငါက လူကြီးဆိုတော့ ညှိရတာအရမ်းကို လွယ်ကူတာပေါ့ကွာ။ မင်းဘယ်လောက်လိုချင်သလဲ၊ ဒီကိစ္စကို မင်းတစ်ယောက်ပဲ သိတာ။ မပေါက်ကြားစေနဲ့ဆိုတော့ အဲဒီသူငယ်က ပိုက်ဆံမယူဘူး…။ တစ်ချိန်ချိန်မှာ သူတစ်ခုခုကြောင့် ဒုက္ခရောက်ခဲ့ရင် လူကြီးတစ်ယောက်အနေနဲ့ သူ့ကို အကာအကွယ်ပေးဖို့ပဲ တောင်းဆိုခဲ့တယ်…”

အဘိုးကြီးက မောသွားဟန်နဲ့ အသက်ကို ပုံမှန်ရှူလိုက်ပြီး…။

“သူ ပြောတဲ့ တစ်ချိန်ချိန်ဆိုတာ ဘာကြာလိုက်သလဲ … တစ်ပတ်ပေါ့ကွာ…။ နောက်ထပ် ကြမ္မာဆိုးတစ်ခုက ငါ့ဆီ ဖုန်းခေါ်ပြီး ရောက်လာတော့တာပဲ…။ အဘ…တဲ့။ ယူကလစ်မြိုင်မှာ မိန်းကလေးတစ်ယောက်ကို ကျွန်တော်မတော်တဆ သတ်မိသွားပြီ။ ဖြစ်နိုင်ရင် အဘရဲ့အရှိန်အဝါနဲ့ အလောင်းကို ဖျောက်ဖျက်ပေးပါ…။ ကျွန်တော်ကတော့ ဒီမြို့မှာ မနေရဲတော့လို့



ထွက်ပြေးပြီ…တဲ့…”

အဘိုးကြီးစကားနဲ့တင် အံ့မခန်း ရင်မောသွားရချေပြီ

မလွယ်ပါလား…

ပြဿနာတစ်ခုကို သေးသေးလေးမှာတင် မဖြေရှင်းခဲ့ဘဲ ဖြစ်သလိုကြုံသလို လုပ်လာခဲ့ရာ မြို့အုပ်ခများ အကုသိုလ်တွေ မီးခိုးကြွက်လျောက် ဖြစ်ကုန်ခဲ့ရပြီ မဟုတ်ပါလား…။

“သူနဲ့လည်း ဖုန်းပြောပြီးရော ငါအရမ်းကို သွေးပူပြီး ဘာဆက်လုပ်လို့ လုပ်ရမှန်း မသိတော့ဘူး။ လွန်ခဲ့တဲ့ တစ်ပတ်လောက်ကတင် ငါ့ကြောင့် လူငယ်လေးတစ်ယောက် သေခဲ့ရတယ်။ နောက်ထပ်တစ်ပတ်နေရင် လူသတ်မှုတစ်ခုကို ကျူးလွန်တော့မယ့် လူတစ်ယောက်က ငါ့ကိစ္စမှာ မျက်မြင်သက်သေဖြစ်သွားခဲ့တယ်။ အဲဒီ အလောင်းကို ငါက ဖျောက်ဖျက်ပေးရတော့မှာ…။ ဖြစ်နိုင်ရင် ငါ အဲဒီလိုတွေ မလုပ်ချင်တော့ဘူး။ ငါလုပ်မပေးခဲ့လို့ ယူကလစ်မြိုင်လူသတ်မှုပေါ်ခဲ့ရင် ဒီသူငယ်က လက်စားချေတဲ့အနေနဲ့ ငါ့ကြောင့် လူတစ်ယောက်သေတဲ့ကိစ္စ ဖွင့်ချတော့မှာပဲ..။ အဲဒီလို လုပ်ပြီးမှ သူ ထောင်ထဲဝင်မှာလေ…ဟုတ်တယ် မဟုတ်လား…”

ရောယောင်ပြီး ခေါင်းတွင်တွင်ညိတ်မိသွားကြသည်။

“အဲလိုနဲ့ပဲ…ငါ…ယူကလစ်မြိုင်ဆီကို ရောက်ခဲ့တယ်။ ဖြစ်ချင်တော့ သူသတ်ခဲ့တဲ့ မိန်းကလေးက မသေဘူး။ ငွေ့ငွေ့ကလေး အသက်ရှိနေသေးတယ်။ မင်းပြောတဲ့ အဖြူရောင် အင်္ကျီနဲ့မိန်းမဆိုတဲ့ မိန်းကလေးပေါ့…။ မိန်းကလေးက ငါ့ကို

www.burmeseclassic.com

www.burmeseclassic.com



တွေ့တော့ တရားခံနာမည်ကို တတွတ်တွတ်ပြောတယ်။ ငါ…ငါ…သူ့ကို ပွေ့ချီ၊ ကားထဲထည့်ပြီး တောထဲကစမ်းချောင်းထဲ ပစ်…ထည့်…ခဲ့…တယ်…။ မိန်းကလေးဟာ သူ့ကို ငါဘာ့ကြောင့် ကိစ္စတုံးစီရင်ပစ်ခဲ့သလဲဆိုတာ သိမသွားခဲ့ရဘူး…။ ဟား…"

အဘိုးကြီး ပြောရင်း အရမ်းကို မောလာသည်။

ဆိုးဝါးလှတဲ့ ကံကြမ္မာတစ်ခုပါလား သက်ထားမေရယ်…။

ဒါ့ကြောင့် တရားခံတွေ မမိသေးသမျှ ယူကလစ်မြိုင်မှာ အမြစ်တွယ်ပြီး သောင်းကျန်းနေခဲ့တာကိုး…။

"အဲဒီကစပြီး ဒီနေ့ထက်အထိ ငါတစ်ရက်မှ စိတ်လုံလုံခြုံခြုံနဲ့ဘဝကို မဖြတ်သန်းခဲ့ရဘူး။ ငါ့ရဲ့ အကုသိုလ်ကံဟာ အရိပ်မည်းတစ်ခုလို ငါ့နောက်ကို လိုက်လာခဲ့တယ်။ အစောပိုင်းတုန်းက ငါ…သေပြီလို့ တွက်ထားခဲ့တဲ့ကောင်လေး။ သူ့ဟာသူ ဆေးကြောင်ပြီး သေတဲ့ပုံစံမျိုးငါနဲ့ ဓော်လွှင်မြင့်နဲ့ လုပ်ပေးထားတဲ့ ကောင်လေးလေ…။ သူ…မသေခဲ့ဘူး…။ မြို့ကနေ ခဏ ပျောက်သွားတာ။ အေး…ရူးတော့သွားတယ်။ ငါတိုက်လိုက်တဲ့ ကားကြောင့်လားဆိုတာတော့ မသိဘူး။ ရူးပြီး သူ့မိဘတွေဆီပြန်ရောက်သွားခဲ့တယ်။ ဒီတော့ ငါလည်း သတင်းတွေ လွှင့်ရပြီပေါ့။ မိဘပြစ်မှားလို့ အပြစ်ပေးခံရတယ်တို့ ဘာတို့ပေါ့ကွာ…။ နယ်မြို့လေးတစ်မြို့ဆိုတော့ ဒီသတင်းဟာ ခဏလေးနဲ့ပဲ လူကြားထဲ စိမ့်ဝင်ပြီး ယုံကြည်ချင်စရာ သတင်းတစ်ခု ဖြစ်လာခဲ့တယ်ပေါ့"



အဘိုးကြီးက ခေါင်းတဆတ်ဆတ် ညိတ်လိုက်ရင်း…

"ငါကျူးလွန်ခဲ့တယ်လို့ ထင်ခဲ့တဲ့ လူသတ်မှုက အထမမြောက်ခဲ့ပါဘူး…။ တကယ်တမ်း မရည်ရွယ်ဘဲ သတ်မိသွားတာက သက်ထားမေဆိုတဲ့ ကလေးမလေးကိုပါ။ ဒီအမှုကို တတ်နိုင်သလောက် နောက်ကွယ်ကနေ ဖာဖာထေးထေး ကိုင်တွယ်ခဲ့တယ်။ ဒါ့ကြောင့်လည်း ဒီကောင်လေးဒီမြို့ကနေ ပျောက်သွားပြီး ရူးသွားတဲ့ကိစ္စနဲ့ သက်ထားမေရဲ့ အလောင်းရှာမရတဲ့ အမှုဟာ ဒီမြို့မှာ အဖြေမထွက်တဲ့ ပုစ္ဆာတစ်ပုဒ်ဖြစ်ခဲ့ရတာပေါ့…"

တစ်ညလုံး ဖိုခဲ့တဲ့ မီးလင်းဖိုထဲမှာ မီးကြွင်းမီးကျန်တချို့ လက်စသတ်တော့ လောင်ကျွမ်းလျက်ရှိချေသည်။

အဖိုးကြီးမှာလည်း သူခင်းခဲ့တဲ့ ဇာတ်လမ်းကို လက်ဆသတ်တော့မည့်ပုံနှင့်…

"ပိပိရိရိကလေး ငါနေလာခဲ့တာ ဆယ်နှစ်ပေါ့ကွာ…။ တစ်ရက်ကတော့ ငါ့ဆီဖုန်းတစ်လုံး ဝင်လာခဲ့တယ်။ ဒီဖုန်းနံပတ်ကို ငါ ဘယ်မေ့လိမ့်မလဲ…။ အဘ…တဲ့။ ကျွန်တော် ဘာမဟုတ်တဲ့ ကိစ္စလေးတစ်ခုနဲ့ အင်တာနက်ထဲကနေ လူတစ်ယောက်ကို ရန်စလိုက်မိပြီ…တဲ့။ အဲဒီလူက လျှို့ဝှက်သည်းဖိုတွေ၊ စွန့်စားခန်းဝတ္ထုတွေနဲ့ နာမည်ကြီးနေတဲ့ လူငယ်စာရေးဆရာလေး တစ်ယောက်…တဲ့။ သူ ယူကလစ်မြိုင်ကို ရောက်နေပြီ…။ ကျွန်တော်တို့ ဒုက္ခရောက်တော့မယ်နဲ့ တူတယ်…တဲ့"

အဘိုးကြီးက ပြောလက်စ စကားကို ခဏရပ်လိုက်ပြီး

www.burmeseclassic.com



ဇောဇောက ဇော်လွင်မြင့်ကိုင်ခဲ့တဲ့ သေနတ်ကို သွေးအေးအေး ကောက်ယူလိုက်ချိန်မှာတော့ စာရေးဆရာရော၊ ထုတ်ဝေသူပါ မျက်လုံးပြူးသွားကြပြန်တော့၏။

မြတ်စွာဘုရား…။

ဒီတစ်ခါ တကယ်သေရတော့မှာလား…။ ဒီတစ်ခါ တကယ်သေရတော့မှာလား…

"အမှားတစ်ခုကို ကျူးလွန်ပြီးပြီဆိုရင် သူများထက်ပိုပြီး လိမ္မာပါးနပ်တတ်ရတယ်။ ပိပိရိရိကလေး နေတတ်ရတယ်။ ဒါ လူသတ်သမားတိုင်းသိတဲ့ ကျင့်ထုံးတစ်ခုပဲ။ မလိမ်မာတဲ့ကောင်ခံပေါ့ကွာ မဟုတ်ဘူးလား…။ အသက်ငွေ့ငွေ့ပဲရှိတော့တဲ့ ကိုယ်ဝန်ဆောင်မိန်းမတစ်ယောက်ကိုတောင် ငါ သွေးအေးအေးနဲ့ သတ်လာခဲ့တာ။ မင်းတို့ သုံးယောက်လောက်ကိုတော့ ငါစာဖွဲ့မနေတော့ဘူး…။ ငါက လူလိမ္မာတစ်ယောက် လူတော်တစ်ယောက်၊ အေး…ငါ့ဘဝကို ချောက်ထဲကျအောင် တွန်းချလာမယ့် သူ ဆိုလို့ကတော့ ငါက ဦးအောင် တွန်းချတတ်တဲ့လူတစ်ယောက်…"

သေနတ်မောင်းကို ဆွဲတင်လိုက်ပြန်သည်။

အရင်ဆုံး ချိန်လိုက်တဲ့သူက မြေအောက်ခန်းထဲက အရူး။ အရူးကတော့ သေနတ်နဲ့အချိန်ခံထားရတာတောင် ဘာမှမသိ။ သူ့ဟာသူ တောင်ငေးမြောက်ငေး ဝူးဝူးဝါးဝါးအော်မြဲအော်နေသည်။

တကယ်တမ်း ဖင်ချီးချမ်းနေကြသူဆိုလို့ စာရေးဆရာ



နှင့်ထုတ်ဝေသူတို့ နှစ်ယောက်သာ…။

"ပထမဆုံးကတော့ မင်းကိုအရင်ရှင်းချင်တာ…။ ငါ့ဘဝကို မုန်တိုင်းတွေ တစ်စင်းပြီးတစ်စင်း သယ်လာခဲ့တဲ့သူ…အိုကေ…"

"ကလစ်…"

အဘိုးကြီးက သေနတ်ခလုတ်ကို ဖြုတ်ချလိုက်သည်။

"ဟင်…"

"ချောက်…"

"ချောက်…"

လာပြန်ပြီ…။ သေနတ်က ကျည်ဆံတစ်တောင့်မှ မထွက်တော့…။

သွေးအေးအေးနဲ့ တောက်လျှောက်နေလာခဲ့သမျှ အခုမှ အဘိုးကြီး ဇောချွေးပြန်စပြုလာသည်။

"ဟာ…။ ဟာ…"

"ချောက်…ချောက်…"

"သက်…သက်…ထားမေ…နင် ဝင်မရှုပ်နဲ့တော့နော်…။ ငါ ဒီသုံးကောင်စလုံးကို သတ်မှာ…။ သေနတ်နဲ့ပစ်သတ်လို့မရရင် လည်ပင်းညှစ်သတ်မှာ…။ ပြီးရင် နင့်ကိုတွန်းချခဲ့တဲ့ စမ်းချောင်းထဲ ခေါ်ပြီး တွန်းချမှာ…ဟား…ဟား…ဟားဟာ…"

"ချောက်…ချောက်…ချောက်…ချောက်…"

သူတော်စင် တဖြစ်လဲ မြို့အုပ်ကြီးခမျာ ဇော်လွင်မြင့်

www.burmeseclassic.com

www.burmeseclassic.com



အတိုင်းပင် ကျည်မထွက်တဲ့သေနတ်ကို အရူးတစ်ယောက်လို ပစ်ရင်း ချွေးစေးတွေပြန်ကာ အော်ရယ်နေလေတော့၏။

"သတ်မှာ…။ မပုနဲ့…မင်းတို့ အားလုံးသေစေရမယ်။ ငါ့ရဲ့ ဂုဏ်သိက္ခာအတွက်ဆို လူဘယ်နှစ်ယောက်ရဲ့ အသက်ကို စတေးရ စတေးရ စတေးဖို့ အဆင်သင့်ပဲ…။ သက်ထားမေ… သက်…ထား…မေ…"

ထိုအချိန်မှာပင် မယုံကြည်စရာ ကောင်းလှစွာ မိန်းကလေးတစ်ယောက် ဘွားကနဲပေါ်လာသည်။

"ဟာ…"

"ဟင်…"

✱ ✱ ✱

## အခန်း (၂၈)

လှိုင်းအိဖြူ…။

အံ့မခန်းရဲ့ ချစ်သူ အူကြောင်ကြား ငတိမလေး…။

ဒီလိုအချိန် ဒီနေရာမျိုးမှာ ချစ်သူကို ဘွားကနဲ တွေ့လိုက်ရ၍ သူ့ အရမ်းကို အံ့သြတုန်လှုပ်သွားရချေပြီ။

ဒါပေမယ့် အခု ချစ်သူရဲ့ မျက်နှာဟာ အရင်လို အပြစ်ကင်းဖြူစင်နေတာမျိုး မဟုတ်ဘဲ သားကောင်ကို ခုန်အုပ်တော့မယ့် သားရဲတိရိစ္ဆာန်တစ်ကောင်ရဲ့ မျက်နှာလို စူးစူးရှရှအသက်ဝင်နေပြီး…။

အဝတ်အစားများမှာလည်း အရင်နေ့တွေကနဲ့မတူဘဲ၊ ခန္ဓာကိုယ်လေးမှာ လည်သာဂျာကင်အမည်းရောင် ခပ်ကျပ်ကျပ်ဝမ်းဆက်ကလေး တင်းတင်းရင်းရင်း ဝတ်ဆင်ထားသည်မို့ နိုင်ငံခြား အက်ရှင်ဇာတ်ကားတွေထဲက မင်းသမီးတစ်လက်နှင့် တူနေလေတော့၏။

ဟင်…ချစ်သူရဲ့ လက်ထဲမှာ သေနတ်တစ်လက်နဲ့…။

လက်တစ်ဖက်ကို ဖြောင့်တန်းထားပြီး ပြောင်းကျင်

www.burmeseclassic.com

www.burmeseclassic.com



ပိုင်နိုင်စွာ သေနတ်ကိုင်ထားပုံမှာလည်း ကြေးစား ပရော်ဖက်ရှင်နယ်သမားတစ်ယောက်လို…။

"ပစ်မနေပါနဲ့တော့ အဘ…။ အထဲမှာ ကျည်ဆံတစ်တောင့်မှ မရှိတော့ပါဘူး။ ကျွန်မထုတ်ထားလိုက်ပါပြီ…"

"ဟင် မင်း…မင်း…ဟာ…သက်…သက်ထားဓေ…"

"မဟုတ်ပါဘူး… အထူးစုံစမ်းစစ်ဆေးရေးဌာနက ဒု–ရဲအုပ် လှိုင်းအိဖြူပါ…."

"ဘာ…"

အဘိုးကြီးလည်း 'ဘာ'ကနဲ ဖြစ်သွားသလို အံ့မခန်းလည်း 'ဟင်'ကနဲ ဖြစ်သွားရပြီ။

ကြည့်စမ်း…သင်းကို ငတုံးလေးထင်ပြီး ကိုယ့်ကိုယ်ကိုယ် လည်လှပြီမှတ်နေတာ…လက်စသတ်တော့ သင်းက ရဲအရာရှိမမ…ကိုး…။

"အေးအေးဆေးဆေး အဖမ်းခံလိုက်ပါ အဘ…"

"ဟာ…"

ရုပ်ရှင်ဆန်လိုက်တာ…။

အရာရှိမမက icon (စကားပြောကိရိယာ)ထုတ်ပြီး ဆက်သွယ်မှုပြု လိုက်တယ်ဆိုရင်ပဲ ကိုလှရွှေတို့အဖွဲ့တွေ ရောက်လာကြတော့သည်။ (ကိုလှရွှေဆိုသည်မှာ ရဲသားကြီးက ကိုလှရွှေ၊ လူဆိုးဖမ်းဖို့ တာဝန်ကျေတို့ ဖြစ်ပေ၏)

"အုခ…အုခ…အုခ…ဟူး…"



အံ့မခန်း စတင်၍ မျက်နှာပြောင်စွာ အသံပေးရလေတော့၏။

ဟုတ်တယ်လေ…မြို့အုပ်ကို ကိုလှရွှေတို့ ဖမ်းသွားတာလည်း ဖမ်းသွားတာပေါ့။ ကိုယ်တွေကိုလည်း အချုပ်အနှောင်ကနေ လွှတ်ပေးရဦးမှာပေါ့လို့…။

ဒီတော့မှ လှိုင်းအိဖြူမှာ တာဝန်ထမ်းဆောင်နေရင်းမှ ပြုံးကာ သူ့ရှေ့ရောက်သွားပြီး

"ဆောရီး…ကို။ မြို့အုပ်ဟောင်း ဦးကျော်မင်းခန့်ရဲ့ ထွက်ချက်ကို ဆုံးတဲ့အထိစောင့်နေလို့ လှိုင်းရောက်လာတာ နောက်ကျသွားတာ"

ဒု–ရဲအုပ် ချောချောလှလှလေးရဲ့ 'ကို'ဆိုတဲ့ ခေါ်သံကြောင့် အမီတာဘာဂျမ်းများစွာ ကျွတ်ကျဲသွားရပြန်လေသည်။

"အုခ…အုခ…အုခ…ဟူး…"

"ဆောရီး…ဆောရီး…ကို့ပါးစပ်က အဝတ်စကို အရင်ဖြုတ်ပေးမယ်"

တကယ်တော့ သူမ အံ့မခန်းရဲ့ပါးစပ်က အဝတ်စကို ဖြုတ်ပေးဖို့ သတိမေ့လျော့နေတာတော့ မဟုတ်။

အမှုလိုက်ရင်း ကျင်းထဲကျပ်ထဲရောက်ခဲ့ရသဖြင့် စာရေးဆရာနဲ့ချစ်သူဖြစ်ပြီးကာမှ အမှုပြီးဆုံးသွားတဲ့အခါ ချစ်သူကို မည်သို့ရင်ဆိုင်ရမှန်းမသိအောင် မျက်နှာပူပြီး အယောင်ယောင်အမှားမှားတွေ ဖြစ်နေရခြင်း ဖြစ်လေသည်။

ပါးစပ်က အဝတ်စကို ဖြုတ်ပေးလိုက်တယ် ဆိုရင်ပဲ‥

www.burmeseclassic.com

www.burmeseclassic.com



"လှိုင်းရယ်..ကိုမှာလေ...လှိုင်းပေးတဲ့ အသက်ပဲ ရှိပါတော့တယ်ကွာ..."

လှိုင်းက မခို့တရို့ပြုံး၏။

"ကိုတော့ နားမလည်နိုင်တော့ဘူး... ပြောပါဦး ဒုရဲ့အုပ်ကြီးရဲ့...။ ဘယ်လိုဖြစ်လို့အရာရှိကြီးက ဒီအချိန် ဒီအိမ်ကြီးထဲ အကွက်ကျကျ ရောက်နေရတာလဲ..."

"လှိုင်းရဲ့ ရာထူးတိုးစာမေးပွဲထဲမှာ ဒီအမှုကိစ္စလည်း ပါတယ်လေ။ ဒီအမှုမှန်ပေါ်မှ လှိုင်းရာထူးတိုးမှာ...။ ရဲအုပ်ဖြစ်မှာ..ဒါ့ကြောင့် ဒီမြို့ကို ရောက်လာပြီး ဒီကိစ္စကို လိုက်နေတာ ...အဲဒီအချိန်မှာပဲ ကိုက တိုက်တိုက်ဆိုင်ဆိုင် ယူကလစ်မြိုင်မှာ စာလာရေးနေတာဆိုတော့ ကို့ရဲ့ လုံခြုံရေးကို လှိုင်းက တိတ်တဆိတ်တာဝန်ယူပေးရင်းကနေ အမှုမှန်ဖော်ထုတ်ခွင့်ရသွားတာ..."

"ဟာ...ဒါဆို...လှိုင်းက ကိုယ့်ရဲ့ ဘော်ဒီဂတ်ပေါ့။ ကိုယ်ရံတော်ပေါ့..။ ပျော်လိုက်တာ..။ စာရေးဆရာ...အခုမှပဲ ဝတ္ထုတွေထဲကအတိုင်း ဇာတ်လိုက်ဖြစ်တော့တယ်..."

"သွားပါ...အမှုက ပြီးသွားပြီ...ရှင့်ကို ကျွန်မဆောရီးနော်...ဘွာတေးလို့ ပြောဖို့ အချိန်တန်ပြီ..."

"ဟာ...ဟေး...ဟေး..အဲဒီလိုတော့ လုပ်လို့မရဘူးနော်...။ အမှုက အမှု။ ချစ်သူက ချစ်သူပဲ...ကို့ကို လက်တွေခြေတွေ ကြိုးဖြုတ်ပေးဦး..."

"အင်း...ဖြုတ်ပေးရမှာတောင် ခပ်လန့်လန့်ပဲ..."



"လန့်လို့မရဘူး...။ ဘာလဲ...။ စာရေးဆရာကို ချစ်တယ်ပြောပြီးမှ ဘွာတေးလုပ်လို့ ရမလား..."

"အု...အု...အူး..."

"လှိုင်း...ဟိုကောင်..။ အရူးရဲ့ ဟိုဘက်က ငပေါကို ပါးစပ်ဖွင့်ပေးလိုက်ဦး..။ အဲဒါ ကိုယ့်သူငယ်ချင်း၊ ကိုယ့်စာအုပ်ထုတ်ဝေသူ။ ဒင်းလုပ်လို့ ညဦးပိုင်းတုန်းက ကိုယ်သေတော့မလို့ရယ်။ အဲဒီတုန်းကလည်း လှိုင်းကယ်ပေလို့ပဲ။ လှိုင်းမေ့ကျန်နေခဲ့တဲ့ ကတ်ကြေးလေးကျေးဇူးကြောင့် ကိုယ်သေဘေးက လွတ်ထွက်လာခဲ့တာ..."

အမိတာဘဂျမ်းခမျာ ဘာမှကို နားမလည်နိုင်တော့...

အိတ်(စ်)ပရက်(စ်)ကားကို စောစောစီးစီး စီးလာခဲ့သဖြင့် မြို့ကလေးဆီ မိုးမလင်းခင် ရောက်လာခဲ့ရသည်။ တောင်အောက်မှာကတည်းက သင်းကို ဖုန်းဆက်တော့ သင်းကမကိုင်။

ဒါနဲ့ ထပ်မခေါ်ဖြစ်တော့ဘဲ မြို့ကလေးရဲ့ကားဂိတ်ဆီ ရောက်လာတော့ ဆိုင်ကယ်တက္ကစီနှင့် ယူကလစ်မြိုင်သို့ ထွက်လာခဲ့ရသည်။

ရောက်ရောက်ချင်း အံ့မခန်းက ထွက်မကြို။

ဥပဓိရုပ်ကောင်းကောင်းနဲ့ အဘိုးကြီးတစ်ယောက်က ထွက်ကြိုပြီး...

"စာရေးဆရာလေး...မျှားနေလို့ လာပြုစုပေးတာ အဘက ဟောဒီမြို့က မြို့အုပ်ဟောင်း ဦးကျော်မင်းခန့်ပါ။ ဝင်ပါလူလေး" ဆိုပြီး

www.burmeseclassic.com

www.burmeseclassic.com



ဖော်ဖော်ရွေရွေ ခရီးဦးကြိုဆိုသဖြင့် ယူကလစ်မြိုင်ထဲ ဘုမသိ ဘမသိ ရောက်လာခဲ့ရသည်။

နောက်တော့ 'ဒုတ်…'ဆိုတဲ့ အသံနဲ့အတူ သတိလစ်မေ့မြောပြီး သတိပြန်ရလာတော့ အခုလို အခြေအနေမျိုးတွေနှင့် ဆီးအကြိုခံလိုက်ရလေတော့၏…။

လှိုင်းအိဖြူမှာ အမီတာဘာဂျမ်းရဲ့ ပါးစပ်က အဝတ်စကို ဖွင့်ပေးလိုက်တယ်ဆိုရင်ပဲ…

"ဘာတွေဘယ်လို ဖြစ်ကုန်ကြတာလဲ။ ဘယ်သူက သရဲလဲ။ စောစောက သေသွားတယ်ဆိုတာကရော။ အဘိုးကြီးက ဘာလို့ ငါ့ခေါင်းထုတာတုံး။ မင်းလို လျင်တဲ့ကောင်တစ်ကောင်ကို အဘိုးကြီးက ဘယ်လို ဝင်ဖမ်းလိုက်တာတုံး။ မင်းနဲ့ ဒီကောင်မလေး အဲလေ…အရာရှိမမနဲ့က ဘာတွေတုံး…"

ဘယ့်နှယ့်ကောင်မှန်းမသိ။ မေးခွန်းတွေက တလစပ်

လှိုင်းမှာ နံ့ဘေးက ပါးစပ်အဝတ်စည်းခံထားရတဲ့ သနားစရာအရူးကို စာနာစွာနှင့် အဝတ်စဖြုတ်ပေးလိုက်တယ်ဆိုရင်ပဲ ထိုလူငယ်လေးမှာ အမီတာဘာဂျမ်းကို ကြည့်ပြီး…

"အရူး…အရူး…"

"ဟာဗျာ…"ဒီလူကရော ဘယ်သူတုံး.."

"အံ့မခန်းရော လှိုင်းအိဖြူပါ ဘာတစ်ခွန်းမှ မဖြေဖြစ်ကြဘဲ ရယ်ပဲရယ်ဖြစ်သွားကြသည်။ ပြန်ရှင်းပြဖို့တော့ အချိန်နည်းနည်း လိုပေလိမ့်မပေါ့။

❋ ❋ ❋

## နောက်ဆက်တွဲများ….

ထိုအချိန်မှစ၍ ယူကလစ်မြိုင်၏ ခြောက်ခြားဖွယ်ရာ အဖြစ်အပျက်များအားလုံး တစ်ခန်းရပ်ပြီးဆုံးခဲ့လေတော့သည်။

အံ့မခန်းကိုယ်တိုင် သက်ထားမေအတွက် ရည်စူးပြီး ယူကလစ်မြိုင်တွင် သံဃာတော်များပင့်ဖိတ်၍ ပရိတ်ရွတ်၊ တရားနာ၊ အလှူအတန်းများ ပြုလုပ်ပေးခဲ့သည်။

မြို့အုပ်ဟောင်း ဦးကျော်မင်းခန့်မှာလည်း ၄င်း၏အပြစ်အတွက် ထိုက်သင့်တဲ့ အပြစ်ဒဏ်အဖြစ် အလုပ်နှင့်ထောင်ဆယ်နှစ် ကျသွားလေသည်။

Gentle Z ခေါ် ဇော်လွင်မြင့်ကတော့ သူ့စရိုက်နှင့်သူ သွားရှာပြီ…ဘာမှ ပြောစရာမလို။

မြို့ကလေးမှ မပြန်ခင် မြေအောက်ခန်းထဲမှာ ဆယ်စုနှစ်တစ်ခုလုံး အထီးကျန်ဆန်စွာ ဖြတ်သန်းခဲ့ရတဲ့ စိတ်မကျန်းမာလူငယ်လေးအတွက် အံ့မခန်း တတ်စွမ်းသလောက် ကူညီပေးခဲ့ပြန်သည်။

လူငယ်ပြုစုစောင့်ရှောက်ရေးဂေဟာတစ်ခုမှာ ရန်ပုံငွေထည့်ဝင်ပြီး ထိုလူငယ်လေးကို အပ်နှံပေးတော့ မိဘများဖြစ်ကြတဲ့ အဘိုးအို အဘွားအိုတို့ခမျာ မျက်ရည်လည်ရွဲနှင့် ဝမ်းသာ

www.burmeseclassic.com

www.burmeseclassic.com



လို့ကို မဆုံးနိုင်တော့…။

“အဘိုးတို့၊ အဘွားတို့ သူ့အတွက်တော့ ဘာမှကို မပူနဲ့တော့ ဂေဟာကိုလည်း ကျွန်တော်ရန်ပုံငွေ သိန်း ငါးဆယ် ထည့်ခဲ့ပေးတယ်။ သူ အသက်ရှိနေသရွေ့လည်း လစဉ်ထောက်ပံ့ကြေးအနေနဲ့ ကျွန်တော် အမြဲတမ်း ထောက်ပံ့ပေးသွားမယ် ဟုတ်ပြီလား…”

အဘိုးအို၊ အဘွားအိုတို့မှာ အံ့မခန်းအား ဖက်၍ငိုကြွေးကြသည်။ သူတို့တစ်သက်မှာ ဒီလောက်စိတ်ရင်းစေတနာ ဖြူစင်မွန်မြတ်လှသည့် လူငယ်လေးမျိုး မတွေ့ဖူးခဲ့…။

“ကျေးဇူးကြီးပါပေတယ် သားရယ်…။ အဘိုးတို့ အဘွားတို့မှာ အခု သေမယ်ဆိုတောင် အသေဖြောင့်ပါပြီ…။ သားကို ဖြစ်နိုင်ရင် ထိုင်တောင် ရှိခိုးကန်တော့ချင်တာပါ။ ကျေးဇူးတင်တာကို ဘယ်လိုတောင် ပြောရမလဲ မသိတော့ပါဘူး ကွယ်”

အဘွားကြီးစကားကြောင့် လှိုင်းအိဖြူပင် မျက်ရည်များ ဝဲလာရပြီး ချစ်သူအပေါ် လေးစားမှုတွေတိုးလာခဲ့ရသည်။

ကိုယ် ရွေးချယ်တဲ့အလုပ်အပေါ် ထိုက်ထိုက်တန်တန် ပေးဆပ်တတ်တဲ့ ချစ်သူ၊ မတရားမှုဆိုရင် ကိုယ်နဲ့ ဆိုင်ဆိုင် မဆိုင်ဆိုင် ဝင်ကူညီတတ်တဲ့ချစ်သူ၊ ဒုက္ခရောက်နေတဲ့ လူဆင်းရဲသားများအပေါ် ဖေးမစောင့်ရှောက်တတ်တဲ့ ချစ်သူ…။

တနည်း ယောကျ်ားကောင်းတစ်ယောက်ရဲ့ အနှိုင်းမဲ့ အရည်အချင်းများ။



ခပ်အေးအေးနေတတ်တဲ့ စာရေးဆရာ ညိုလွင်မှိုင်းပင် လူငယ်စာရေးဆရာတစ်ယောက်ရဲ့ အရည်အချင်းနဲ့လုပ်ရပ်အပေါ် မှင်တက်အံ့သြမဆုံးနိုင်တော့ချေ။

နံဘေးက ဆေးရိုးသည်လို ကန့်လန့်ကန့်လန့်လိုက်နေတဲ့ အမိတာဘာဂျမ်းဆိုလျှင် သူငယ်ချင်းဖြစ်သူအတွက် ဆိုဖွယ်ရာ မရှိတော့…။

“ငါကတော့ မလှိုင်းအိဖြူကို ချစ်သူအဖြစ်တင်မကဘူး အိမ်ထောင်ဖက်အဖြစ်ပါ ရွေးချယ်စေချင်တာ…။ မင်းက နေရာတကာ စပ်စပ်စုစု နိုင်တတ်တဲ့အကောင် ဝတ္ထုရေးဖို့ ကုန်ကြမ်းအတွက်ဆို အသက်တောင် ဂရုစိုက်တာမဟုတ်ဘူး။ ဒီတော့ မင်းလုပ်တဲ့ အရှုပ်ထုပ်မှန်သမျှကို အခုလို အချိန်မီ ဖြေရှင်းပေးမယ့် အထိန်းအကွပ်တစ်ယောက်တော့ လိုတာအမှန်ပဲ…။ မဟုတ်ဘူးလားဗျာ…နော…”

“အို…ဘာမှန်းလည်း မသိဘူး…”

လှိုင်းအိဖြူ မျက်နှာ ‘ရဲ’ကနဲ ဖြစ်သွားသည်။

ဘာမှန်းလည်း မသိ။

ပြောချင်ရာတွေပြောပြီး ထွက်သွားသည်။ အားနာလို့ ရှောင်ပေးသွားတာလည်း ဖြစ်မှာပေါ့…။

တာဝန်တွေ၊ ဂျူတီတွေအားလုံးကတော့ ပြီးဆုံးသွားလေပြီ။

ကျန်တာဆိုလို့ ကိုယ်ရေးကိုယ်တာကိစ္စသာ ရှိလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



အမှုလိုက်ရင်းနဲ့ မတော်တဆရခဲ့ရတဲ့ချစ်သူ။ ဒိတ်ဒိတ်ကျဲ စာရေးဆရာလေး အံ့မခန်းနဲ့အခုလို မြက်ခင်းစိမ်းစိမ်းက ခုံတန်းလျားလေးမှာ နှစ်ယောက်တည်း ကျန်ရစ်ခဲ့ရတာ ရင်ခုန်စရာလည်း ကောင်း၏။

ချစ်သူကို နှစ်နှစ်ကာကာလည်း ချစ်မိနေပြီ။

"လှိုင်း…"

"ဟင်…"

"လှိုင်းကို…အရမ်း…ချစ်…တယ်…"

ဟိုး အဝေးက အတောင်ပံခတ်ပြီး ပျံသန်းလာတဲ့ လိပ်ပြာတစ်ကောင် မြက်ပင်ရှည်တစ်ပင်မှာ လာရောက် ခိုနားနေသည်ကို သူမ တုန်ယင်စွာ ကြည့်မိနေသည်။

"ကိုယ့်ကို ချစ်သူအဖြစ် ဆက်ပြီးအသိအမှတ်ပြုပါနော်…"

ချစ်သူရဲ့ ရင်ခွင်ထဲ ကြွေဆင်းသွားရချေပြီ…

"ကိုကို အရမ်းချစ်တယ်…"

သူ့ရင်ထဲမှာတော့ လိပ်ပြာတစ်ကောင်ရဲ့ အတောင်ပံခတ်သံကို ဘယ်တော့မှ မေ့နိုင်တော့မည် မထင်…။

ညေး

၄-၁၀-၂၀၁၃

nyayyy@gmail.com

www.facebook.com/Nyay Nyay

www.burmeseclassic.com